


မိတ်ကူးချိုချို
အနုပညာစာပေဆုရ
မောင်ဝိုလ်မွှေး
မြန်မာပုံတိုပတ်စများ
Thawka 2000
တတိယအကြိမ်



စိတ်ကူးချိုချို အနုပညာ
(၈၅)၊ ၁၆၄-လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း - ၅၄၄၁၉၆ / တဆင့်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိတ်ကူးချိုချို စာအုပ် - ၁၂

# မြန်မာပုံတိုပတ်စများ

(အနုပညာစာပေဆုရ)

မောင်မိုလ်မွှေး

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ
တတိယအကြိမ်

စာမူခွင့်ပြုချက်အမှတ် ၅၀/၉၉(၀၂)
မျက်နှာဖုံးခွင့်ပြုချက် ၃၈/၉၉(၀၂)

မျက်နှာဖုံးနှင့်အတွင်းပုံ
ပုံနှိပ်သူ
သော်ကာ
ဦးကျော်ဌေးမင်း
(၀၅၉၉၂)
ဗိုအိုဝ်အော့ပုံနှိပ်တိုက်
၂၅၆ ဆိပ်ကမ်းသာလမ်း၊
ရန်ကုန်။

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (မြဲ ၀၁၂၉၉)
တိုင်းလင်းစာပေ
အမှတ် ၈/၆၅၊ အုပ်စု (၃)
အောင်သိဒ္ဓိလမ်း၊
ဓော်ဘုရားကြီးကုန်း၊ အင်းစိန်။

ပုံနှိပ်ခြင်း
တတိယအကြိမ်
ဇန်နဝါရီလ၊ ၂၀၀၀ ပြည့်နှစ်

အုပ်ရေ
၁၀၀၀

# စိတ်ကူးချိုချိုတိုက်ထုတ် စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | စိတ်ကူးယဉ်ပြောစာစီစာကုံးများ (စတုတ္ထအကြိမ်) | ၁၅၀ ကျပ် |
| ၂။ | ခင်မောင်ညို (တောဂလေး) | သင့်ရောဂါသည်ကိုဘယ်လိုဆက်ဆံမလဲ (လူနာတို့များ စက်ရုံအလုပ်ရုံများ အရောင်းဆိုင်များနှင့် လုပ်ငန်းသုံးလက်စွဲသဖွယ် အသုံးပြုလိုသူများအတွက် အုပ် ၂၀ အထက် ဝယ်ယူလျှင် ၂၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် တိုက်တွင်တိုက်ရိုက်ဝယ်ယူနိုင်ပါသည်။) | ၇၀ ကျပ် |
| ၃။ | ဇော်ဦး | နာနာဘာဝမေးဆောင်ကား (သရဲ့ရှုမှုတင်းစနိုးဆောင်ပြွတ်ဘောက်) | ၁၅၀ ကျပ် |
| ၄။ | မြင့်စိုးလှိုင် | ငှက်ကလေး (ရာဘင်ဒြာနတ်တဂိုး-ကဗျာများ) | ၂၅၀ ကျပ် |
| ၅။ | ခင်မောင်ညို (တောဂလေး) | ကျွန်းစီးပွား မြန်မာ့စီးပွား (စာရေးသူ၏ စီးပွားရေးအတွေးအမြင် ဆောင်းပါးများ) | ၂၀၀ ကျပ် |
| ၆။ | ဦးကိုသိန်း(စက်မှုတက္ကသိုလ်) | ကလေးတို့ ပြောကြစို့ အင်္ဂလိပ်စကား (ကစ်ကစ်နှင့်တစ်တစ် ပါဝင်သည်) | ၁၅၀ ကျပ် |
| ၇။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | တစ်ဆယ့်နှစ်လရာသီ စာစီစာကုံးများ (ဒုတိယအကြိမ်) | ၁၅၀ ကျပ် |
| ၈။ | ခင်မောင်ညို (တောဂလေး) | မန်စနေရှာသုံးယောက် (နိုင်ငံတကာစီးပွားရေးလျှာနယ် စာမျက်နှာ-၃ ဆောင်းပါးများ) | ၂၀၀ ကျပ် |
| ၉။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | စာရည်မှုစာစီစာကုံးများ (အလယ်တန်းဆင့် ဒုတိယအကြိမ်) | ၁၀၀ ကျပ် |
| ၁၀။ | မြင့်စိုးလှိုင် | ကျွန်မသာချစ်သော အသားတကာကယ်ထဲက (ရာဇဝင်၏ လူ့ဘဝ အကောင်းနှင့် အဆိုးကြား နေထိုင်ကျင့်ကြံနည်းများ) | ၁၅၀ ကျပ် |
| ၁၁။ | မြင့်စိုးလှိုင် | ချစ်သူ့လက်ဆောင် (ဒုတိယအကြိမ်) (ရာဘင်ဒြာနတ်တဂိုး၏ Lover's Gift) | |
| ၁၂။ | မောင်စိုးဝင်းမွှေး | မြန်မာ့ရိုးရာ ပုံပြင်များ (အနုပညာ စာပေဆုရ စာအုပ်၊ ဒုတိယအကြိမ်) | |
| ၁၃။ | ခင်မောင်ညို(တောဂလေး) | သင်ဘယ်လောက်တောင်မြင့်မြင့်သလဲ သင်ဘယ်လောက်တောင်မြင့်နိုင်မလဲ (တောင်တိကျွန်း၏ အတွင်းသရုပ်ဖော်ပုံများဖြင့်) | |
| ၁၄။ | မြင့်စိုးလှိုင် | ဆန်းစစ်သော်တာ (ရာဘင်ဒြာနတ်တဂိုး - ကဗျာများ) | |
| ၁၅။ | သော်တာဆွေ | တောသူရစ်တီနှင့် အမြဲစဉ်ပုံပြင်များ | |
| ၁၆။ | မောင်ဆိုက် | ဝင်တန်းများ - လူ့ဝယ်တာ | |
| ၁၇။ | မောင်ဆိုက် | အမှန်တရား မြတ်နိုးခြင်း | |
| ၁၈။ | ဓါတ်တာမယ်ယဉ်ပွင့်ဖြူ | ပြီးပြည့်စုံသော အလှအပ၏ လျှို့ဝှက်ချက်များ | |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပါရဂူ၏ အမှာ | ၉ |
| ၂။ | စာရေးသူ၏အမှာ | ၁၁ |
| ၃။ | ယစ်ရွှေရည်ပန်းဆိုးဆရာ၏ ဇာတိမာန် | ၁၃ |
| ၄။ | ရောက်တိရောက်ရာ စေတနာ | ၁၅ |
| ၅။ | မကြားဖူးသော စကားဆိုတတ်သူ | ၁၇ |
| ၆။ | စည်းလုံးညီညာအောင်ကြောင်းသော | ၂၀ |
| ၇။ | ရွှေဖြစ်ငွေဖြစ်နည်း | ၂၃ |
| ၈။ | ဝန်ကိုရှိသေသောဘုရင် | ၂၆ |
| ၉။ | မေတ္တာ၏ တုံ့ပြန်မှုသဘော | ၂၈ |
| ၁၀။ | ကြွယ်ဝတဲ့မြန်မာစကား | ၃၀ |
| ၁၁။ | မီးယပ်ဆေးကို တေးဖြစ်အောင်ဆိုတတ်သူ | ၃၀ |
| ၁၂။ | တက္ကသိုလ်ဆရာကြီး၏ စကားသုံးစွန်း | ၃၆ |
| ၁၃။ | အရည်အချင်းရှိ၍ အမတ်ဖြစ်ရသူ | ၃၈ |
| ၁၄။ | မေတ္တာတန်ခိုး မြေထိုး၍မရ | ၄၀ |
| ၁၅။ | သူ့ကိုငါရှက် ငါလျှင်ပျက်၏ | ၄၂ |
| ၁၆။ | ဉာဏ်ထက်သောသူကြီး | ၄၄ |
| ၁၇။ | ပညာရှိစာဆို | ၄၆ |
| ၁၈။ | ပညာမဲ့၍ နောက်လိုက်လုပ်ရသူ | ၄၈ |
| ၁၉။ | သစ္စာရှိသူမိုး | ၅၂ |
| ၂၀။ | တရားခံဖော်ထုတ်ပေးသည့်သူကြီး | ၅၄ |
| ၂၁။ | နိုးအလွန်း၍ အလိမ်ခံရသူ | ၅၆ |
| ၂၂။ | လိမ္မာ၍ ချမ်းသာသော သတို့သမီး | ၅၈ |
| ၂၃။ | လုချင်လွန်း၍ အရှုပ်ဆိုးရသူ | ၆၀ |
| ၂၄။ | အကြံကောင်း၍ သက်သာသောအစ်ကို | ၆၂ |
| ၂၅။ | ပညာရှိ ပရိယာယ် | ၆၄ |
| ၂၆။ | လိမ္မာပါးနပ်၍ ဆုလာဘ်ရသူ | ၆၈ |

၂၇။ အကြံပိုင်၍ ကြွေးပြန်ရခြင်း ၇၀
၂၈။ မစင်နှင့် ပဲပုပ်မှားသူ ၇၂
၂၉။ အသက်ကြီးသော်လည်း အမြဲရဲရင့်သည့်ဘုရင်ကြီး ၇၄
၃၀။ ရောင့်ရဲ၍ ပျော်ရွှင်ရခြင်း ၇၆
၃၁။ အများအကျိုးဆောင်၍ အသက်ရှည်ရသောမင်းသား ၇၈
၃၂။ ပြဿနာတိုင်း ဖြေရှင်းတတ်သော အမတ်ကြီး ၈၀
၃၃။ ရဲရင့်သူ အမတ်ကြီး ၈၂
၃၄။ ငယ်သာငယ် တယ်တွယ်တဲ့ဘုရား ၈၄
၃၅။ ဒိသာပါမောက္ခနှင့် လက်စားချေလိုသည့်တပည့် ၈၆
၃၆။ အနုပညာပြိုင်ပွဲ ၈၉
၃၇။ သဒ္ဓါတရားနှင့် ပြည့်ဝသောအလှူ ၉၄
၃၈။ တွေးခေါ်ဆင်ခြင်တတ်၍ သက်တော်ရှည်ရာထူးရသူ ၉၆
၃၉။ သည်းခံသင့်မှခံရသည် ၉၈
၄၀။ ကျေးဇူးသိတတ်သူ ၁၀၀
၄၁။ သတိကောင်းသော အမတ်ကြီး ၁၀၂
၄၂။ သူရွှေနှင့်အစားကြူးသည့်ဘုရင်ကြီး ၁၀၄
၄၃။ မသိလို့မေးတာပါ ၁၀၈
၄၄။ အရှက်ကို အသက်ထက်တန်ဖိုးထားသူ ၁၁၀
၄၅။ စဉ်းစားကောင်းတုန်း မြင်းဘုံးခံရ ၁၁၂
၄၆။ ငွေမြင်မှ အရုပ်ရှိသေသော မယား ၁၁၄
၄၇။ ယောင်သုံးဆယ်နှင့်လူ ၁၁၆
၄၈။ နာမည်ကောင်းရွေးသူ ၁၁၈
၄၉။ သူခိုးချွတ်သူအပျိုကြီး ၁၂၀
၅၀။ ဥပါဒါန်ကြောင့် ဥပဒ်ရောက် ၁၂၂
၅၁။ ဒုက္ခသိလိုသူ မျောက်ကြီး ၁၂၆
၅၂။ နေရာမရွေး စကားကြီးစကားကျယ်ဆိုမိသောဖားငယ် ၁၂၈
၅၃။ အဆွေခင်ပွန်းကောင်း ဖွဲ့တတ်သည့်ကြွက်မ ၁၃၀
၅၄။ ပြဿဒါးနှင့် ရက်ရာဇာ ၁၃၂
၅၅။ ငါ့ဘုရားမှ ငါ့ဘုရား ၁၃၄

၅၆။ မိန်းမ ဆုံးမတတ်သူ ၁၃၆
၅၇။ စကားရှည်လွန်းသော အမတ်ကြီး ၁၃၈
၅၈။ ငါဘဲစဉ်းစားတော့မယ်ကွာ ၁၄၀
၅၉။ လပြည့်ကျော် ၆ ရက် ဒီထက်စက်ဦးမည် ၁၄၄
၆၀။ တစ်ခါသာရမယ် တူမကြီးရေ ၁၄၅
၆၁။ မခမ်းမကလေးတွေ ၁၄၇
၆၂။ အမြော်ကောင်းသူ ၁၄၉
၆၃။ ဆရာဆို ပိုဆိုးမှာပေါ့ ၁၅၀
၆၄။ မန္တလေးစကားတယ်စက် ၁၅၄
၆၅။ ထင်းစုတော်ကောင်း ၁၅၆
၆၆။ အသက်မှန်သိအောင် စူးစမ်းတတ်သောလူပျိုကြီး ၁၇၅
၆၇။ ထောင်းတဲ့လူ ဆုံကျိုးနိုး ၁၅၈
၆၈။ မြွတ်တို့ရကောင်းမလား ၁၆၂
၆၉။ ကုန်ရုံမကလို့ ချမ်းသေသေ ၁၆၄
၇၀။ အေးအေးနှင့် အနိုင်ယူသောအဖိုးတို့ ၁၆၅
၇၁။ အဝတ်အစား ၁၆၇
၇၂။ ဘူးဝါးကွမ်းကွပ် ၁၆၈
၇၃။ ပိုးပုဆိုးမက်သူ ရွှေအ ၁၇၀
၇၄။ ကမ္ဘာ့အစပ်ကောင်းသော အမတ်ကြီး ၁၇၂
၇၅။ တောက်တဲ့ဟောလို့ နေ့ခင်းကျေနေပြီ ၁၇၄
၇၆။ ဥပုသ်စောင့်တတ်မှ နတ်ပြည်ရောက်မည် ၁၇၈
၇၇။ စက်တော်ခေါ်သော တောသား ၁၈၀
၇၈။ ပွတ်(ရှ) ဟင်းခေါင်း ၁၈၂
၇၉။ မယ်ဝမှာအဆေ စိတ်ကူးယဉ်ပုံ ၁၈၄
၈၀။ အကြံပိုင်သော လေ့သူကြီး ၁၈၅
၈၁။ သူကျစ်တာလေ ၁၈၈
၈၂။ ကျွပ်တောင် ရွှေချင်လာပြီ ၁၉၁
၈၃။ လင်းမြွေမြည်တာကွ ၁၉၃
၈၄။ ရှကွစိုးနှင့် မိန်းမကြမ်း ၁၉၄

ဤလောကကြီးသည် ပုံဝတ္ထု ကမ္ဘာလောကကြီး ဖြစ်သည်။ ကမ္ဘာကြီးအတွင်း မည်သည့်နိုင်ငံ၌မဆို ပုံဝတ္ထုရှိသည်။ မည်သည့် လူမျိုး၌မဆို ပုံဝတ္ထုခေတ်စားသည်။ မည်သည့် ဘာသာစကား၊ မည်သည့် စာပေ၌မဆို ပုံဝတ္ထုရှိသည်။ ပါဠိဘာသာ၌ 'အတီတေ' ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာ၌ 'ဝမ်းစ်အပွန်အေတိုင်း' ဟူ၍ လည်းကောင်း၊ ဂျပန်ဘာသာ၌ 'မုခရှိ' ဟူ၍ လည်းကောင်း၊ မြန်မာဘာသာ၌ 'ရှေးရှေးတုန်းက' ဟူ၍လည်းကောင်း အခြားဘာသာစကားတို့၌လည်း သူ့နည်းသူ့ဟန်၊ သူ့စကားလုံးများဖြင့် လည်းကောင်း ပုံဝတ္ထု၏ အချီးနိဒါန်းအတွက် အသီးသီးကိုယ်ပိုင် ဝေါဟာရစကားများ ရှိနေခြင်းကို ထောက်၍ ကမ္ဘာပေါ်၌ ပုံဝတ္ထုမည်မျှ ပြန့်ပွားထွန်းကားသည်ကို သိရှိနိုင်ပါသည်။

လူသားသည် ပုံဝတ္ထုကို နှစ်သက်သည်။ 'အူဝဲ' ဟူ၍ လူ့လောကထဲရောက်ရှိလာပြီးနောက် ပြောတတ် နားထောင်တတ်သည့် အရွယ်ရောက်သည်နှင့် တပြိုင်နက် ကလေးသည် မိခင်အား 'အမေပုံပြော' ဟူ၍ ပုံဝတ္ထုပူဆာလေသည်။ မိခင်ကလည်း မိမိရင်သွေး၏ ပုံဝတ္ထုချင်ခြင်းကို 'ဟိုရှေးရှေးတုန်းက' ဟူ၍ အစချီပြီး ဖြည့်တင်းပေးလေသည်။

ကလေးအရွယ်မှစတင်၍ ချင်ခြင်းတပ်ခဲ့သော လူသား၏ ပုံဝတ္ထုချင်ခြင်းသည် ဘဝတစ်လျှောက်လုံး တင်းတိမ်ရောင့်ရဲသွားသည်ဟူ၍ မရှိပေ။ ပုံဝတ္ထုကို ကြိုက်နှစ်သက်ခြင်းသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်တွင်သာ ခေတ်စားသည့်ဓလေ့ဖြစ်သည်။ ထို့ကြောင့် ပုံဝတ္ထု သမိုင်းကိုကြည့်လျှင် ကွယ်ဝများပြားသော ရှေးဟောင်း အီဂျစ်ပုံပြင်၊ အိန္ဒိယပုံပြင်၊ ဟီးဘရူးပုံပြင်၊ တရုတ်ပုံပြင်၊ အီတလီပုံပြင်၊ အာရပ်ပုံပြင် တို့သည် ရှေးပဝေဏီခေတ်ကစပြီး လူများ ပုံဝတ္ထုကို မည်မျှစိတ်ဝင်စားသည် ဆိုသည့်အချက်ကို သက်သေသာဓက ဆောင်နေပေသည်။

မြန်မာနိုင်ငံ၌လည်း ပုံဝတ္ထုသည် အထူးခေတ်စားခဲ့ပေသည်။ ပုံဝတ္ထုသည် မိခင်က မိမိရင်သွေးအား ချော့မော့နှစ်သိမ့်စေသည့် ကိရိယာ လက်နက်တစ်ခု ဖြစ်ခဲ့သည်။ မိခင်သည် မိမိသားငယ် အငိုတိတ်အောင် 'ရွှေယုန်ရွှေကျား' နှင့် ချော့ခဲ့သည်။ မိမိသမီးငယ် အိပ်ပျော်အောင် 'ငပျင်းပုံ' ဖြင့် သိပ်ခဲ့သည်။ မြန်မာ့ကလေးများသည် မွေးကတည်းက ပုံဝတ္ထုနှင့် ရင်းနှီးလာခဲ့သည်။ မွေးကတည်းက ရင်းနှီးခဲ့သော ပုံဝတ္ထုသည် အရွယ်ရောက်လာသည့်

တိုင်အောင် စိမ်းမသွားပေ။ သို့သော် ပုံကြိုက်သော ကလေးများအတွက် ယနေ့ အခြေအနေအရ ပုံဝတ္ထု လုံလုံလောက်လောက် မရှိပေ။ မြန်မာစာပေ လောက၌ ကလေးသူငယ်များကို အာရုံပြု၍ ပြုစုသောစာပေ ထွန်းကားသင့် သလောက် မထွန်းကားသေးပေ။

ယင်းအခြေအနေ၌ ကလေးသူငယ်များကို အာရုံပြု၍ ပုံဝတ္ထုပြုစု သော စာရေးဆရာများ အနည်းအကျဉ်း ပေါ်ပေါက်လာလေသည်။ ယင်း အနည်းအကျဉ်းထဲတွင် 'မောင်ဗိုလ်မွေး'သည် တစ်ဦးတစ်ယောက်အဖြစ် ပါဝင် လာသည်။

အကြမ်းဖျင်းအားဖြင့် ပုံဝတ္ထုသည် နှစ်မျိုးနှစ်စားရှိသည်။ ပထမ အမျိုးအစားမှာ စိတ်ဝင်စားစရာ ဇာတ်လမ်းသက်သက်ကိုသာ ပြောပြသည့် ပုံဝတ္ထုမျိုးဖြစ်သည်။ ဒုတိယ အမျိုးအစားမှာ စိတ်ဝင်စားဝရာ ဇာတ်လမ်း သက်သက်မျှသာ မကဘဲ အဆုံးအမ ဥပဒေသ ပေးလိုသည့် ရည်ရွယ်ချက် ဖြင့် ဖန်တီးထားသည့် ပုံဝတ္ထုမျိုးဖြစ်သည်။ ယင်းပုံဝတ္ထု နှစ်မျိုးလုံး၌ပင် ဇာတ် ဆောင်အဖြစ်ဖြင့် လူပုဂ္ဂိုလ်များ ပါဝင်နေသကဲ့သို့ တိရစ္ဆာန်များလည်း ပါဝင် ကြလေသည်။

ဤစာအုပ်၌ ဖော်ပြထားသော မောင်ဗိုလ်မွေး၏ ပုံဝတ္ထုများမှာ အဆုံးအမ ဥပဒေသ ပေးထားသည့် ပုံဝတ္ထုများသာ ဖြစ်လေသည်။ ယင်း ပုံဝတ္ထုများကို ဖတ်ရှုပြီးသည့် အခါ၌ ကလေးသူငယ်များတွင် အဆုံးအမ ဥပဒေသ တစ်ခုခု ကျန်ရစ်နေမည်မှာ အမှန်ဖြစ်သည်။

မြန်မာစာပေလောက၌ ဂန္ထဝင်မြောက်စာပေများ ပေါ်ပေါက်လာရန် အရေးကြီးသကဲ့သို့ပင် ကလေးသူငယ်များအတွက် ပုံဝတ္ထုစာပေ ထွန်းကားလာ ရေးအတွက်လည်း ထပ်တူထပ်မျှပင် အရေးကြီးလေသည်။ အထူးအားဖြင့် ယခုနှစ် ကဲ့သို့သော ကလေးသူငယ်များကို ဂရုဓမ္မထားသည့် နိုင်ငံတကာ ကလေးများနှစ်၌ ကလေးသူငယ်များအတွက် ရေးသားပြုစုသည့် စာပေများ ပေါ်ပေါက်လာရန် ပို၍လိုအပ်ပေသည်။ ယင်းကဲ့သို့ ကလေးသူငယ်များ အတွက် ပုံဝတ္ထုစာပေ လိုအပ်နေသည့် အချိန်ကာလ၌ ထွက်ပေါ်လာသော မောင်ဗိုလ်မွေး၏ ဤ 'မြန်မာပုံတိုပတ်စများ' ပုံဝတ္ထုစာအုပ်သည် ကလေး သူငယ်များ၊ ကျောင်းသားလူငယ်များ၏ လိုအင်ဆန္ဒကို ဖြည့်တင်းနိုင်လိမ့်မည် ဟု ယုံကြည်မိပေသည်။

၁၅၊ ၁၂၊ ၁၉၇၉။ ပါရဂူ

## စာရေးသူ၏ အမှာ

မြန်မာပုံတိုပတ်စများ စာမူသည် ၁၉၆၃ ခုနှစ် အနုပညာစာပေ၊ ကလေးသူငယ်စာပေဆုရပြီး ၁၆ နှစ်ကြာမှ ၁၉၇၉ ခု ဒီဇင်ဘာလတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ နိုင်ပါသည်။ ယခုအခါ စာအုပ်ထုတ်ပြီး ၁၂ နှစ်အရောက်တွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခွင့် ရရှိလာပါသည်။

ပထမအကြိမ်ထုတ်စဉ်က စာအုပ်ဖြစ်မြောက်ရန် ကြိုးပမ်းအားထုတ်ကြသော ရွှေပြည်စိုးပုံနှိပ်တိုက် ဦးအုန်းစိန်၊ ပန်းချီ မင်းအောင်ဇော်၊ နောင်ရိုး စာပေ ဦးကျော်တင့်တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပါသည်။ ဒုတိယအကြိမ် ထုတ်ဝေခွင့် ရရှိသောအခါ ပန်းချီမင်းအောင်ဇော်မှာ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ရန်စီစဉ်နေဆဲ ကားတိုက်ခံရ၍ ကွယ်လွန်ခဲ့ပြီဖြစ်၏။ ဦးအုန်းစိန်နှင့် ဦးကျော်တင့်တို့သည်လည်း စာပေလောကနှင့် အဆက်ပြတ်နေပါသည်။

စာရေးသူကိုယ်တိုင်လည်း ပညာရေးဝန်ထမ်း တစ်ဦးအနေဖြင့် အားလပ်မှုမရှိ၍ စာပေနှင့် ကင်းဝေးနေရာမှ ဒုတိယအကြိမ် ထုတ်ဝေခွင့်ရသောကြောင့် စာအုပ်ဖြစ်မြောက်ရန် အားထုတ်သူ ဦးမြင့်စိုးလှိုင်အား ကျေးဇူးတင်ပါသည်။ ဤစာအုပ်ရေးဖြစ်ရန် အားပေးပြီး အမှာစာချီးမြှင့်သူ ဆရာပါရဂူကိုလည်း ဒုတိယအကြိမ်ထုတ်တွင် ကျေးဇူးတင်ကြောင်း ထပ်မံဖော်ပြလိုပါသည်။

မြန်မာပုံတိုပတ်စများ စာအုပ်သည် ကလေးသူငယ်များ၏ လိုအင်ဆန္ဒကို ဖြည့်တင်းပေးနိုင်ပြီး အကျင့်စာရိတ္တပြုပြင်ရေးကို အထောက်အပံ့ပြုနိုင်မည်ဆိုလျှင် စာအုပ် ဒုတိယအကြိမ် ထုတ်ခွင့်ရကျိုး နပ်ပြီဟု ဆိုချင်ပါသည်။

မောင်ဗိုလ်မွှေး



# ယစ်ရွှေရည် ပန်းချီဆရာ၏ဇာတိမာန်

ရှေးအခါက မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံ တစ်ခုနှင့် ပြည်ထောင်အချင်းချင်း ရွှေလမ်းငွေလမ်းခင်း၍ အနူးအညွတ် ဆက်ဆံကြ၏။ ထိုသို့ ဆက်ဆံရာတွင် ပညာရှိ သံတမန်များနှင့် လက်ဆောင်ပဏ္ဏာများသာ မကပဲ မိမိတို့ ကျွမ်းကျင်သည့် အနုပညာရပ်များကိုပါ အသုံးပြု၍ ပြသ၍ မိတ်ဆက်လေ့ရှိ၏။

တစ်ရံရောအခါ မြန်မာနိုင်ငံ အိမ်နီးချင်းနိုင်ငံ တစ်ခုမှ အနုပညာအဖွဲ့တစ်ဖွဲ့ ဆိုက်ရောက်လာလေ၏။ ထိုအနုပညာအဖွဲ့၌ ပန်းချီဆရာကြီး တစ်ယောက် ပါရှိလာ၏။ နိုင်ငံခြား ပန်းချီကျော်သည် အတန်ကြီးသော ပိတ်ကားတစ်ခုကို ထောင်စေ၍ အနီးရှိဆေးခွက်၌ စုတ်တံကို တစ်ချက်မျှ နှစ်ပြီးလျှင် ပိတ်ကားရှေ့တွင် လွှားကနဲခုန်လျှက် အောက်သို့ခြေမကျမီအတွင်း ပိတ်ကားပေါ်တွင် အချိုးကျကျ ပီသလှသော အရုပ်တစ်ခုကို တစ်ကြောင်းဆွဲဖြင့် ရေးခြစ်ပြလိုက်ရာ မြန်မာဘုရင်မင်းမြတ်နှင့် မြန်မာပရိသတ်မှာ နိုင်ငံခြားပန်းချီကျော်၏ လက်စွမ်းကို ရင်ပတ်စည်တီး အံ့သြချီးမွမ်းမဆုံး ဖြစ်ရလေ၏။

မြန်မာဘုရင်ကြီးသည် နိုင်ငံခြားပန်းချီကျော်နှင့် ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ် မြန်မာနိုင်ငံတွင် ရှိမရှိဟူသော သဘောဖြင့် မြန်မာပန်းချီကျော်များဖက်သို့ လှည့်လည် ရှုစားလိုက်လေသည်။ မြန်မာပန်းချီကျော်များအနက် သေရည်

အမြဲယစ်လျက်နေသော ပန်းချီဆရာကြီးတစ်ဦးမှာ ဇာတိမာန် လှုံ့ဆော်လာ၍ 'ကျွန်တော်မျိုးလည်း ဤ ပန်းချီဆရာကြီးကဲ့သို့ပင် ရေးဆွဲနိုင်ပါသည်ဘုရား' ဟု လျှောက်တင်လေ၏။

ဘုရင်မင်းမြတ်လည်း နှစ်ထောင်းအားရသည်ဖြစ်၍ နိုင်ငံခြားပန်းချီဆရာကြီးကဲ့သို့ပင် ပိတ်ကားကြီး၌ မြန်မာပန်းချီဆရာကြီးအား ပန်းချီရေးဆွဲခွင့် ပြုလိုက်လေ၏။ ဤတွင် ယစ်ရွှေရည် မြန်မာ ပန်းချီဆရာကြီးသည် စုတ်တံမပါပဲ ဆေးခွက်၌ လက်ငါးချောင်းနှစ်ကာ ပိတ်ကားရှေ့တွင် လွှားကနဲခုန်လိုက်လေ၏။ အောက်သို့မကျမီ အချိန်အတွင်း ပိတ်ကားပေါ်တွင် လက်ငါးချောင်းဖြင့် အရုပ်ငါးရုပ်ကို ရုတ်ချည်းရေးဆွဲလိုက်ပြီး 'ခုဆွဲတာ တီငါးကောင်' ဟု ကျယ်လောင်စွာ အော်ဟစ်ပြောဆိုလိုက်၏။

တခ်ဏုပွတ္တိဉာဏ် ထက်သန်လှသော မြန်မာ ပန်းချီကျော်၏ လက်စွမ်းကို ရှုမြင်လိုက်ရသည်တွင် နိုင်ငံခြားပန်းချီဆရာနှင့် အနုပညာ အဖွဲ့ဝင်များက "ကျွန်ုပ်တို့၏ ပန်းချီကျော်မှာ တစ်ခုန်တည်းဖြင့် အရုပ်တစ်ရုပ်သာ ရေးဆွဲနိုင်ပါသည်။ မြန်မာပန်းချီကျော်မှာမူ တစ်ခုန်တည်း၌ အရုပ်ငါးရုပ်ရေးဆွဲနိုင်၍ အံ့ဖွယ်သရဲ ရှိလှပါပေသည်" ဟူ၍ ချီးကျူးဝန်ခံလေ၏။

ဤသို့ ပညာသည်ချင်း၏ ချီးကျူးသည့်အဖြစ်ကို ကြားသိရသော ဘုရင်မင်းမြတ်သည် "သေသောက်ကြူးပေမယ့် ဇာတိသွေးလှုံ့ဆော်တော့ တော်သားပါလား" ဟု မြန်မာ ပန်းချီဆရာကြီးကို ချီးမွမ်း၍ ဆုလာဘ်များ ပေးသနားတော် မူလေသတည်း။

ဆောင်ပုဒ် -

ဇာတိသွေးမာန်
လွန်ထက်သန်
အကြံကောင်းစမြဲ။

# ရောက်တိ ရောက်ရာ စေတနာ

တောရွာတစ်ရွာ၌ သူဆင်းရဲ ထင်းခွေသမားတစ်ယောက်ရှိ၏။ ထိုသူ၏ ဇနီးမှာ စိတ်သဘောထား ကောင်းမွန်သူဖြစ်၏။ ထင်းခွေသမား လင်မယားသည် တစ်နေ့လုပ် တစ်နေ့စားသာဖြစ်၍ ဥပုသ်သီတင်းသီလ မဆောက်တည်နိုင်ဘဲ ရှိချေ၏။ တစ်နေ့၌ အခါရက် တစ်ရက်နှင့် ကြုံကြိုက်၍ ဇနီးသည်က အနီးရှိ မြို့မှ တန်ခိုးကြီးစေတီအား သွားရောက်ဖူးမြော်ရင်း ဥပုသ်သီတင်း တည် ဆောက်လိုသည်ဟု ခင်ပွန်းသည်အား ပြော၏။ ထင်းခွေယောကျ်ားက ‘တို့ လင်မယား တစ်နေ့လုပ်မှ တစ်နေ့စားရတာ၊ အူမ မတောင့်လို့ သီလမစောင့် နိုင်ဘူး၊ နှစ်ယောက်စလုံးမြို့ကိုသွားတော့ မဖြစ်ဘူး၊ ငါ အလုပ်လုပ်မယ်၊ မင်းက ရောက်ဖူးရှိအောင် လူကြုံနဲ့ ဘုရားဖူးလိုက်သွားပေါ့’ ဟု ဆိုသဖြင့် ဇနီးသည်လည်း သဘောတူညီကာ လူကြုံကောင်းသည်နှင့် တန်ခိုးကြီးစေတီ ဖူးမြော်ရန် မြို့သို့လိုက်လာခဲ့လေ၏။

မြို့ပေါ်ရှိ တန်ခိုးကြီးစေတီသို့ ရောက်လျှင် ဘုရားရင်ပြင်ပေါ်မှ ရဟန်းတစ်ပါးထံတွင် သီလယူကြလေ၏။ သို့ရာတွင် ထင်းခွေယောကျ်ား၏ ဇနီးသည်မှာ သီလပေးမဆိုတတ်သဖြင့် ‘ဘုရား၊ ဘုရား’ ဟူ၍သာ နှုတ်မှလိုက် ဆိုရှာ၏။ ထို့နောက် ဘုရားရင်ပြင်တော်၌ ရွှာမှချမ်းသာကြွယ်ဝသူ မြေပိုင်ရှင် သူဌေးကတော်ကြီး ပုတီးစိတ်နေသည်ကို တွေ့ရှိသဖြင့် မိမိလည်း ပုတီးစိပ် လိုသောသောဆန္ဒ ပေါ်ပေါက်လာလေ၏။ ထို့ကြောင့် သူဌေးကတော်ကြီး ထံသို့ကပ်ကာ ‘သူဌေးကတော်ကြီးရယ် ပုတီးဘယ်လို စိပ်ရမယ်ဆိုတာ သင် ပေးစမ်းပါ၊ ကျုပ်လဲ ပုတီးစိပ်ချင်လို့ပါ’ ဟု ဆို၏။ သူဌေးကတော်ကြီးသည် ဟန်ပန် မျက်နှာထားဖြင့် မကြားသလို ပြုလုပ်နေ၏။ ထင်းခွေသမားဇနီးသည် က ပုတီးစိပ်သင်ပေးပါရန် ထပ်မံပြောကြားမှ ‘ညည်းတို့က ပုတီးတောင် မစိပ်တတ်ဘဲ ဥပုသ်စောင့်ချင်တာကိုး၊ ရပါလိမ့်မယ် ကုသိုလ်တွေ’ ဟု ပြော ဆိုပြီးမှ ‘ဒီလောက် ပုတီးစိပ်ချင်ရင် ရောက်တိ ရောက်ရာ၊ ရောက်တိ ရောက် ရာလို့ စိပ်ပေါ့အေ’ ဟူ၍ ဆိုလေ၏။

ထင်းခွေယောကျ်ား၏ ဇနီးသည်လည်း သူဌေးကတော်ကြီး သင်ကြားပေးသည်ကို အဟုတ်ထင်မှတ်ကာ သဒ္ဓါကြည်ညိုစွာဖြင့် 'ရောက်တိရောက်ရာ၊ ရောက်တိ ရောက်ရာ' ဟူ၍ ရေရွတ်ကာ ပုတီးစိပ်လေ၏။ ထင်းခွေယောကျ်ား၏ ဇနီးသည် ပုတီးစိပ်နေသည့် အနား၌ မြွေတွင်းတစ်တွင်းရှိ၏။ ထိုမြွေတွင်း၌ မြွေသူတော်ကောင်း နေထိုင်၏။ ထို မြွေသူတော်ကောင်းသည် အခါရက်များ၌ ဉပုသ်သီတင်းသီလ ဆောက်တည်ပြီး မကောင်းသူကိုပယ်၊ ကောင်းသူကို ကယ်တင်လေ့ရှိ၏။ မြွေသူတော်ကောင်းလည်း ထင်းခွေယောကျ်ား၏ ဇနီးသည်စိတ်သဘောကို နှစ်သက်သဘောကျ၍ 'ဒီ သူငယ်မလေးဟာ ရတနာသုံးပါးကို အမှန်ကြည်ညိုလေးစားသူ ဖြစ်တယ်၊ ဒီလို စိတ်သဘောကောင်းတဲ့သူမျိုး ကူညီလေမှပဲ' ဟူ၍ နှလုံးသွင်းကာ မြွေတွင်းထဲ၌ရှိ ငွေများကို ထင်းခွေယောကျ်ား ဇနီးသည်အနား၌ တစ်ခုစီပုံချထားလေ၏။

ထင်းခွေသမား ဇနီးသည်လည်း 'ရောက်တိရောက်ရာ' ဟူ၍ မျက်စိမှိတ်အာရုံပြုကာ ပုတီးစိပ်နေရာမှ အမိဋ္ဌာန်စေ့သဖြင့် မျက်စိဖွင့်ကြည့်လိုက်ရာ ငွေပုံကိုတွေ့ရှိ၍ အံ့သြသွားလေ၏။ သို့သော် 'ထိုက်တန်လို့ရတဲ့ငွေပဲ' ဟူ၍ ယူဆကာ ငွေပုံကိုယူပြီး အိမ်သို့ဝမ်းသာအားရစွာဖြင့် ပြန်သွားလေ၏။

ထင်းခွေယောကျ်ားဇနီးသည် သတင်းကို ကြားသိလေလျှင် မြေပိုင်ရှင်သူဌေးကတော်ကြီးလည်း လောဘဇောတိုက်ကာ ဘုရားသို့သွားရောက်၍ ထင်းခွေယောကျ်ားဇနီးသည် ပုတီးစိပ်ခဲ့သည့် မြွေတွင်းအနီး၍ ထိုင်လေ၏။ ထို့နောက် 'ရောက်တိရောက်ရာ၊ ရောက်တိရောက်ရာ' ဟူ၍ မျက်စိမှိတ်ဟန်ဆောင်ပြီး ပုတီးစိပ်လေ၏။ မြွေကြီးလည်း 'ဒီလောက် လောဘဇောတိုက်တဲ့ မိန်းမကြီး လူပြည်ထားလဲ အပိုနေမယ်' ဟု သဘောထားကာ ပေါက်သတ်လိုက်ရာ သူဌေးကတော်ကြီးမှာ 'ရောက်တိရောက်ရာ၊ ရောက်တိရောက်ရာ' ဟူ၍ ရေရွတ်ရင်း အသက်ပျောက်ရလေသတည်း။

ဆောင်ပုဒ် -

စေတနာတန်ခိုး
သဒ္ဓါတိုး
အကျိုးပေးမည်မှတ်။

# မကြားဖူးသောစကား ဆိုတတ်သူ

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် တောင်ပြင်သူဌေးနှင့် မြောက်ပြင်သူဌေး ဟူ၍ သူဌေးနှစ်ယောက် အထင်အရှားရှိ၏။ တောင်ပြင်သူဌေးသည် နေ့စဉ်နှင့် အမျှ အတိုင်းအဆမရှိ အလှူဒါနပေးသည်ဖြစ်၍ အချိန်ကြာညောင်းသော် အတွင်းပစ္စည်းများကုန်ကာ ဆင်းရဲဒုက္ခရောက်ရလေ၏။ ထို့နောက် တောင်ပြင်သူဌေးသည် ဆင်းရဲသောဘဝ၌ပင် ကွယ်လွန်အနိစ္စရောက်သည်ဖြစ်၍ ကျန်ရစ်သော သားကလေးမှာ ဘုန်းကြီးကျောင်း၌ ပညာသင်ကြားရင်း ဘုန်းကြီးကျောင်းသားအဖြစ် နေထိုင်ရလေသည်။

မြောက်ပြင်သူဌေး၌လည်း သမီးတစ်ယောက် ထွန်းကားရာ အရွယ်ရောက်သည်တွင် သူဌေးသမီးကို လက်ထက်ထိမ်းမြားရန် လာရောက်စေ့စပ်သူပေါများသည်ဖြစ်၍ မြောက်ပြင်သူဌေးသည် သမီးအား မည်သူနှင့် လက်ဆက်ပေးရမည်ကို စဉ်းစား၍မရနိုင် ဖြစ်လေ၏။ ထို့နောက် မြောက်ပြင်သူဌေးသည် အကြံအစည်တစ်ခုရ၍ 'မိမိ မကြားဖူးသော စကားကို ဆိုတတ်သူအား အယုတ်၊ အလတ်၊ အမြတ်မရွေး သမီးဖြစ်သူနှင့် လက်ထပ်ပေးစားမည်' ဟု ကြေငြာလေသည်။

မြောက်ပြင်သူဌေး၏ သမီးကို ရယူလိုသည့် လုလင်တို့သည် မြောက်ပြင်သူဌေးထံ လာရောက်ကာ စကားဆိုကြလေ၏။ သို့ရာတွင် မြောက်

ပြင်သူဌေးကြားဖူးသော စကားများသာဖြစ်၍ မည်သူမျှ သူဌေးသမီးကို မရဘဲ ဖြစ်နေလေ၏။

တောင်ပြင်သူဌေးသား ဘုန်းကြီးကျောင်းသားလည်း မြောက်ပြင်သူဌေးသမီးအား ရယူရန် မည်သို့ ပြောဆိုရမည်ကို စဉ်းစားတွေးခေါ်ရာ အကြံကောင်းရ၍ မြောက်ပြင်သူဌေးထံသို့ သွားရောက်လေ၏။ ထို့နောက် တောင်ပြင်သူဌေး သားက 'ကွယ်လွန်သွားသော မိမိဘခင် တောင်ပြင်သူဌေးက "မြောက်ပြင် သူဌေးသည် ငါ့ထံမှ ငွေရှစ်ကုဋေနှင့် ရှစ်သန်းချေးထားသည်၊ ငါ့သား ကျပ်တည်းတဲ့အခါ အဲဒီ ငွေရှစ်ကုဋေနှင့် ရှစ်သန်းကို မြောက်ပြင်သူဌေးထံက ပြန်တောင်းလေ"ဟု မှာကြားခဲ့ပါသည်။ ထိုစကားကို ကြားဖူးပါသလား' ဟူ၍ ပြောဆိုလေ၏။

မြောက်ပြင်သူဌေးလည်း ဘုန်းကြီးကျောင်းသားက နတ်စကားထွက်သည် ဆိုကာ အံ့သြနေမိလေ၏။ တောင်ပြင်သူဌေးသား၏ စကားကို ကြားဖူးပါသည် ဆိုကလည်း မြောက်ပြင်သူဌေးသည် တောင်ပြင်သူဌေးသားကို ရှိပစ္စည်းအကုန် ပေးရမည်၊ မကြားဖူးပါ ဆိုလျှင်လည်း ကတိအတိုင်း သမီးဖြစ်သူနှင့် လက်ထက်ထိမ်းမြား ပေးရမည်ဖြစ်၍ အကျပ်ရိုက်နေလေ၏။

သို့သော် 'မင်းမှာ သစ္စာ၊ လူမှာကတိ ဆိုရိုးရှိတယ်၊ ငါ့စကားနဲ့ ငါလွန်နေပြီ၊ ကတိပျက်လို့ မကောင်းဘူး၊ ဒီသူငယ်လဲ အခြားသူမှ မဟုတ်ဘဲ၊ ငါ့မိတ်ဆွေ တောင်ပြင်သူဌေးရဲ့ သားပဲ' ဟူ၍ တွေးတော ဆင်ခြင်ကာ 'မောင်ပြောစကား မကြားဖူးပါ' ဟု ဝန်ခံကာ တောင်ပြင်သူဌေးသား ဘုန်းကြီးကျောင်းသားကို သမီးဖြစ်သူနှင့် လက်ထပ်ထိမ်းမြား ပေးရလေသတည်း။

ဆောင်ပုဒ် -

စကားခြေတင်
ပြောကြလျှင်
အထွင်ကောင်းသူနိုင်။


Thaw Ka

# စည်းလုံးညီညာ အောင်ကြောင်းသာ

တစ်ခါက ထင်းခုတ်သမား တစ်ယောက်ရှိ၏။ သူသည် တောထဲ၌ ထင်းခုတ်နေစဉ် တောဝက်ကလေး တစ်ကောင်ကိုတွေ့၍ အိမ်သို့ယူဆောင်လာကာ ကျွေးမွေးပြုစုထား၏။ ဝက်ကလေး အတန်ကြီးမား၍ ယဉ်ပါးလာသောအခါ ထင်းခုတ်သမားသည် ဝက်ကလေးကို သနားသောကြောင့် တောထဲသို့သွားရောက်လွှတ်လိုက်လေ၏။ ထိုအချိန်ဝယ် ခြင်္သေ့ကြီးတစ်ကောင်သည် တောဝက်များကို နေ့စဉ်တစ်ကောင်ကျ ဖမ်းဆီးစားသောက်နေသဖြင့် တောဝက်များမှာ ခြင်္သေ့ကြီး၏ရန်ကို ကြောက်ရွံ့ကာ အစာကောင်းစွာ ရှာကြံမစားနိုင်ဘဲ ပုန်းအောင်နေရ၍ စိတ်ပင်ပန်းပြီး ပိန်ချုံးနေကြ၏။

ခြင်္သေ့ကြီး၏ ဘေးရန်ကြောင့် ကြုံလှီနေသော တောဝက်များကို ဝက်ယဉ်ကလေးတွေ့လျှင် 'အဘယ်ကြောင့် ဤမျှ ပိန်ချုံးနေရသနည်း' ဟု မေးလေ၏။ တောဝက်များက 'ခြင်္သေ့ကြီး၏ ဘေးရန်ကြောင့် စိတ်ပင်ပန်းပြီး ပိန်ချုံးနေရကြောင်း' ပြောသောအခါ ဝက်ယဉ်ကလေးက 'သင်တို့က အင်အားအများကြီး၊ ခြင်္သေ့က တစ်ကောင်တည်းပဲ၊ ဘာကြောက်စရာ ရှိသလဲ။ ခြင်္သေ့ရန်က လွတ်ကင်းအောင် ငါကြံဆောင်မည်ဟု' ဆိုလျှင် တောဝက်များလည်း ခေါင်းဆောင်ကောင်း တွေ့ပြီဟု ကြွေးကြော်ကာ ဝက်ယဉ်ကလေးထံပါးသို့ လာရောက် စုရုံးကြလေ၏။

ဝက်ယဉ်ကလေးက 'ခြသေ့်နှင့်တွေ့လျှင် တစ်ကောင်မှ ထွက်မပြေးရ၊ ခြသေ့်ဟိန်းဟောက်တဲ့အခါမှာ ဝက်ထုကလည်း သံပြိုင်ပြန်အောင်ရမည်၊ ထို့နောက် ခြသေ့်ကို တစ်ညီတစ်ညာတည်း အစွယ်များဖြင့် ထိုးသတ်ရမည်' ဟု တင်ပြရာ ဝက်ထုက 'သင် အကြံပေးသလို တို့အားလုံး ခုခံပါမည်' ဟု ကတိပြုကြလေ၏။

နောက်တစ်နေ့နံနက်၌ ခြသေ့်ကြီးလာရောက်သောအခါ ဝက်ထုသည် ပူးကပ်စုရုံး၍ ခြသေ့်ကြီးအား ရင်ဆိုင်လေ၏။ ခြသေ့်ကြီးသည် ကြီးမားသော ဝက်ထုကိုတွေ့လျှင် အံ့အားသင့်ပြီး ဟိန်းဟောက်လိုက်၏။ ဝက်ထုကလည်း သံပြိုင်ဟစ်အော်ရာ ခြသေ့်ကြီးမှာ အံ့သြပြီးငိုင်နေစဉ် ဝက်ထုသည် ခြသေ့်ကြီးထံသို့ တစ်ပြိုင်တည်းပြေးလာကာ အစွယ်များဖြင့်ပက်ကြ၏။ ခြသေ့်ကြီးမှာ ပြန်လည်ခုခံသော်လည်း အများနှင့်တစ်ယောက် အင်အားဖြစ်၍ တောဝက်များ၏ အစွယ်ဒဏ်ဖြင့် သေဆုံးရလေ၏။ တောဝက်များက ဝက်ယဉ်ကလေးအား ခေါင်းဆောင်ကြီးဟု ချီးမွမ်းကြ၏။ ဝက်ယဉ်ကလေးက -

'ခေါင်းဆောင်ကောင်း တွေ့ရုံနှင့်မပြီးဘူး၊ ရန်သူကို အောင်မြင်တာဟာ ခေါင်းဆောင်ကောင်း တစ်ဦးတည်းအား မဟုတ်ဘူး၊ စည်းလုံးညီညွတ်မှုရဲ့ အင်အား ဖြစ်တယ်ဆိုတာ အမြဲသတိ ရှိဖို့လိုတယ်' ဟု ဆိုလေ၏။

ဆောင်ပုဒ် -

စည်းလုံးညီညာ
အောင်ကြောင်းသာ
မှတ်ပါအသည်းစွဲ။

# ရွှေဖြစ်ငွေဖြစ်နည်း

ရွာတစ်ရွာ၌ ကုန်သည်တစ်ယောက် ရှိသည်။ ထိုသူသည် အင်္ဂရတ် အလွန် ဝါသနာပါသောကြောင့် ကုန်ရောင်းကုန်ဝယ်ကိစ္စကို ကိုယ်တိုင် ကိုယ်ကျ မလုပ် နိုင်ဘဲ ဇနီးဖြစ်သူအား လွှဲထားကာ နေ့ရှိသရွေ့ ဖိုထိုးလျှက်သာ နေလေသည်။ မည်သူ့ထံ၌ ရွှေဖြစ်ငွေဖြစ် နည်းကောင်းရှိသည်ဟုကြားလျှင် မဆိုင်းမတွ သွားရောက်ကာ နည်းယူပြီး အင်္ဂရတ်ထိုးနေသော်လည်း ရွှေဖြစ်ဖို့ဝေးစွ၊ အိမ်ရှိ ပစ္စည်းတို့ပင် အင်္ဂရတ်မှုသဖြင့် တတိတိ ကုန်စပြုလာလေရာ သားမယားတို့ ပင် ထိုသူအား မသိမသာ ငြူစူစ,ပြုလာလေ၏။

တစ်နေ့၌ ဇနီးဖြစ်သူသည် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွား ရောက်ကာ ဆွမ်းပို့လေသော် ဘုန်းတော်ကြီးက 'ဒကာကြီး မပါဘူးလား' ဟုမေး၏။ အင်္ဂရတ် ဝါသနာပါသူ၏ ဇနီးဖြစ်သူက 'ဒကာကြီး မပါပါဘူး ဘုရား၊ တကာကြီးတစ်ယောက်တော့ သူ့ အင်္ဂရတ်ကိစ္စကလွဲရင် ဘယ်မှ လာမှာမဟုတ်ဘူး ဘုရား' ဟု လျှောက်ထားလေ၏။ ထိုအခါ ဘုန်းတော်ကြီးက 'တကာမကြီး ပြန်သွားရင် ဘုန်းကြီးထံမှာ ရွှေဖြစ်ငွေဖြစ်နည်း ရှိတယ်လို့ တကာကြီးကိုပြောလိုက်ပါ' ဟု အမိန့်ရှိရာ အင်္ဂရတ် ဝါသနာပါသူ၏ ဇနီး လည်း အိမ်သို့ပြန်သွားပြီး ဘုန်းတော်ကြီး မှာကြားသမျှကို လင်ယောကျ်ားဖြစ် သူအား ပြောကြားလေ၏။

အင်္ဂရတ်ဝါသနာပါသူသည် ဘုန်းတော်ကြီးကျောင်းသို့ ချက်ချင်း ရောက်ရှိလာပြီး ဘုန်းတော်ကြီးအား 'ရွှေဖြစ်ငွေဖြစ်နည်း မစပါဘုရား' ဟု လျှောက်ထားလေ၏။ ဘုန်းတော်ကြီးက ပြုံးရွှင်စွာဖြင့် 'ရွှေဖြစ်ငွေဖြစ်နည်း လိုချင်ရင်တော့ ဗူးရယ်၊ ဖရုံရယ်၊ သခွားရယ်၊ ခဝဲရယ်၊ ငရုတ်ရယ် အဲဒီ

ငါးမျိုးကို အညှာတစ်တင်းစီသာ ရှာလာခဲ့ပေတော့။ အဲဒီအခါကျမှ ဘုန်းကြီး နည်းပြမယ်' ဟု အမိန့်ရှိ၍ ထိုသူလည်း ဝမ်းသာအားရစွာ အိမ်သို့ ပြန်သွားလေ၏။

အိမ်သို့ရောက်လျှင် ဇနီးဖြစ်သူအား 'ဗူး၊ ဖရုံ၊ သခွား၊ ခဝဲ၊ ငရုတ် အညှာတစ်တင်းစီ ဝယ်လို့မရဘူးလား' ဟု မေးလေ၏။ ဇနီးသည်က 'ဒီ လောက်များတာ ဘယ်ရနိုင်ပါ့မလဲ၊ လိုချင်ရင် ကိုယ့်ဟာကိုယ် စိုက်ပေါ့' ဟု ဆိုလေ၏။ ထိုသူက 'ဒါဖြင့် တို့ခြံထဲမှာ ဒါတွေစိုက်မယ်' ဟု ပြောကာ ဗူး၊ ဖရုံ၊ သခွား၊ ခဝဲ၊ ငရုတ်ပင်များကို ခြံထဲ၌ စိုက်ပျိုးလေ၏။

အပင်များသန်စွမ်း၍ အသီးများသီးလာသောအခါ အဂ္ဂိရတ်ဝါသနာ ပါသူလည်း ရွှေဖြစ်ငွေဖြစ်နည်း ရတော့မည်ဟု ပီတိဖြစ်နေလေ၏။ ထို့နောက် အညှာများကိုယူ၍ အသီးများကို ရောင်းချလိုက်သောအခါ ငွေနှစ်ထောင်ခန့် လက်ဝယ်ပိုက်မိသဖြင့် ရွှေဖြစ်ငွေဖြစ် နည်းကိုတောင်းရန် အညှာများကိုယူကာ ကန်တော့ပွဲဖြင့် ဘုန်းတော်ကြီးကျောင်းသို့ သွားလေ၏။

ဘုန်းတော်ကြီး၏ ကျောင်းသို့ရောက်လျှင် 'အရှင်ဘုရား အမိန့် ရှိသည့် ပစ္စည်းများ ရလာပါပြီဘုရား၊ ရွှေဖြစ်ငွေဖြစ်နည်းကိုသာ မစပါတော့' ဟု လျှောက်ထားလေ၏။ ထိုအခါ ဘုန်းတော်ကြီးက 'ဒကာကြီး ဒီအညှာ တွေဖြုတ်ပြီး အသီးတွေရောင်းလိုက်တာ ငွေဘယ်လောက်ရသလဲ' ဟု မေးလေ ၏။ 'အသီးတွေရောင်းတာ ငွေနှစ်ထောင်လောက် ရပါတယ်ဘုရား' ဟု လျှောက်တင်သော် 'ဒါဖြင့် ငွေဖြစ်ရောပေါ့' ဟု ဘုန်းတော်ကြီး မိန့်ဆိုလေ ၏။ အဂ္ဂိရတ် ဝါသနာပါသူက 'ဒီလိုဆိုရင် ရွှေဖြစ်နည်းကော ဘုရား' ဟု လျှောက်ထားပြန်လျှင် 'ဒီငွေနှင့်ဝယ်ရင် ရွှေမရဘူးလား၊ ရွှေရတော့ ရွှေဖြစ်ရော ပေါ့ ဒကာကြီးရဲ့' ဟု မိန့်ဆိုပြန်၏။ ဤတွင် အဂ္ဂိရတ်ဆရာကြီး သဘော ပေါက်ကာ 'ယခုမှပဲ ရွှေဖြစ်ငွေဖြစ်နည်း အစစ်အမှန်ကို တပည့်တော်ရပါပြီ ဘုရား' ဟု လျှောက်ထားလေသတည်း။

ဆောင်ပုဒ် -

သီးနှံစိုက်ပျိုး
ဝင်ငွေတိုး
အကျိုးဖြစ်ထွန်းမည်။

## ဝန်ကိုရိုသေသော ဘုရင်

ရှေးအခါက နိုင်ငံတစ်ခုကို အုပ်စိုးသော ဘုရင်တစ်ပါးရှိ၏။ ထိုဘုရင်ကြီးသည် စိတ်နှလုံး သိမ်မွေ့နူးညံ့သည့်အလျောက် နိုင်ငံအား မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်တော်မူ၏။ တစ်နေ့တွင် ဘုရင်မင်းကြီးသည် မိဖုရားခေါင်ကြီးနှင့်အတူ နန်းတော်အနီးရှိ ဥယျာဉ်တော်သို့ လေညင်းခံ လမ်းလျှောက်ထွက်စံတော်မူ၏။ ဘုရင်နှင့်မိဖုရားမှာ အဆောင်အယောင် အခမ်းအနားမပါဘဲ နှစ်ပါးစုံ လွတ်လပ်စွာ ထွက်လာသည်ဖြစ်၍ ဥယျာဉ်မှူးသည်လည်း ဘုရင်နှင့်မိဖုရား ကြွရောက်လာသည်ကို မသိဘဲ ဥယျာဉ်ရှိ မြက်ပင်များကို မြင်းကျွေးရန် ရိတ်လျက်ရှိလေသည်။

ဘုရင်နှင့်မိဖုရားမှာ ဥယျာဉ်မှူး ပြုစုစောင့်ရှောက်ထား၍ လှပစွာ ဖူးပွင့်နေသော ပန်းမာလာများနှင့် အသီးအနှံများကို လိုက်လံကြည့်ရှုကာ ကြည်နူးနှစ်သိမ့်လျက် ရှိလေသည်။

ဥယျာဉ်မှူးသည် မြက်ပင်များကို ရိတ်ပြီးသောအခါ ကြီးမားသော အထုံးကြီးပြုလုပ်၍ ခေါင်းပေါ်၌ရွက်ကာ လူသွားလမ်းအတိုင်း သည်ပိုးလာလေသည်။ ထိုအချိန်တွင် ဘုရင်နှင့်မိဖုရားကြီးမှာလည်း ထိုလမ်းအတိုင်း လျှောက်လာရာ ဥယျာဉ်မှူးမှာ မျက်နှာချင်းဆိုင် တွေ့ဆုံကြလေသည်။ သို့ရာတွင် ဥယျာဉ်မှူးမှာ မြက်ထုံးကိုခေါင်း၌နစ်အောင် ထမ်းရွက်လာသည်ဖြစ်၍

ရှေ့တွင် ဘာမျှမတွေ့မြင်ရသည့်အထဲ လူသွားလမ်းကိုသာ ငုံ့၍ ဂရုစိုက်ကြည့်ရှုလာရသည့်အတွက် ဘုရင်နှင့်မိဖုရားကို မမြင်ဘဲ ဝင်တိုးမိမလိုဖြစ်ခဲ့ရ၏။ သို့ရာတွင် ဘုရင်ကြီးက မိဖုရားကိုတွဲခေါ်ကာ အသံမပြုဘဲ လမ်း၏နံဘေးသို့ တိမ်းရှောင်ပေးလိုက်၍ ဥယျာဉ်မှူးနှင့် မတိုက်မိဘဲ လွတ်ကင်းသွားလေ၏။

မိဖုရားကြီးမှာ ဘုရင်မှတစ်ပါး လမ်း၌ မည်သူနှင့် တွေ့ကြုံသည်ဖြစ်စေ လူတကာက မိမိအား အရိုအသေပေးကာ တိမ်းရှောင်ရမြဲ ဖြစ်၍ ဥယျာဉ်မှူးနှင့်တွေ့ကာ ဘေးသို့ဖယ်ပေးရသည်ကို မကျေမချမ်းဖြစ်ကာ မျက်နှာမသာမယာ ရှိလေ၏။

မိဖုရားကြီး၏မျက်နှာကို တွေ့မြင်လိုက်ရသော ဘုရင်ကြီးက ဥယျာဉ်မှူး အတန်လွန်သွားမှ 'လမ်းဘေးသို့ဖယ်ပေးရ၍ စိတ်မသာမယာ မဖြစ်လေနှင့် မိဖုရားကြီး၊ ဝန်တင်လှည်းနှင့် ဝန်မရှိသောလှည်း ဆုံမိရာတွင် ဝန်မရှိသောလှည်းကသာ ရှောင်တိမ်းရမြဲဖြစ်သည်။ ထို့အတူပင် လောက၌ ဥယျာဉ်မှူးကဲ့သို့ ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်နေသူကို လည်းကောင်း၊ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်နေသူကို လည်းကောင်း ကြုံတွေ့ရပါက ဝန်ထုတ်ဝန်ပိုး၊ သို့မဟုတ် တာဝန်ထမ်းဆောင်နေခြင်း မရှိသူများက ဝန်ကိုရိုသေသောအားဖြင့် လိုအပ်သည့် အကူအညီပေးသင့်သည်ကို သတိချပ်ရာသည်' ဟု မိဖုရားကြီးအား အမိန့်ဆိုလေ၏။

ထိုအခါမှ မိဖုရားကြီး၏ မသာယာသော မျက်နှာထားမှာ ရွှင်ပြုံးလာပြီး 'မာနတရားကြောင့် ဒေါသစိတ်ပွားမိပါသည်၊ နောင် ဝန်ကိုရိုသေပါတော့မည်' ဟု ဘုရင်ကြီးအား လျှောက်တင်လေ၏။

ဆောင်ပုဒ် -

ဝန်တာထမ်းသူ
ကြုံတွေ့မူ
အကူအပင့်ပေး။

# မေတ္တာ၏ တုံ့ပြန်မှုသဘော

တိုင်းပြည်တစ်ပြည်၌ ပညာရှိအမတ်ကြီးတစ်ဦးရှိ၏။ အမတ်ကြီးသည် ဘုရင့်ထံပါးတွင် အမြဲခစားသူဖြစ်သော်လည်း မင်းလိုလိုက် မင်းကြိုက်ဆောင်၍ မတင်ဘဲ မှန်ရာကိုသာ လျှောက်တင်လေ့ရှိ၏။ တစ်ခါသော် ပြည့်ရှင်မင်းသည် ညီလာခံ၌ 'ပြည်သူလူထုသည် ငါ့အား ချစ်ခင်မြတ်နိုးကြသည် မဟုတ်လော' ဟူ၍ မေးတော်မူ၏။ ထိုအခါ အခြား မှူးမတ်များက 'မှန်ပါ၊ ပြည်သူလူထုသည် အရှင်မင်းကြီးအား ချစ်ခင်မြတ်နိုးကြပါသည် ဘုရား' ဟူ၍ မင်းလိုလိုက်ကာ လျှောက်တင်ကြ၏။ ပညာရှိ အမတ်ကြီးကမူ 'မှန်ပါ၊ အရှင်မင်းကြီးက ပြည်သူလူထုကို မေတ္တာမပျက်ရင် အရှင်မင်းကြီးကိုလည်း ပြည်သူလူထုက မေတ္တာပျက်မည် မဟုတ်သောကြောင့် အထူးမေးနေစရာ အကြောင်းမဟုတ်ပါဘုရား' ဟူ၍ လျှောက်တင်လေ၏။

အမတ်ကြီး၏ လျှောက်တင်ချက်ကို ဘုရင်ကြီးသည် ဘဝင်မကျဖြစ်ကာ 'အမတ်ကြီးတင်လျှောက်တာ မှန်ပါ့မလား' ဟု မေးတော်မူပြန်၏။ ပညာရှိ အမတ်ကြီးက 'ကျွန်တော်မျိုး လျှောက်တင်ချက်ဟာ အလွန်မှန်ပါတယ်၊ အရှင်မင်းကြီး မယုံရင် သာမန်လူလို မထင်မရှား ရုပ်ဖျက်ပြီး လူသွားလူလာများတဲ့ နေရာမှာ စောင့်ဆိုင်းမေးမြန်း စုံစမ်းတော်မူပါ၊ အကြောင်းသိတော်မူပါလိမ့်မည် ဘုရား' ဟူ၍ လျှောက်တင်၏။ ဘုရင်ကြီးလည်း အမတ်ကြီးတင်လျှောက်ချက်ကို သဘောတူ၍ အရပ်သား အဝတ်အစားဝတ်ကာ ရုပ်ဖျက်ပြီး လူအများအပန်းဖြေရာ ဇရပ်တစ်ခုကို သွားရောက်လေ၏။ ထိုအခိုက် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ့်မွေ့သော မိန်းမနှစ်ဦးလည်း ဇရပ်သို့ လာရောက်အပန်းဖြေ၏။ မင်းကြီးသည် ပြည်သူလူထု ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေဟူ၍ မေတ္တာပို့ကာ ထိုမိန်းမနှစ်ဦးအား နှုတ်ချိုစွာဖြင့်

ဘကြီးက အခြားတိုင်းတစ်ပါးက ဧည့်သည်မို့မေးပါရစေ၊ ဒီတိုင်းပြည်ကဘုရင်ကြီးဟာ မင်းကျင့်တရားနှင့် ညီညွတ်ပါရဲ့လား' ဟူ၍ စုံစမ်းမေးမြန်းလေ၏။ ထိုမိန်းမနှစ်ဦးက ချိုသာစွာပင် 'အဘရယ် ဒီတိုင်းပြည်က ဘုရင်ကြီးဟာ မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်တဲ့အပြင် ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင် ကြိုးပမ်းအားထုတ်တဲ့ စေတနာရှင် ဘုရင်ကြီးပါ၊ ဒါကြောင့် ဒီဘုရင်ကြီး သက်တော်ရာကျော် ရှည်ပါစေလို့ ဆုတောင်းကြရပါတယ်' ဟူ၍ ဖြေကြားလေ၏။

ထိုအခါ ဘုရင်ကြီးသည် စိတ်ကြီးဝင်လျက် 'ပြည်သူတွေက မေတ္တာထားလျက်နှင့် ငါဘုရင်ကို ဘာထင်လို့များ အမတ်ကြီးက အထင်သေးရတာလဲ၊ ငါ့လောက် မင်းကျင့်တရားနဲ့ညီတဲ့ဘုရင် ဇမ္ဗူတစ်ခွင်မှာ ရှိသေးရဲ့လား' ဟူ၍ မာန်မာနတက်ကြွလာလေ၏။ ထိုအခိုက် ကိုယ်နှုတ်အမူအရာ ကြမ်းတမ်းလှသော မိန်းမနှစ်ဦးလည်း ဇရပ်သို့ လာရောက်အပန်းဖြေ၏။ ထိုမိန်းမနှစ်ဦးအနက် တစ်ဦးက 'အကျိုးနဲတော်၊ မောရတဲ့အထဲ သောက်ရေအိုးကလဲ ရေမရှိဘူး၊ ဇရပ်ကလဲ စုတ်ချာလိုက်တာ' ဟူ၍ ညည်းလေ၏။ ဘုရင်ကြီးသည် ထိုမိန်းမနှစ်ဦး၏ အမူအရာကိုကြည့်ရှုကာ မနှစ်သက်သော သဘောထားများပေါ်ပေါက်လာ၏။ ထို့နောက် ဘုရင်ကြီးသည် 'ဒီမှာ သူငယ်မတွေရဲ့၊ ကျုပ်က ဧည့်သည်မို့ မေးပါရစေ၊ ဒီတိုင်းပြည်က ဘုရင်ဟာ မင်းကျင့်တရားနဲ့ ညီရဲ့လားကွယ့်' ဟု စုံစမ်းမေးမြန်း ပြန်၏၊ ထိုမိန်းမနှစ်ဦးက 'အမောတောင်မပြေသေးဘူး၊ ဘကြီးကလဲတစ်မျိုး၊ ဒီတိုင်းပြည်က ဘုရင်ဟာ အလကားဟာကြီးပါ၊ မင်းကျင့်တရားနှင့် ညီဖို့ဝေးလို့ ငယ်တဲ့အမှုကြီးအောင် အမြဲစီရင်တဲ့လူကြီးပဲ၊ ဒီဘုရင်ကြီး မြန်မြန်ပျက်စီးရင် ကောင်းမယ်' ဟုဆိုကြ၏။

ဘုရင်ကြီးလည်း နန်းတော်သို့ ပြန်ကြွတော်မူကာ 'အမတ်ကြီးပြောတာ တယ်မှန်ပါလား၊ ကိုယ်က မေတ္တာရှိမှ သူက မေတ္တာရှိတာပဲ' ဟု ဝန်ခံ၍ ပညာရှိအမတ်ကြီးအား ဆုငွေများချီးမြှင့်တော်မူ၏။

ဆောင်ပုဒ် -

တစ်ဦးမေတ္တာ<br>
တစ်ဦးမှာ<br>
မေတ္တာရှိကြောင်းမှတ်။

# ကြွယ်ဝတဲ့ မြန်မာစကား

မြို့ကလေးတစ်မြို့၌ မြန်မာလူမျိုးတစ်ယောက်နှင့် နိုင်ငံခြားသား တစ်ယောက်တို့သည် ဝေါဟာရနှင့်ပတ်သက်၍ အငြင်းပွားကြလေ၏။ နိုင်ငံခြားသားက မိမိတို့စာ၌ စာလုံးဦးရေ မည်မျှရှိ၍ မည်မျှပါကြောင်း ပြောကြားရာ မြန်မာကလည်း မြန်မာဝေါဟာရ အလွန်ကြွယ်ဝ၍ ဝေါဟာရအရာတွင်မူ မြန်မာက သာမည်ဖြစ်ကြောင်း ချေပလေ၏။

ထိုအခါ နိုင်ငံခြားသားက မယုံကြည်သဖြင့် 'မြန်မာစကား ကြွယ်ဝတယ်ဆိုတာ သက်သေပြပါ။ ဟုတ်ရင် ကျုပ်အရှုံးပေးပါမယ်' ဟု ဆို၍ မြန်မာနှင့် နိုင်ငံခြားသားတို့သည် ဝေါဟာရကြွယ်ဝသည်ဆိုသော မြန်မာစကားကို ကြားနာရန် ထွက်ခဲ့ကြလေ၏။

အတန်ငယ်သွားပြီးလျှင် လမ်းအလယ်၌ မည်သူ စွန့်ထားသည်ဟု မသိရသော မစင်ပုံတစ်ပုံကို နိုင်ငံခြားသားမြင်လျှင် 'ဒီမစင်ပုံကိုတော့ နာမည်အမျိုးမျိုးနဲ့ ခေါ်လို့ရမှာ မဟုတ်ဘူး၊ ဒီမစင်ပုံကို အကြောင်းပြု ငြင်းဆိုရင်တော့ ငါနိုင်မှာပဲ' ဟု တွေးတော်လျှက် 'ကဲ ဒီမစင်ပုံ နာမည် ဘယ်နှစ်မျိုးရှိလဲ' ဟု မြန်မာအား မေးလေ၏။ ထိုအခါ မြန်မာက 'နာမည် အများကြီးရှိတာကို ကျုပ်ပြောရင် ခင်ဗျားယုံမှာ မဟုတ်ဘူး၊ ဟောဒီ သစ်ပင်ရိပ်ကထိုင်ပြီး နားထောင်ကြမယ်' ဟု ပြောပြီး အနီးရှိ သစ်ပင်တစ်ပင်၏ အရိပ်၌ နှစ်ယောက်သားထိုင်ကာ လမ်းသွားလမ်းလာတို့၏ အမှတ်တမဲ့ ပြောစကားကို နားထောင်ကြ၏။

အတန်ငယ်ကြာသော် မိန်းမတစ်ယောက် လျှောက်လာပြီး 'လမ်းမကြီးမှာ ဘယ်သူ ချေးပါသွားပါလိမ့်' ဟု ပြောလေ၏။ နောက်တစ်ယောက်လာသောအခါ 'လမ်းမှာ ဘယ်သူ ဝမ်းသွားထားလဲ မသိဘူး' ဟု ပြောလေလျှင် နိုင်ငံခြားသားက 'နှစ်မျိုးရှိပြီ' ဟု ဆို၏။ ခဏကြာလျှင် လူသုံးယောက်လျှောက်လာရာ တစ်ယောက်က 'လမ်းမှာ ဘယ်သူဓာတ်သွားထားပါလိမ့်' ဟု ဆို၍ တစ်ယောက်ကမူ 'အခင်းကြီးစွန့်တဲ့လူကလဲ လမ်းမကြီးပေါ်မှာ စွန့်ရတယ်' ဟု ပြော၏။ တစ်ယောက်ကမူ 'ဒီ ကျင်းကြီးမြင်တော့ ထမင်းစားချင်စိတ်တောင် ပျောက်သွားပြီ' ဟု မြည်တမ်းသွားလေ၏။

နိုင်ငံခြားသားလည်း 'အင်း၊ တစ်ပြိုင်နက် သုံးမျိုးပြောသွားတယ်၊ ငါးမျိုးတောင် ရှိသွားပြီ' ဟု ညည်းတွားလေ၏။ ထိုအခိုက် ယောကျ်ားတစ်ဦးလာပြန်၍ 'ဘယ်အကောင် ဒေါ်ပါသွားသလဲ မသိဘူး' ဟု ဆိုပြန်၏။ နိုင်ငံခြားသားက 'ခြောက်မျိုးရှိပြီနော်' ဟု မြန်မာအား လက်ကုပ်လေ၏။

ထို့နောက် မိန်းမတစ်ယောက်နှင့် ကလေးတစ်ယောက် လျှောက်လာပြန်ရာ ထိုမိန်းမက 'ဘယ်သူများ နောက်ဖေးသွားထားတယ် မသိဘူး' ဟု ဆိုကာ ကလေးအား 'သားသား အီးအီးတွေ တက်နင်းမိမယ်၊ ဖယ်လျှောက်' ဟု တစ်ဆက်တည်း ပြောလိုက်၏။

နိုင်ငံခြားသားက 'အားပါး၊ ရှစ်မျိုးရှိသွားပြီ၊ ဒါတောင် ငါသိတဲ့ မစင်ဆိုတဲ့စကား မပါသေးဘူး၊ မစင်ဆိုတာထည့်ရင် ကိုးမျိုးတောင်ရှိနေပြီ' ဟု တွေးတောရင်း မြန်မာအား 'မစင်ပုံကိုခေါ်တာ ကိုးမျိုးရှိပြီ၊ မမှတ်မိတော့ဘူး၊ ကျုပ်အရှုံးပေးပြီဗျို့' ဟု ဆိုကာ သစ်ပင်ရိပ်မှထွက်လျှင် နောက်ဆုံးရောက်လာသော မိန်းမကြီးက 'ဘယ်သူများ လမ်းလယ်မှာ ကာလနာတိုက်ထားပါလိမ့်တော်' ဟု ဆိုပြန်ရာ နိုင်ငံခြားသားသည် 'အမယ်လေး၊ တစ်မျိုးတိုးလာပြန်ပြီ' ဟု ညည်းတွားလေ သတည်း။

ဆောင်ပုဒ် -

ဝေါဟာပွားအောင်
ကြိုးပမ်းဆောင်
အမှောင်ပျောက်မည်မှတ်။

## မီးယပ်ဆေးကို တေးဖြစ်အောင်ဆိုတတ်သူ

တစ်ခါက နာမည်မရသေးသော ဇာတ်မင်းသားတစ်ယောက်ရှိ၏။ ထိုမင်းသားသည် အလှူတစ်ခုတွင် ကပြရန် တာဝန်ယူလိုက်၏။ ထိုသို့ တာဝန်ခံလိုက်စေကာမူ သီဆိုရန် သီချင်းအဆင်သင့် မရှိသေးချေ။ မကဘဲငြင်းဆိုရန်မှာလည်း မိမိဆရာ ဘုန်းတော်ကြီး ကမကထပြုလုပ်သော အလှူပွဲဖြစ်၍ ဘုန်းကြီး၏ အမိန့်ကို ရှောင်လွှဲဖို့ မဖြစ်နိုင်သောကြောင့် အခက်ကြုံ၍နေ၏။ သို့ရာတွင် အကြံဉာဏ်ရ၍ ဆေးဘက်တွင်လည်းကောင်း၊ ဂီတဘက်တွင်လည်းကောင်း တတ်ကျွမ်းသော ဆရာကြီးတစ်ဦးထံသို့ သွားရောက်ကာ နောက်တစ်နေ့ည သီဆိုရန်အတွက် သီချင်းတစ်ပုဒ် စပ်ဆိုပေးရန် တောင်းပန်လေ၏။ ဆရာကြီးက နက်ဖန်မနက်အပြီး ရေးထားမည်၊ လာရောက်ယူပါဟု မှာကြားလိုက်သည့်အတွက် ဇာတ်မင်းသားလည်း ဆရာကြီးအိမ်မှ ဝမ်းသာအားရ ပြန်လာခဲ့၏။

ဇာတ်မင်းသား ထွက်ခွာသွား၍ မကြာမြင့်မီ မီးယပ်ရောဂါ စွဲကပ်နေသော ရောဂါသည်တစ်ယောက် ဆရာကြီးထံသို့ ရောက်လာပြီး သူ့အား ဆေးကုသပေးရန် မေတ္တာရပ်ခံပြန်၏။ ဆရာကြီးက ဆေးအဆင်သင့် မရှိသေး၍ နက်ဖန်မနက်လာယူရန် ချိန်းဆိုလိုက်လေ၏။

နောက်တစ်နေ့နံနက်တွင် ဇာတ်မင်းသားသည် ဆရာကြီးထံသို့ သွားရောက်သောအခါ ဆရာကြီးမှာ အရေးတကြီးကိစ္စ ပေါ်ပေါက်လာ၍ အပြင်ထွက်သွားကြောင်း သိရှိရလေ၏။ သို့ရာတွင် ဆရာကတော်က ဇာတ်မင်းသားအားပေးရန် ဆရာကြီး စာထားခဲ့ကြောင်း ပြောကြားပြီး ဗီရိုထဲမှ စာတစ်စောင်ကိုယူကာ ထုတ်ပေးလိုက်၍ ဇာတ်မင်းသားလည်း ဇာတ်တိုက်ရန် ကတိုက်ကရိုက် ပြန်လာခဲ့လေ၏။

ထို့နောက် ဇာတ်တိုက်ရမည့် နေအိမ်သို့ ရောက်သည့်အခါ ဇာတ်ဆရာနှင့် ဗာဟီရကိစ္စများ တိုင်ပင်ဆွေးနွေး နေရသဖြင့် သီချင်းစာကို ထုတ်မဖတ်မိဘဲ ရှိလေ၏။ ညဥ့်နက်၍ ပွဲစမှပင် သတိရ၍ သီချင်းစာကို ထုတ်ဖတ်လိုက်သောအခါ လေးညှင်း၊ ထန်းမြစ်၊ ယမ်းကတိုး၊ အလိုကြူ ဆင်ချေးမှိုဟူသော မီးယပ်ဆေး ဖော်စပ်ရန် ရေးထားသည့် ဆေးစာအညွှန်း ဖြစ်သည်ကိုတွေ့ရ၏။ ဆရာကတော် စာမှားပေးလိုက်ကြောင်း သိရကာ အံ့အားသင့်နေမိ၏။ သို့ရာတွင် စာသွားလဲရန်မှာလည်း အချိန်မရှိတော့၍ မိမိအခန်းသို့ ရောက်လျှင် ဇာတ်ခုံအပြင်ဘက်သို့ ထွက်ကာ မီးယပ်ဆေးစာကို အချိုးပြင်လျှက် 'လေညှင်းငယ်ထန်၊ မြစ်ကမ်းယံကတိုး၊ အလိုကြူ ဆင်ခြေက ပိုးတယ်ဗျာ၊ လွမ်းဘွဲ့စာချိုး' ဟူ၍ အသံအနေ အသံထားဖြင့် သီဆိုလိုက်လေ၏။

ပရိသတ်မှ 'စာသားက တယ်ကောင်းပါလား၊ မင်းသားက အဆိုကလဲ ပိုင်၊ အသံလဲ ကောင်းတယ်' ဟူ၍ ဩဘာပေးကြသဖြင့် ထိုညမှစ၍ နာမည်ကျော်မင်းသား ဖြစ်သွားလေ သတည်း။

ဆောင်ပုဒ် -

ကာလံဒေသံ
တင့်တယ်ရန်
ကြံဖန်တတ်ရမည်။



# တက္ကသိုလ်ဆရာကြီး၏ စကားသုံးခွန်း

ရှေးအခါက ဗာရာဏသီပြည်၌ ဆင်းရဲသား ယောကျ်ားတစ်ဦးရှိ၏။ ထိုသူသည် အိမ်ထောင်ပြုပြီးမှ ပညာသင်ကြားတတ်မြောက်လိုစိတ် ပေါ်ပေါက်လာ၍ မယားဖြစ်သူအား ခွင့်ပန်ကာ တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခ ဆရာကြီးထံသို့ ထွက်ခွာလာလေ၏။

တက္ကသိုလ်ပြည်သို့ ရောက်ရှိ၍ ဒိသာပါမောက္ခ ဆရာကြီးထံသို့ ဝင်ကာ ပညာသင်ကြားလိုကြောင်း ခွင့်ပန်တောင်းသောအခါ ဆရာကြီးက 'အသက်အရွယ် အဘယ်မျှရှိပြီနည်း' ဟု မေးလေ၏။ ဆင်းရဲသားယောကျ်ားက 'အသက်သုံးဆယ့်ငါးနှစ် ရှိပါပြီ' ဟူ၍ ဖြေရာ ဆရာကြီးက အိမ်ထောင်ရှိပါသလားဟု မေးမြန်း၏။ ဆင်းရဲသားယောကျ်ားက 'အိမ်ထောင်ရှိပါသည်' ဟူ၍ ဖြေကြားပြန်ရာ ဆရာကြီးက 'အသက်အရွယ် ကြီးရင့်၍ အိမ်ထောင်ရှင်ဖြစ်သည့်အတွက် ပညာကို နှစ်ရှည်လများ သင်ကြားခြင်းငှာ မတတ်စွမ်း၊ သို့ရာတွင် သုံးခွန်းသောစကားကို သင်ကြားပေးလိုက် မည်၊ အပြန်ခရီး၌ ထိုစကားသုံးခွန်းကို နှလုံးသွင်း ဆင်ခြင်လေ' ဟူ၍ မိန့်ကြားပေးလိုက်လေ၏။ ထို့နောက် ဆင်းရဲသား ယောကျ်ားအား 'ကုလားသေ ကုလားမြော မအိပ်ရာ၊ ရေဆိပ်မှာ ရေမချိုးရာ၊ မစူးစမ်း မဆင်ခြင်ဘဲ မပြုရာ' ဟူ၍ သုံးခွန်းသော ဩဝါဒကို ဆိုဆုံးမလိုက်လေ၏။

ဆင်းရဲသားယောကျ်ားလည်း ဒိသာပါမောက္ခ ဆရာကြီးအား ဝတ်ပြု၍ ဗာရာဏသီပြည်သို့ ပြန်ခဲ့၏။ လမ်းခရီး၌ ဇရပ်တစ်ခုသို့ရောက်လျှင် အချိန်မရှိတော့သဖြင့် အပန်းဖြေအိပ်စက်ရန် ကြံစည်လေ၏။ ထိုစဉ် ဆင်းရဲသားယောကျ်ားသည် 'ကုလားသေကုလားမြော မအိပ်ရာ' ဟူသော ဆရာကြီး၏ ဩဝါဒကို နှလုံးသွင်းမိသဖြင့် သတိထား၍ အိပ်လေ၏။ ထိုဇရပ်၌ အမှတ်

မဲ့အိပ်တတ်သော ခရီးသည်များကို စားနေကျ ဘီလူးမတစ်ဦးရှိ၏။ ဘီလူးမသည် ရှေးကကဲ့သို့ပင် လူသားစားမည်ဟူသော သဘောဖြင့် ဆင်းရဲသားယောကျ်ားကိုကိုင်လျှင် သတိသမ္ပဇဉ်ယှဉ်၍ အိပ်သည့် ဆင်းရဲသားယောကျ်ားသည် လန့်နိုးကာ ရုတ်တရက်ထပြီး ဘီလူးမကိုဖမ်းကာ ဓားဖြင့်ခုတ်သတ်မည်ပြု၏။ ဘီလူးမလည်း ဆင်းရဲသားယောကျ်ားကို ကြောက်ရွံ့၍ အပြစ်ကိုသီးခံပါက ရွှေသုံးပိဿာ ပေးပါမည်ဟု ဆိုသဖြင့် ဆင်းရဲသားယောကျ်ားသည် ဘီလူးမကို ဖမ်းထားရာက လွှတ်လိုက်လေ၏။ ဘီလူးမလည်း ကတိအတိုင်း ဆင်းရဲသားယောကျ်ားကို ရွှေသုံးပိဿာပေး၏။

ဆင်းရဲသား ယောကျ်ားသည် ဆက်လက်၍ ခရီးထွက်ခဲ့ပြန်ရာ တစ်ခုသော မြစ်ဆိပ်သို့ရောက်လျှင် ရေချိုးလိုသောဆန္ဒ ပေါ်ပေါက်လာသည်နှင့် ရေချိုးရန် ကြံစည်လေ၏။ ထိုခဏ၌ 'ရေဆိပ်မှာ ရေမချိုးရာ' ဟူသော ဆရာကြီး၏ ဩဝါဒကို နှလုံးသွင်းမိကာ အခြားသော အရပ်သို့ရောက်မှ ရေဆင်းချိုးလေ၏။ အတန်ဝေးမှ ရွှေထုပ်ကို သတိရသဖြင့် ရေချိုးခဲ့သော နေရာသို့ ပြန်၍ရှာဖွေရာ ရွှေထုပ်ကို အလွယ်တကူပင် တွေ့လေ၏။

ဗာရာဏသီပြည်သို့ ရောက်၍ အိမ်သို့ဝင်လျှင် မိမိ ဇနီးဖြစ်သူမှာ လုလင်တစ်ဦးနှင့် ယှဉ်၍ အိပ်နေသည်ကို တွေ့မြင်သဖြင့် ဇနီးသည်အား ဖောက်ပြန်သည် ထင်ကာ ဓားနှင့်ခုတ်မည်ဟု ကြံစည်မိလေ၏။ ထို့နောက်မှ 'မစူးစမ်း မဆင်ခြင်ဘဲ မပြုရာ' ဟူသော ဆရာကြီး၏ ဩဝါဒကို သတိရကာ ဇနီးဖြစ်သူအား အိပ်ရာမှနှိုး၍ မေးလေသော် ပညာသင်ရန် တက္ကသိုလ်ပြည်သို့ ခရီးသွားနေစဉ်အတွင်း ကြီးထွားလာသော သားအရင်းဖြစ်မှန်း သိရလေ၏။

ဆင်းရဲသားယောကျ်ားလည်း 'ပညာရှိများ မြော်မြင်တတ်ပါပေသည်၊ ဆရာကြီး၏ စကားသုံးခွန်းကား ကြီးစွာသော အထောက်အကူကို ပြုပေပြီ၊ ကျေးဇူးကြီးစွတကား' ဟုဆိုကာ ဒိသာပါမောက္ခ ဆရာကြီးရှိရာ တက္ကသိုလ်ပြည်သို့ ရည်မှန်း၍ ကန်တော့လေသတည်း။

ဆောင်ပုဒ် -

ဆရာ့စကား
နားထောင်ငြား
အမှားမတွေ့ရာ။

## အရည်အချင်းရှိ၍ အမတ်ဖြစ်ရသူ

တစ်ခါက တိုင်းပြည်တစ်ပြည်တွင် ဉာဏ်ပညာကြီးမားသော ဘုရင်တစ်ပါး နန်းစံတော်မူ၏။ တစ်နေ့သ၌ အမတ်တစ်နေရာ လစ်လပ်ရာ ဘုရင်ကြီးသည် ကျေးကျွန် တစ်ယောက်ကို အမတ်အဖြစ် ခန့်အပ်တော်မူ၏။ ထိုအခါ မိဖုရား ကြီးက မိမိ၏ မောင်တော်မှာ မင်းမျိုးမင်းနွယ်ဖြစ်၍ ထိုနေရာ၌ ခန့်ထားသင့် ကြောင်း လျှောက်ထားလေ၏။ ဘုရင်မင်းမြတ်က ကျေးကျွန်ပင် ဖြစ်လင့် ကစား မိဖုရားကြီး၏ မောင်တော်ထက် အရည်အချင်းသာ၍ ပညာ အမြော် အမြင် ရှိသောကြောင့် အမတ်အဖြစ် ခန့်ထားရကြောင်း မိန့်တော်မူ၏။ မိဖုရား ကြီးက 'ကျေးကျွန်က မောင်တော်ထက် အရည်အချင်း သာသည်ဟူသော အဆိုကို မယုံကြည်နိုင်ပါ' ဟု လျှောက်တင်လေ၏။ ဘုရင်က 'ယင်းအချက်ကို အထင် အရှားပြမည်' ဟု မိန့်ဆိုကာ ထိုသူနှစ်ယောက်ကို ခေါ်၍ 'နန်းတော် လှေကားရင်း၌ ခွေးမတစ်ကောင် ခွေးမွေးနေသည်၊ သွားကြည့်ပြီး ပြန်လျှောက်' ဟု စေလွှတ်တော်မူ၏။ မိဖုရားကြီး၏ မောင်တော်မှာ ဘုရင် နှစ်သက်စေရန် အမြန်ပြန်ခဲ့၏။ အမတ်အဖြစ် ခန့်ထားခြင်းခံရသူကား ဘုရင်မင်းမြတ် အကြောင်းမဲ့ မစေခိုင်းရာဟူ၍ တွေးဆကာ အလျင်စလို မပြုလုပ်ဘဲ အရာရာ ကို သေချာစေ့ငုစွာ ကြည့်ရှုမှတ်သားလေ၏။

ဘုရင်မင်းမြတ်သည် အလျင်ပြန်လာသော မိဖုရား၏ မောင်တော်အား 'ခွေးမျှားမွေးပြီလော' ဟု မေးတော်မူ၏။ မိဖုရားကြီး၏ မောင်တော်က 'မှန်ပါ၊ မွေးပါပြီဘုရား' ဟု လျှောက်တင်လေ၏။ ဘုရင်ကြီးက 'ခွေး ဘယ်နှစ်ကောင်မွေးသလဲ' ဟု အမေးတော်ရှိပြန်၏။ မိဖုရားကြီး၏ မောင်တော်မှာ ခွေးဘယ်နှစ်ကောင် မွေးသည်ကို မမှတ်မိ၍ ပြေးဆင်း ရေတွက်ရပြန်၏။ ထို့နောက် ပြန်ရောက်လာပြီး 'လေးကောင်ပါဘုရား' ဟု လျှောက်၏။ ဘုရင်ကြီးက 'အထီးက ဘယ်နှစ်ကောင်၊ အမက ဘယ်နှစ်ကောင်ပါသလဲ' ဟု မိန့်ဆိုပြန်ရာ မိဖုရားကြီး၏ မောင်တော်မှာ မဖြေနိုင်၍ ပြေးဆင်းကြည့်ရှုရပြန်၏။ ထို့နောက် 'အထီးက နှစ်ကောင်ပါဘုရား' ဟု လျှောက်တင်ပြန်၏။ ဘုရင်ကြီးက 'ဒါဖြင့်ရင် အရောင်က ဘာရောင်တွေလဲ' ဟု အမေးတော် ရှိပြန်ရာ မိဖုရားကြီး၏ မောင်တော်မှာ မသိရှိ၍ ပြန်ဆင်းကာ 'အဖြူက တစ်ကောင်၊ အဝါက နှစ်ကောင်၊ အနက်က တစ်ကောင်ပါ ဘုရား' ဟု လျှောက်တင်ပြန်၏။

မိဖုရားကြီး၏ မောင်တော် သုံးကြိမ်မြောက် ပြေးဆင်းနေစဉ် အမတ်အဖြစ် ခန့်ထားခံရသူ ရောက်ရှိလာရာ ဘုရင်ကြီးက အထက်ပါအတိုင်း မေးခွန်းများကို မေးမြန်းတော်မူ၏။ အမတ်အဖြစ် ခန့်ထားခြင်း ခံရသူလည်း တစ်ကြိမ်တည်းဖြင့် ဘုရင်ကြီး မေးမြန်းသမျှကို အတိအကျ ဖြေဆို လျှောက်တင်နိုင်လေ၏။

ထိုအခါမှ ဘုရင်မင်းမြတ်က မိဖုရားကြီးအား 'သင်၏ မောင်တော်သည် တွေးတောဆင်ခြင်မှု မရှိ၊ မစေ့စပ် မသေချာသူဖြစ်၍ မှူးမတ်ရာထူးနှင့် မထိုက်တန်သေး၊ ငါ ရွေးကောက်ထားသူကား တစ်ကြိမ်ကြည့်ရုံဖြင့် အရာရာကို တွေးတောဆင်ခြင် လေ့လာမှတ်သားတတ်သူဖြစ်၍ တိုင်းရေးပြည်ရာကို လွှဲအပ်သင့်သူ ဖြစ်သည်' ဟူ၍ မိန့်ဆိုတော်မူရာ မိဖုရားကြီးမှာ ဘာမျှမပြောသာဘဲ ဆိတ်ဆိတ်နေကာ ဝန်ခံရလေ၏။

ဆောင်ပုဒ် -

စေ့စပ်သေချာ

အရာရာ

ဂုဏ်ဝါတိုးကြောင်းမှတ်။

# မေတ္တာတန်ခိုး ခြေထိုး၍မရ

ဗာရာဏသီပြည်တွင် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်သော ဘုရင်ကြီးတစ်ပါးရှိသည်။ ဘုရင်ကြီးသည် အသက်ကြီးပြီဖြစ်၍ တစ်ခါသော် မမာမကျန်းဖြစ်၏။ ဘုရင်ကြီးတွင် အိမ်ရှေ့စံ မရှိသေး။ ထို့ကြောင့် ယုံကြည်စိတ်ချရသော ပညာရှိ အမတ်ကြီးအား တိုင်းရေးပြည်ရေး ကိစ္စအရပ်ရပ်ကို ခေတ္တလွှဲအပ်ကာ ကိုယ်စား အုပ်ချုပ်စေ၏။ ထိုသို့ ပညာရှိ အမတ်ကြီးအား ဘုရင့်ကိုယ်စား တိုင်းပြည်အုပ်ချုပ် စေသည်ကို အချို့ အမတ်ကြီးများက မနာလိုမရှုစိမ့်ဖြစ်ပြီး အကွက်ရလျှင် ကုန်းချောရန် ကြံစည်စိတ်ကူး ထားကြ၏။ သို့ရာတွင် ပညာရှိအမတ်ကြီးသည် ဘုရင်က ယုံကြည်ကိုးစားသည်နှင့် အညီ တရားနှင့်လျော်ညီစွာ တိုင်းပြည်ကိုအုပ်ချုပ်သည် ဖြစ်သောကြောင့် ကုန်းချောရန် အကွက်ကောင်း မရကြဘဲရှိ၏။

တစ်နေ့၌ ပညာရှိအမတ်ကြီးသည် ပြည်တွင်းသို့ လှည့်လည်ကာ တိုင်းရေးပြည်ရေးကို စုံစမ်းလေ၏။ ပြည်သူ လူထုသည် စားရေးသောက်ရေး ကျပ်တည်းသဖြင့် နေ့စဉ်နှင့်အမျှ အလုပ်ခွင်၌သာ အချိန်ကုန်ရသောကြောင့် မမာမကျန်းဖြစ်နေသော ဘုရင်ကြီးအား မည်သူမျှ သတိတရ ဆုတောင်း မေတ္တာ ပို့သနိုင်ခြင်း မရှိသည့် အခြေအနေကို တွေ့ရလေ၏။ ထိုအခါ အမတ်ကြီးသည် အကြံအစည် တစ်ခုရရှိ၍ ဘဏ္ဍာတိုက်မှ ငွေများကို ထုတ်ယူ

ကာ ပြည်သူလူထုအား အတိုးမရှိ ငွေချေး၏။ ပြည်သူလူထုက ထိုချေးငွေကို မည်သို့ပြန်ဆပ်ရမည်ကို အမတ်ကြီးအား မေးမြန်း လျှောက်ထားကြရာ အမတ်ကြီးက ပြည့်ရှင်မင်းကြီး နတ်ရွာစံမှ ဆပ်ကြရမည်ဟု မိန့်ကြားလေ၏။ ပြည်သူလူထုသည် အမတ်ကြီး၏ မှာကြားချက်ကို တစ်ယောက်စကား တစ်ယောက် အဆင့်ဆင့် ပြောကြားလေသော် ပညာရှိအမတ်ကြီးအား မနာလို သော အမတ်ကြီးများနှင့် မင်းမြောင်များ ကြားသိရာတွင် မမာမကျန်း ဖြစ်နေသော ဘုရင်ကြီးထံသို့ ဝင်ရောက်ပြီး ပညာရှိ အမတ်ကြီးသည် မအပ်မရာ ကြံစည်နေပါသည် ဟူ၍ ကုန်းချော လျှောက်တင်ကြ၏။ ဘုရင်ကြီးသည် စိတ်မကောင်းစွာဖြင့် ပညာရှိ အမတ်ကြီးအား ရှေ့တော်သို့ခေါ်ယူကာ အဘယ်ကြောင့် ဘုရင်နတ်ရွာစံမှ ချေးငွေဆပ်ရမည်ဟု ပြောကြားရ သနည်း ဟူ၍ အခြားအမတ်များရှေ့တွင် ကိုယ်တိုင် မေးမြန်းတော်မူ၏။

ထိုအခါ ပညာရှိ အမတ်ကြီးက ပြည်သူလူထုမှာ ဆင်းရဲကျပ်တည်း နေ၍ မမာမကျန်း ဖြစ်နေသော ဘုရင်ကြီးအတွက် မည်သူမျှ ဆုတောင်း မေတ္တာ မပို့သနိုင်ပါ။ သို့ဖြစ်၍ ပြည်သူလူထုလည်း စီးပွားရှာဖွေရာ၌ အထောက်အကူ ဖြစ်စေ၊ ဘုရင်ကြီး နတ်ရွာမစံဘဲ ကျန်းမာလာလျှင် ချေးငွေ ကို အချိန်ကြာမြင့်စွာ မဆပ်ဘဲ နေနိုင်ကြသောကြောင့် မမာမကျန်း ဖြစ်နေ သော ဘုရင်ကြီး သက်တော်ရာကျော် ရှည်ပါစေဟူ၍ ဆုတောင်းမေတ္တာ ပို့သသည်လည်း ဖြစ်စေဟူ၍ လျှောက်တင်လေ၏။

ဘုရင်ကြီးသည် ပညာရှိ အမတ်ကြီး လျှောက်တင်ချက်ကို နာကြား ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ ဤသို့ ကောင်းမြတ်သော စေတနာ နှင့် ချေးသည် ဖြစ်သောကြောင့် လိုအပ်သလို ထပ်လောင်းချေးငှားရန် ပညာရှိ အမတ်ကြီးအား ခွင့်ပြုလေ သတည်း။

ဆောင်ပုဒ် -

မေတ္တာတန်ခိုး
ဝေဆာဖြိုး
အကျိုးမယုတ်ပေ။

## သူကိုငါဖျက် ငါလျှင်ပျက်

ရာဇဗြိုဟ်ပြည်၌ တောရဆောက်တည်လျက် ရှိသော ရဟန်းတစ်ပါးရှိ၏။ ထိုရဟန်းသည် ဆွမ်းခံထွက်တိုင်း 'သူကိုငါဖျက်၊ ငါလျှင်ပျက်၏' ဟု ရွတ်ဆို လေ့ရှိ၏။ ထိုသို့ သူကိုငါဖျက်၊ ငါလျှင်ပျက်၏ဟု နေ့စဉ်နေ့တိုင်း ရွတ်ဆိုသည် ကို ရာဇဗြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် ကြားသိရတာ၊ ရွှေနားတော် ကြားပြင်းကပ်၍ ထိုရဟန်းအား တစ်နည်းနည်းနှင့် သေကြောင်းကြံမည်ဟု စိတ်ကူးထား၏။ ထို့နောက် စားတော်ကဲအား တိတ်တဆိတ် ခေါ်ယူကာ အလွန် အနံ့အရသာနှင့် ပြည့်စုံ၍ မွှေးကြိုင်သော မုန့်နှစ်ခုကို အဆိပ်များ ထည့်လျက် နံနက်စောစော ဆက်သရန် မိန့်မှာတော်မူလေ၏။

တောရဆောက်တည်နေသော ရဟန်းလည်း နံနက်ရောက်လျှင် ပြုမြဲ ဝတ္တရားအတိုင်း ဆွမ်းခံကြွလာရာ ဘုရင်ကြီးသည် ကိုယ်တိုင်ထွက်၍ မုန့် နှစ်ခုနှင့် ဆွမ်းထွက်လောင်း၏။ ရဟန်းလည်း 'သူကိုငါဖျက်၊ ငါလျှင်ပျက်၏' ဟု ရွတ်ဆိုကာ နန်းတော်မှကျောင်းသို့ ပြန်ခဲ့လေ၏။ တောရကျောင်းသို့ ပြန်ရောက်လျှင် ရဟန်းလည်း ဘုရင်ကိုယ်တိုင် လှူလိုက်သော မုန့်နှစ်ခုသည် အလွန်တရာမှ မွှေးကြိုင်သည်ဖြစ်၍ အရုဏ်တက်၌ ဘုရားဆွမ်းတော်တင်ရန် သိမ်းဆည်းထားလိုက်လေ၏။

ထိုညနေပိုင်းသို့ ရောက်သောအခါ ရာဇဗြိုဟ်ပြည့်ရှင်၏ သားတော် ငယ်နှစ်ပါးသည် တောလိုက်ထွက်ရာမှ မျက်စိလည်လမ်းမှားကာ တောရကျောင်းသို့ ဆိုက်ရောက်လာလေ၏။ ထို့နောက် မင်းသားများသည် တောရတည်ဆောက်နေသော ရဟန်းအား မိမိတို့သည် ရာဇဗြိုဟ်ပြည့်ရှင်၏ သားတော်များဖြစ်၍ တောလည်ထွက်ရာမှ လမ်းမှားကာ ဤကျောင်းသို့ရောက်လာပါကြောင်း၊ တစ်နေ့လုံး ဘာမျှမစားသောက်ရ၍ ဆာလောင်မွတ်သိပ်သဖြင့် စားစရာရှိက စွန့်ကြဲပါရန် လျှောက်ထားလေ၏။ တောရရဟန်းကြီးလည်း 'နံနက်က မင်းတို့ဒကာကြီး ပြည့်ရှင်မင်း ကိုယ်တိုင် ကပ်လိုက်တဲ့ မုန့်နှစ်ချပ်ရှိတယ်၊ မွေးလွန်းလို့ ဘုန်းကြီး ဆွမ်းတော်တင်မယ် စိတ်ကူးထားတယ်၊ ဒါပေမယ့် ဘာမှလဲ ကျွေးစရာမရှိလို့ ဒီမုန့်နှစ်ချပ်ကိုပဲ ကျွေးရမျာပဲ' ဟု မိန့်ဆိုကာ သိမ်းဆည်းထားသော မုန့်နှစ်ချပ်ကို ထုတ်ယူ ကျွေးမွေးလေ၏။

မင်းသားများလည်း ထိုရဟန်းပေးသော မုန့်နှစ်ချပ်ကို စားလျှင် အဆိပ်ဒဏ်သင့်၍ ကျောင်းပေါ်၌ပင် နတ်ရွာစံကြလေ၏။ ထိုသို့ မင်းသားနှစ်ပါး တောရကျောင်း၌ နတ်ရွာလားသည့် သတင်းကို နံနက်ပိုင်း၌ ဘုရင့်ရွှေနားတော် ပေါက်ကြားသွားလေရာ ဘုရင်ကြီးလည်း မိမိပြုခဲ့သော အမှုဖြစ်၍ ဘာမျှမပြောရဲဘဲ သားတော်များကို မြှုပ်နှံရန်သာ အမိန့်ပေးလိုက်လေ၏။ ထို့နောက် ဘုရင်ကြီးသည် တောရရဟန်းကြီး ရွတ်ဆိုသည့် 'သူ့ကို ငါဖျက်၊ ငါ့လျှင်ပျက်၏ ဆိုတာ တယ်မှန်ပါကလား' ဟူ၍ ဝန်ခံကာ နောင်တ တရား ရရှိသောကြောင့် သားတော်ကြီးကို ထီးနန်းအပ်ကာ တောထွက်တော်မူလေ၏။

ဆောင်ပုဒ် -

သူ့ကိုငါဖျက်
ငါလျှင်ပျက်
တစ်သက်မကြံရာ။

## ဉာဏ်ထက်သော သူကြီး

မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာတစ်ရွာ၌ သူကြီး ဦးသာဗျောဆိုသူမှာ ဉာဏ်ပညာ ထက်မြက်သည်ဟု ရပ်နီးရပ်ဝေး ကျော်စောထင်ရှား၏။ တစ်နေ့သ၌ သူကြီး ဦးသာဗျောသည် နံနက်စောစော အိမ်ရှေ့ တံခါးမကြီးကို ဖွင့်လိုက်စဉ် အိမ်ရှေ့တည့်တည့် မြေကြီးပေါ်၌ တစ်စုံတစ်ရာကို တွေ့ရှိရသဖြင့် အလွန်ဒေါသ ထွက်မိလေ၏။ သူကြီး မြင်လိုက်သော အရာမှာ အခြားမဟုတ်။ နွားချေးပုံ တမျှ ကြီးမားလှသည့် မစင်ပုံကြီးပင် ဖြစ်တော့၏။

သူကြီး ဦးသာဗျောသည် အိမ်ရှေ့၌ မစင်ယိုသွားသည်ကို စိတ်ဆိုး စေကာမူ တရားခံကို ဖော်ထုတ်လို၍ အကြံထုတ်ရာ စိတ်ကူးရရှိသဖြင့် အိမ်ရှိ မောင်းကွဲကြီးကို တအားလွှဲ၍ ထိုးနှက်တော့၏။ ရွာသူရွာသားများမှာ သူကြီး အိမ်မှ မောင်းသံကြား၍ ပြေးထွက်လာကြရာ သူကြီးအိမ်ရှေ့တွင် စုရုံးမိကြ ၏။ လူစုံလတ်သော် သူကြီးသည် ရွာသူရွာသားတို့အား မစင်ပုံကြီးကို လက် ညှိုးထိုးပြကာ 'ဒီနေ့မနက် တံခါးအဖွင့်မှာ ဘယ်သူစွန့်ထားမှန်း မသိရတဲ့ ဧရာမ မစင်ပုံကြီးကို ဒီလိုပဲတွေ့ရတယ်၊ ဒီမစင်ပုံကြီး ခုလို ကြီးမားပုံ ထောက်ရင် မစင်စွန့်သူဟာလဲ ခွန်အားဗလနှင့် အလွန်ပြည့်စုံသူ ဖြစ်မှာပဲ၊ ဒီလို ခွန်အားဗလကောင်းသူကို ကျုပ်သမီးနှင့် နေရာချထား ချင်တယ်၊ ဒါကြောင့် ဒီမစင်ပုံ ဘယ်သူ စွန့်သလဲဆိုတာ စွန့်သူက ဖော်ထုတ်စမ်းပါ” ဟူ၍ ချိုပြုံးစွာ ပြောဆိုလေ၏။

သူကြီးအိမ်ရှေ့၌ စုရုံးနေသော လူထုထဲမှာ သူကြီးသမီးအား ပိုးပန်းနေသော လူရွယ်တစ်ဦးသည် ရုတ်ချည်းပင် ထ၍ 'ဒီမစင်ပုံ စွန့်တာဟာ အခြားသူ မဟုတ်ပါဘူး၊ ကျွန်တော်ပါပဲ၊ ညက သူကြီးအိမ်ရှေ့ အလာမှာ အောင့်မရလို့ စွန့်မိတာပါ' ဟုပြော၏။ သူကြီး၏ ရွှင်ပြုံးနေသော မျက်နှာထားမှာ တမုဟုတ်ချင်း ခက်ထန်လာပြီး 'မစင် ဘယ်သူစွန့်တယ်ဆိုတာ သိရအောင် သမီးနှင့် ပေးစားမယ်ပြောတာ၊ ခု တရားခံပေါ်ပြီ၊ မင်းစွန့်တဲ့ မစင်ပုံမင်းဘာသာ မြန်မြန်ကျုံးပစ်၊ နောက်တစ်ခါ အိမ်ရှေ့ စွန့်ရင်တော့ ထိပ်တုံးအခပ်ပဲ' ဟု မာန်မဲလိုက်၏။

သူကြီးသမီးရမည် အထင်နှင့် မစင်စွန့်ပါသည်ဟု ဝန်ခံမိသူ လူရွယ်မှာ အာဏာကို မလွန်ဆန်ရဲဘဲ မစင်ပုံကို နှာခေါင်းတရှုံ့ရှုံ့နှင့် ကျုံးပစ်လိုက်ရာ ရွာသူရွာသားများမှာ သူကြီးဦးသာဗျော ဉာဏ်ရည်သာပုံကို ချီးမွမ်းမဆုံး၊ ရယ်မောမဆုံး ဖြစ်ရလေသတည်း။

ဆောင်ပုဒ် -

နည်းပရိယာယ်
လွန်တင့်တယ်
ဖြိုးကြွယ်ဉာဏ်အကျိုး။

## ပညာရှိစာဆို

ရှေးအခါက ဦးသြဆိုသူ မြန်မာပညာရှိကြီး တစ်ဦးရှိ၏။ တစ်ခါသော် ဦးသြသည် ဒေသန္တရဗဟုသုတ အလို့ငှာ မြို့ရွာဒေသများသို့ ခရီးလှည့်လည်စဉ် ရွာမြဲဟုခေါ်သည့် ရွာတစ်ရွာသို့ ရောက်ရှိလာ၏။ ဦးသြသည် ရွာမြဲဘုန်းတော်ကြီးကျောင်းကို သွားရောက်ကာ ဘုန်းတော်ကြီးအား ဦးချ၍ 'အရှင်ဘုရား၊ ကျန်းမာတော် မူပါရဲ့လား' ဟူ၍ လျှောက်ထားလေ၏။ ဘုန်းတော်ကြီးက 'အိမ်း မာပါရဲ့၊ ဒါနဲ့ ဒကာက ဘယ်အရပ်က လာတာတုန်းကွယ့်' ဟူ၍ မေးမြန်းရာ ဦးသြက 'တပည့်တော် အလုံမြို့က လာတာပါ ဘုရား' ဟု လျှောက်ထား၏။ ဘုန်းတော်ကြီးက 'အလုံကဆိုရင် မောင်သြဆိုတာ သိရဲ့လားဒကာ' ဟူ၍ စူးစမ်းလျှင် 'မောင်သြဆိုတာ တပည့်တော်ပါဘုရား' ဟူ၍ ဦးသြက ပြန်လျှောက်လေ၏။ ဘုန်းတော်ကြီးမှာ သိကျွမ်းလိုသူကို တွေ့ရသဖြင့် များစွာ ဝမ်းသာအားရ ဖြစ်လေ၏။

ဘုန်းတော်ကြီးက 'ကဲ. . . အဆင်သင့်လိုက်လေ ဒကာရယ်၊ ဘုန်းကြီးက လေးချိုးတစ်ပုဒ်လောက် လိုချင်နေတာကြာပြီ၊ စာထဲမှာ ပါစေချင်တာက ရွာမြဲရယ်၊ ဘုန်းကြီးဖျားတာရယ်၊ အစားတွေကို တွေ့ကရာစားတာရယ်၊ ကွမ်းအစ်ကြီးကို အမြဲလက်ဆွဲ သွားတာရယ်၊ ဘုန်းကြီးတူ အောင်ကျော်ရယ်၊ အဲဒါတွေ အကုန်ပါစေချင်တယ်၊ ဒကာသြအတွက် မခက်ဘူးတင်ပါရဲ့' ဟု မိန့်ဆိုပြီး ပုရပိုက်နှင့် ကံ့ကူတံကို ဦးသြအား လှမ်းပေးလိုက်၏။

ဦးသြက ဘုန်းတော်ကြီးပေးသော ပုရပိုက်ကိုဖြန့်၍ ကံ့ကူတံကိုင်ကာ -

'ကွမ်းအစ်ကြီး လက်မှာဆွဲလို့၊
ရွာမြဲကကိုယ်တော်၊
အောင်ကျော်ရဲ့ဝရီး။
စကားထွေလာနှောင်လို့၊
တွေ့မရှောင် ကယ်အောင်စားတယ်၊
ဖျားတဲ့ခင်ကြီး'။

ဟူ၍ ဒွေးချိုးတစ်ပုဒ်ရေးပြီး၊ ဘုန်းတော်ကြီးအား ဆက်သလိုက်၏။

ဘုန်းတော်ကြီးသည် ဦးသြ တမုဟုတ်ချင်း စပ်ဆိုရေးသားလိုက်သည့် ဒွေးချိုးကိုဖတ်၍ သဘောကျလှသည်နှင့် 'မရေးတတ်အောင် ကြံစည်ရေးသားခိုင်းတာကိုတောင်မှ ရေးတတ်တဲ့ ဒကာသြပဲ၊ တယ်လဲ အဖိုးတန်တဲ့ ဉာဏ်စွမ်းပါပေပဲကွယ်' ဟု အံ့သြချီးမွမ်းပြောဆိုရာ ဦးသြမှာ ပြုံး၍သာနေလေ၏။

ဆောင်ပုဒ် -

ပညာဉာဏ်စွမ်း
အံ့မခန်း
ချီးမွမ်းခံရမြဲ။

## ပညာမဲ့၍ နောက်လိုက်လုပ်ရသူ

ရွာတစ်ရွာ၌ ဆင်းရဲသောမုဆိုးမတစ်ယောက် ရှိ၏။ ထိုမုဆိုးမ၌ သားတစ်ယောက်ရှိရာ မိခင်က အလွန်အလိုလိုက်ထားသောကြောင့် အခြေခံပညာမသင်ကြားဘဲ နေ၏။ မိခင်မုဆိုးမကြီးမှာ သားဖြစ်သူအား အကြော်ရောင်း၍ ကျွေးမွေးပြုစုသော်လည်း သားဖြစ်သူကမူ ဘာမျှမလုပ်ဘဲ အချိန်တန်လျှင် မိခင်ချက်ထားသော ထမင်းကိုစားကာ အိပ်လျက်သာနေ၏။

သို့ဖြင့် သားဖြစ်သူ အချိန်တန်အရွယ်ရောက်လာရာ ဘာမျှမလုပ်ကိုင်ဘဲနေသဖြင့် အရပ်က မိခင်လုပ်စာကို ထိုင်စားနေသူဟူ၍ ကဲ့ရဲ့ရှုတ်ချကြ၏။ မိခင်မုဆိုးမကြီးမှာ အရပ်ကအပြစ်တင်သည်ကို ရှက်၍ အလုပ်တစ်ခုခုလုပ်ရန် သားဖြစ်သူအား တိုက်တွန်းလေ၏။ သားလူပျင်းမှာလည်း မိခင်ကြီး၏ အကြိမ်ကြိမ် အဖန်ဖန် တိုက်တွန်းမှုကြောင့် တစ်ရပ်တစ်ကျေးသို့ အလုပ်ရှာမည်ဟူ၍ ထွက်ခွာသွားလေ၏။ မျှားမကြာမီ သားဖြစ်သူသည် အိမ်သို့ပြန်လာပြီး ရုပ်သေးအဖွဲ့ တစ်ခု၌ အလုပ်ရနေပြီဖြစ်၍ မကြာမီ ဇာတိရပ်ရွာသို့ ရုပ်သေးအဖွဲ့နှင့် ပါလာမည်ဟု ပြောကြား၏။ မိခင် မုဆိုးမကြီးမှာ သားဖြစ်သူ ရုပ်သေးအဖွဲ့၌ အလုပ်ရရှိနေသည်ကို တစ်အိမ်တက်ဆင်း ပြောကြားရသည်မှာ မမောနိုင်အောင် ရှိလေ၏။

သားဖြစ်သူပါဝင်သော ရုပ်သေးအဖွဲ့ ရွာသို့လာကသောအခါ၌ မိခင် မုဆိုးမကြီးသည် အရပ်ရှိလူများကို ဆော်ဩကာ ရုပ်သေးကြည့်ရှုရန် သွားကြ၏။ ရုပ်သေးစထွက်၍ အစဉ်အတိုင်း ဆိုင်းချီကာ နတ်ကတော်၊ မျောက်၊ ငှက်၊ နဂါး၊ ဘီလူး၊ မြင်းမှစ၍ ဝန်နှင့် ဘုရင်ထွက်ကာ တိုင်းပြည်တည်သော်လည်း သားဖြစ်သူ၏ အခန်းကိုမတွေ့သေး။ ထို့နောက် မင်းသမီး၊ မင်းသား၊ လူရွှင်တော်၊ မင်းသားကြမ်းမှစ၍ ဇာတ်ကွက် ဇာတ်လမ်း လွမ်းခန်းကအစ မိုးလင်းသည်အထိ မိမိသား ဘယ်အခန်းမှ ပါမလာသဖြင့် စိတ်ပျက်ကာ အိမ်သို့ပြန်ခဲ့၏။ အရပ်ရှိလူများက 'ဘယ့်နှယ် အမေကြီး၊ ခင်ဗျားသား ဘယ်နေရာမှ ထွက်တာလဲ မတွေ့ရပါကလား' ဟူ၍ မေးမြန်း ပြောဆိုကြသည်ကိုလည်း မျက်နှာမပြရဲအောင် အရှက်ရပြီး ဘာမျှ မဖြေဆိုနိုင်ဘဲ ရှိလေ၏။

ဇာတ်သိမ်း၍ သားဖြစ်သူ အိမ်သို့ပြန်လာသောအခါ ဘယ်အခန်း၌ ကသည်ကို သိလို၍ 'သားရယ်၊ ညကရုပ်သေးမှာ မင်းဘယ်အခန်းမှလဲ မပါပါကလား' ဟူ၍ မေး၏။ သားဖြစ်သူက 'အမေတို့က ကျွန်တော်ပါတဲ့အခန်း မတွေ့ပဲကိုးဗျ၊ နှစ်ပြည်ထောင် စစ်ထိုးတဲ့အခန်း ပါတယ်မဟုတ်လား' ဟူ၍ ဆို၏။ မိခင်မုဆိုးမကြီးက 'ဟုတ်ပါရဲ့သားရယ်၊ စစ်ထိုးခန်းပါပါတယ်၊ သားက စစ်သူကြီးလုပ်ရသလား' ဟုသိလိုဇောနှင့်မေးရာ 'ဘယ်ဟုတ်မလဲဗျာ၊ တို့လူလေးများ ဆိုသလေ၊ ဝေလေလေ' လို့ ဝိုင်းအော်တဲ့ အထဲမှာ ကျုပ်လဲပါတာပေါ့ဗျ' ဟု သားဖြစ်သူက ပြောပြလိုက်လေ၏။

ဤတွင် မိခင် မုဆိုးမကြီး ထတဲ့၍ 'အရပ်ကတို့ရေ၊ ညက ကျုပ်သား ဝေလေလေလို့ ဝိုင်းအော်တဲ့ အထဲမှာ ပါသတဲ့တော့' ဟူ၍ ကျယ်လောင်စွာ ဟစ်အောင်လိုက်လေသတည်း။

ဆောင်ပုဒ် -

ပညာနည်းပါး
လူပါမွှား
သူများနောက်လိုက်ဖြစ်။



# သစ္စာရှိ သူခိုး

ရှေးအခါက ရွာတစ်ရွာ၌ ချမ်းသာကြွယ်ဝသော သူဌေးတစ်ဦးရှိ၏။ ထိုသူဌေးကြီးမှာ သူပိုင်သော ဆန်စပါးများကို အိမ်ဘေး၌ ကျီများဖြင့် သိုလှောင်ထား၏။ တစ်ညတွင် အဆိုပါ သူဌေးကြီး၏ ကျီတိုက်ကို သူခိုး ဖောက်ထွင်းကာ ပါလာသော လုံချည်နှင့် ဆန်စပါးများကို သိမ်းကျုံးထည့်ယူပြီး ပြန်သွားကြ၏။ တစ်ယောက်သော သူခိုးမှာ လက်၌အနာရှိ၍ လုံချည်ထဲသို့ ဆန်စပါးကျုံးထည့်စဉ် လက်မှ လက်သည်းခွံ ကျွတ်ကျလေ၏။ ထိုအခါ သူခိုးသည် လက်မှ လက်သည်းခွံ ကျွတ်ကျသောကြောင့် သူဌေးကြီးချမ်းသာရာက မွဲတော့မည်ဟူ၍ စိတ်မကောင်းဖြစ်ကာ သူ့ကိုမိလိုက မိစေတော့ လက်သည်းခွံကို တွေ့အောင် ရှာမည်ဟု ဆုံးဖြတ်လိုက်၏။ သူခိုးသည် စပါးပုံထဲတွင် တစ်ညလုံး လက်သည်းခွံ ရှာဖွေသော်လည်း အရုဏ်တက်ခါနီးအထိ မတွေ့သေးချေ။ နေဝန်းကြီး ထွက်စအချိန်တွင် လက်သည်းခွံကိုတွေ့ရှိ၍ စပါးကျီကအထွက်၌ သူခိုးအား သူဌေးကြီး၏ တပည့်များက ဖမ်းဆီးပြီး သူဌေးကြီးလက်သို့ အပ်နှံလိုက်၏။ သူဌေးကြီးသည် သူခိုးအား 'အဘယ်ကြောင့် မိုးလင်းသည်အထိ ခိုးယူရသနည်း' ဟူ၍ မေးမြန်း၏။ သူခိုးက ညဥ့်ဦးပိုင်းကပင် ဆန်စပါးများကို သိမ်းကျုံးယူငယ်ရာ၌ လက်သည်းခွံ ကျွတ်ကျရာသဖြင့် သူဌေးကြီးမမွဲစေလိုသော စေတနာကြောင့် တစ်ညဥ့်လုံး လက်သည်းခွံ ရှာဖွေနေခြင်း

ဖြစ်ကြောင်း ပြန်ကြားပြောဆိုလေ၏။

သူဌေးကြီးသည် သူခိုးပြောသော စကားကိုကြားလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်၍ 'ဤ သူခိုးကား သစ္စာရှိ သူခိုးဖြစ်သည်၊ အချည်းနှီးမဖြစ်စေသင့်' ဟူ၍ ဆိုကာ ခြံစောင့်အလုပ်ပေးလေ၏။

ဆောင်ပုဒ် -

သစ္စာတန်ခိုး
မေတ္တာကျိုး
တန်ဖိုးမဆုံးရာ။

# တရားခံဖော်ထုတ်ပေးသည့် သူကြီး

အထက်အညာ ရွာတစ်ရွာ၌ သူကြီး ဦးသာဇံဆိုသူမှာ ကျေးရွာအုပ်ချုပ်ရေးတွင် နိုင်နင်းသည်ဟု သတင်းကျော်စောသူ ဖြစ်၏။ တစ်ခါသော် ဦးသာဇံ အုပ်ချုပ်သောရွာ၌ ဘုန်းကြီးကျောင်းတွင် အလှူပွဲတစ်ခု ပြုလုပ်ရာ အလှူရှင်က ကျောင်းဝင်းအတွင်း ဇာတ်ပွဲသွင်း၏။ ပွဲကသောညဉ့်၌ ထိုရွာအတွင်းသာမက ရွာနီးချုပ်စပ်ကပါ ပွဲလာကြည့်၍ ပွဲဈေးတန်းမှာလည်း စည်ကားလှပေသည်။ ပွဲဈေးတန်းတွင် အမယ်အိုတစ်ယောက်သည် မုန့်ဆီကြော်ရောင်း၏။ အမယ်အိုသည် ရသမျှငွေများကို မုန့်ဗန်းထဲတွင် ထည့်ထားလေ၏။ ညဉ့်နက်၍ လူပါးသွားချိန်တွင် အမယ်အိုမှာ ဈေးရောင်းရင်းအိပ်ငိုက်သွားမိ၏။ ငိုက်ရာမှ လန့်နိုးလာသောအခါ မုန့်ဗန်းထဲမှ ငွေများ ပျောက်ဆုံးနေသည်ကို တွေ့ရှိရ၏။ အမယ်အိုသည် မိမိငွေများသည် အလစ်သုတ်ခံရကြောင်း သူကြီးဦးသာဇံထံသို့ သွားရောက်ကာ ငိုယိုတိုင်တန်းလေ၏။

သူကြီးဦးသာဇံသည် အမယ်အိုအား တရားခံဖမ်းပေးမည်ဟု နှစ်သိမ့်လိုက်ပြီး ပွဲထိန်းများအားခေါ်ယူကာ ကျောင်းဝင်းအတွင်းမှ ထွက်ခွင့်မပေးရန်လည်း မှာကြားလျက် ဇာတ်စင်ပေါ်သို့ တက်ရောက်သွားပြီး 'မုန့်ဆီကြော်သည် အမယ်အိုထံမှ ငွေအလစ်သုတ်သွား၍ အမှုစစ်ဆေးရမည် ဖြစ်သောကြောင့် ပွဲကြည့်ပရိသတ်များ ခေတ္တစောင့်ဆိုင်းပါ၊ ကျောင်းဝင်းအပြင်သို့ မည်သူမျှ

မထွက်ပါနဲ့' ဟူ၍ ပြောဆိုလေ၏။ ထို့ပြင် တပည့်တစ်ယောက်ကို ရေအပြည့်နှင့် ဇလုံကြီးတစ်ခု ယူလာစေပြီး ဇာတ်ခုံပေါ်ရှိ ထင်းရှူးသေတ္တာပေါ်တွင် တင်ထားခိုင်း၏။ ထိုမှ တစ်ဖန် ပွဲကြည့်ပရိသတ်အား တစ်ယောက်စီ ဇာတ်ခုံပေါ်သို့ တက်ရောက်စေပြီး ပါသမျှ ငွေအကြွေများကို ဇလုံထဲသို့ထည့်စေကာ ပြီးမှ ပြန်ပေးလေ၏။

ပရိသတ်များမှာ သူကြီးဦးသာဇံ မည်သို့သော အကြံဉာဏ်ဖြင့် ပြုလုပ်သည်ကို မသိသော်လည်း ဩဇာအာဏာရှိသော သူကြီးဖြစ်၍ ဦးသာဇံ ခိုင်းသလို ပြုလုပ်ကြ၏။ မုန့်ဆီကြော်သည် အမယ်အိုထံမှ အလစ်သုတ်သွားသော သူခိုးအလှည့်၌ ငွေအကြွေများ ရေဇလုံထဲသို့ အထည့်တွင် လက်ဖမ်းဆွဲထားပြီး 'သူခိုးမိပြီ' ဟု ကြော်ငြာလေ၏။ သူခိုးက သူမခိုးရကြောင်း ငြင်းဆိုလေရာ သူကြီးဦးသာဇံက အမယ်အို၏ ငွေအကြွေများမှာ မုန့်ဆီကြော်ဗန်းထဲ၌သာထည့်၍ ဆီများပေကျံလျက်ရှိကြောင်း၊ အခြားသူများ၏ ငွေအကြွေများကို ဇလုံထဲသို့ထည့်သော်လည်း မည်သို့မျှမဖြစ်၊ သူခိုး၏ အလှည့်ကျမှ ငွေအကြွေများ ဇလုံထဲအထည့်တွင် ဆီများရေပေါ်သို့ ဝေ့ကာတက်လာသဖြင့် သူပင်သူခိုးဇကန်ဖြစ်ကြောင်း ပြောဆိုရာ သူခိုးမှာ မငြင်းဆိုနိုင်တော့ပဲ အမယ်အို အိပ်ငိုက်နေစဉ် မုန့်ဗန်းထဲမှ ခိုးယူမိပါသည်ဟူ၍ ဝန်ခံရလေ၏။

ပွဲကြည့်ပရိသတ်နှင့်တကွ ကြားသိရသူအပေါင်းမှာ မုန့်ဆီကြော်ဖြတ်ထုံးကို စီရင်သော သူကြီးဦးသာဇံ၏ ဂုဏ်ပုဒ်ကို ချီးကျူးမဆုံး ဖြစ်ရလေသတည်း။

ဆောင်ပုဒ် -

ပညာအကျိုး
ဉာဏ်အကျိုး
သူခိုးမလွတ်နိုင်။

## ရိုးအ,လွန်း၍ အလိမ်ခံရသူ

တစ်ခါက ရိုးသားသော လူတစ်ယောက်နှင့် အလွန်လိမ်ညာတတ်သည့် လူတစ်ယောက် လမ်းခရီး၌ တွေ့ဆုံကြ၏။ လူရိုးကြီးမှာ မြင်းစီးလာ၍ လိမ်ညာတတ်သူက ကျောက်ဖရုံသီးကြီး တစ်လုံးကိုထမ်းပြီး ခြေကျင်လျှောက်လာ၏။ လူလိမ်သည် လူရိုးကြီးစီးလာသော မြင်းကို မည်သို့ လိမ်ယူရမည်နည်းဟု အကြံထုတ်လေ၏။ ထို့နောက် လူလိမ်က လူရိုးကြီးအား 'ဘုရား ဒကာကြီး၊ ဘယ်သွားမလို့လဲ၊ ခဏ နားနေပါဦးလား' ဟု ဖိတ်ခေါ်ရာ လူရိုးကြီးကလည်း သဘောတူ၍ မြင်းပေါ်မှဆင်းပြီး စကားပြောလေ၏။

လူလိမ်က 'ဘုရားဒကာတို့ ဒေသက မြင်းများတယ်ပုတာပဲ၊ မွေးတဲ့အခါ ဘယ်လိုမွေးပါသလဲ' မေး၏။ လူရိုးကြီးက 'အကောင်အတိုင်း မွေးတာပေ့ါမိတ်ဆွေ' ဟူ၍ ဖြေလျှင် လူလိမ်က အံ့သြဟန်ဖြင့် 'ဒါကြောင့် ဘုရားဒကာတို့ ဒေသက မြင်းများကပုတာကိုး' ဟု ဆို၏။ လူရိုးကြီးက 'မိတ်ဆွေတို့ ဒေသက မြင်းကော ဘယ်လိုမွေးလို့တုန်း' ဟုမေးရာ လူလိမ်က 'ဥက ပေါက်ပါတယ် ဘုရားဒကာရဲ့၊ ဒါကြောင့် ကျုပ်တို့မြင်းတွေ ထွားကျိုးတာ' ဟု ဖြေ၏။ ထို့နောက် လူလိမ်က 'ကျုပ်ထမ်းလာတာ မြင်းဥကြီးပေ့ါ၊ အလွန်မျိုးကောင်းတာပဲ၊ သူ့အဖေများ အပြေးကောင်းလိုက်တာ ကျုပ်တို့နယ်မှာ နာမည်ကျော်ပေ့ါ ဘုရားဒကာရဲ့' ဟု ကွန့်လေရာ 'လူရိုးကြီးမှာ မြင်းထွားကြီး

ကို စီးလိုသဖြင့် ကျုပ်မြင်းနဲ့ ခင်ဗျားမြင်းဥ လဲပါလားဗျာ’ ပြောလေ၏။ လူလိမ်က ‘ဘုရားဒကာ အလွန်လိုချင်ရင်တော့လဲ ယူသွားပေ့ါဗျာ၊ မကွဲအောင်တော့ ထမ်းသွားနော်’ ဟု မှာကြားပြီး လမ်း၌ ကျောက်ဖရုံသီး ပုပ်သွားစေရန် အတွက် လူရိုးကြီးမသိအောင် မီးသွေးခဲတစ်ခဲနှင့် ကျောက်ဖရုံသီးကို ခြစ်ပေးလိုက်၏။

လူရိုးကြီးလည်း ဝမ်းသာအားရနှင့် ကျောက်ဖရုံသီးကြီးကို ထမ်းကာ ရွာသို့ ပြန်သွားလေ၏။ သို့သော် လမ်းခရီး၌ပင် ကျော်ဖရုံသီးကြီး ပုပ်လာသဖြင့် မြင်းကလေးတော့ အသက်ရှင်မှာ မဟုတ်တော့ဘူးဟုဆိုကာ အနီးရှိ ချုံနွယ်တစ်ခုပေါ်သို့ လွှင့်ပစ်လိုက်၏။ ထိုခဏ၌ ချုံအတွင်းရှိ ယုန်ငယ်တစ်ကောင်မှာ ကျောက်ဖရုံသီးကြီးကျလာ၍ နားရွက်ကလေးထောင်ကာ ကြောက်လန့်ပြီး ထွက်ပြေးသည်ကို လူရိုးကြီးမြင်လျှင် ယုန်ကလေးကို မြင်းကလေးထင်မှတ်ပြီး

‘ဟိုလူကလဲ အသေအချာ မမှာလိုက်ဖူး၊ မြင်းဥက ပေါက်ခါနီးရင် ပုပ်လာတာကိုး၊ ခုတော့ မြင်းကလေး ထွက်ပြေးပြီ’ ဟု ညည်းတွားလေ၏။

ထို့နောက် ‘အို၊ ထွက်ပြေးတာပဲ ကောင်းပါတယ်လေ၊ ဥထဲက ထွက်ထွက်ချင်းတောင် ဒီလောက်ပြေးနေတာ၊ ကြီးလာရင် ငါစီးရဲမှာ မဟုတ်ပါဘူး’ ဟု ပြောဆိုကာ ပြန်သွားလေ၏။

ဆောင်ပုဒ် -

ရိုးလွန်းလျှင်အ
လူဗာလ
ဉာဏမပြည့်စုံ။

# လိမ်မာ၍ ချမ်းသာသောသတို့သမီး

တစ်ခါက ဗာရာဏသီပြည်တွင် တောင်ပြင်သူဌေးနှင့် မြောက်ပြင်သူဌေးဟူ၍ သူဌေးနှစ်ယောက် ရှိ၏။ ၎င်းတို့နှစ်ဦးမှာ ငယ်စဉ်ကပင် ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ရင်းနှီးကြ၍ အိမ်ထောင်ပြုသောအခါ တစ်ယောက်က သား၊ တစ်ယောက်က သမီးမွေးပါက လက်ထပ်ပေးစားရန် နှစ်ဦးသဘောတူ ကတိပြု ထားကြလေသည်။

ယင်းတို့နှစ်ဦးသည် အချိန်အရွယ်ရောက်၍ အိမ်ထောင်ပြုကြသော အခါ တောင်ပြင်သူဌေးတွင် သမီးမိန်းကလေးမွေးပြီး မြောက်ပြင်သူဌေးမှာ သမီးကလေးအရွယ်ရောက်ချိန်တွင် ရှေးယခင်ကကဲ့သို့ မချမ်းသာတော့ဘဲ ဥစ္စာပစ္စည်း ပျက်ပြားလျှက်ရှိ၏။ သို့ရာတွင် သမီး၏ ရှေ့ရေးကိုမြော်၍ ငယ်စဉ်က ထားခဲ့သော ကတိအတိုင်း မြောက်ပြင်သူဌေးအား သားသမီးချင်း ထိမ်းမြားရန် အကြောင်းကြားလေ၏။ မြောက်ပြင်သူဌေးမှာ တောင်ပြင်သူဌေး တွင် ပစ္စည်းဥစ္စာ ပျက်ပြားနေသည်ကို သိရသောကြောင့် မိမိသားနှင့် တောင် ပြင်သူဌေးသမီးကို မပေးစားလိုချေ။ သို့သော် ကတိပျက်ကွက်သည်ဟူ၍လည်း အပြောမခံလိုသဖြင့် တောင်ပြင်သူဌေးထံသို့ မိမိသားနှင့် အခြွေအရံနှစ်ဦး လွှတ်လိုက်မည်၊ ထိုသုံးဦးအနက် သားဖြစ်သူကို ရွေးယူရမည်။ သားအစစ် အမှန်ကို ရွေးနိုင်ခဲ့သော် တောင်ပြင်သူဌေးသမီးနှင့် လက်ထပ်ပေးမည်၊ သို့

မဟုတ်က မပေးစားနိုင်ဟူ၍ ပြန်ကြားလိုက်၏။ မြောက်ပြင်သူဌေးသည် အလုပ်ကြမ်းမခိုင်းဘဲထားသော ရုပ်ရည်သန့်ပြန့်သည့် အစေအပါးနှစ်ဦးကို ကောင်းစွာကျွေးမွေးပြီး အဝတ်တန်ဆာကောင်းများ ဆင်မြန်းစေကာ မိမိသားနှင့်အတူ တောင်ပြင်သူဌေးထံ စေလွှတ်လိုက်၏။

တောင်ပြင်သူဌေးအိမ်သို့ ရောက်သည်တွင် တောင်ပြင်သူဌေးသမီးက လူငယ်သုံးဦးစလုံးအား ရွှင်ပြုံးစွာကြိုဆိုဧည့်ခံပြီး ထမင်းကျွေးရန် စီစဉ်လေ၏။ တောင်ပြင်သူဌေးသမီးမှာ လိမ္မာရေးခြားရှိသူဖြစ်၍ မြောက်ပြင်သူဌေးသားနှင့် အခြွေအရံနှစ်ဦးအား ထမင်းကျွေးရာ၌ လက်ဆေးရေကိုသာ ချထားကာ လက်သုတ်ပဝါကို ထုတ်မပေးဘဲ အမေ့ခံထားလေ၏။ မြောက်ပြင်သူဌေးသားနှင့် အခြွေအရံနှစ်ဦးမှာ ထမင်းစားပြီး၍ လက်များဆေးပြီးသော် လက်သုတ်ပုဝါမတွေ့ရှိသဖြင့် အတောင်းရခက်နေ၏။ မြောက်ပြင် သူဌေးသားသည် လက်များကို စင်ကြယ်စွာဆေးကာ အခြောက်လှန်းထား သော်လည်း အခြွေအရံနှစ်ဦးမှာမူ လက်သုတ်ပဝါ မရှိပါက ပုဆိုးနှင့် သုတ်နေကျဖြစ်၍ အမှတ်တမဲ့ ပုဆိုးဖြင့် သုတ်မိကြလေ၏။

ဤ အချင်းအရာကို အခန်းတွင်းမှ ချောင်းကြည့်နေသော တောင်ပြင်သူဌေးသမီး မြင်လတ်သော် သူဌေးသား အစစ်အမှန်ကို ရွေးချယ်နိုင်ပြီး မြောက်ပြင်သူဌေးသား ကတော်ဘဝ ရောက်ရလေသတည်း။

ဆောင်ပုဒ် -

လိမ္မာလွန်းသော်
ဉာဏ်စွမ်းကျော်
ကတော်သူဌေးဖြစ်။

## လှချင်လွန်း၍ အရုပ်ဆိုးရသူ

အထက်အညာ ရွာကလေးတစ်ရွာ၌ သွားခေါနေသူ ကုန်သည် တစ်ယောက် ရှိ၏။ ထိုကုန်သည်မှာ တစ်ရွာဝင်တစ်ရွာထွက် ငါးခြောက်ငါးခြမ်း လိုက်လံ ရောင်းချရင်း အသက် မွေးကျောင်းရသူ ဖြစ်လေသည်။ တစ်ခါသော် ကုန်ရောင်းရင်း ရွာတစ်ရွာသို့ အရောက်တွင် အချိန်မရှိတော့၍ တစ်ညတာ တည်းခိုရန် နေရာလိုက်ရှာရာ ကံအားလျော်စွာ ဘုန်းကြီးကျောင်းပျက် တစ်ခု ကို တွေ့ရှိလေ၏။ ကုန်သည်လည်း ဘုန်းကြီးကျော်းပျက်ထဲသို့ ဝင်ရောက် လာရာ ဘုန်းကြီးတစ်ပါးကို တွေ့ရှိသဖြင့် တစ်ညဥ့်တည်းခိုခွင့် ပြုပါရန် လျှောက်ထားလေ၏။ ဘုန်းကြီးက ခွင့်ပြု၍ ကုန်သည်မှာ တစ်နေ့လုံး မောပန်း လာသည့်အလျောက် မိမိအထမ်းကိုချပြီး အိပ်ရာသို့ဝင်ကာ မှိန်းရင်း အိပ်ပျော် သွားလေ၏။ အမှန်စင်စစ် ထို ဘုန်းကြီးမှာ ဘုန်းကြီးယောင်ဆောင်နေသော တစ္ဆေသာဖြစ်၏။ ကုန်သည် အိပ်ပျော်သွားလျှင် တစ္ဆေသည် ကုန်သည်၏ ငါးခြောက် ငါးခြမ်းများကို ယူ၍ အားပါးတရ စားသောက်လေ၏။ ထို့နောက် ထိုမျှနှင့် မတင်းတိမ်သေး၍ ကုန်သည်၏ ခေါနေသည့် သွားများကို နှုတ်ယူ ကာ စုပ်ပြီးသော် အစဉ်အလိုက် ညီညာစွာ ပြန်လည် စိုက်ထားလိုက်လေ သည်။

နံနက်မိုးသောက် အလင်းရောက်၍ ကုန်သည်နိုးလာသော် သူ၏ သွားများ ဖြူဖွေးညီညာနေသည်ကို တွေ့ရှိရသဖြင့် ငါးခြောက်ငါးခြမ်းများကိုမျှ သတိမရတော့ဘဲ ဝမ်းသာအားရစွာဖြင့် ရွာသို့ပြန်ခဲ့လေ၏။ ရွာသို့ရောက်လျှင် တွေ့မြင်သူတိုင်းက ကုန်သည်၏သွားများ ခေါမထွက်တော့ပဲ ဖြူဖွေးညီညာ နေသည်ကို တအံ့တသြဖြစ်ပြီး အကြောင်းစုံကို မေးမြန်းစုံစမ်း ကြလေ၏။ ကုန်သည်ကလည်း မိမိတွေ့ကြုံခဲ့ရပုံကို ပြောပြရာ ကုန်သည်ကဲ့သို့ပင် သွားခေါ သူ ရေထမ်းသမား ကြားသိလေလျှင် ကုန်သည်နည်းတူ သွားများဖြူဖွေးညီညာ လိုသဖြင့် ငါးခြောက်ငါးခြမ်းများ ဝယ်ယူကာ ကုန်သည်ပြောသည့် ရွာသို့ သွားရောက်လေ၏။ ထိုရွာသို့ ရောက်လျှင် ဘုန်းကြီးကျောင်းပျက်ကို တွေ့ရ သည်နှင့် ကုန်သည်နည်းတူ ဘုန်းကြီးအား လျှောက်ထားကာ အိပ်ဟန်ဆောင် နေလေ၏။ ဘုန်းကြီးတစ္ဆေလည်း ရေထမ်းသမားအိပ်ပြီ ထင်မှတ်သည့် အလျောက် ငါးခြောက်ငါးခြမ်းများကို စားသောက်ပြီး ထိုရေထမ်းသမား၏ ခေါနေသည့် သွားများအား နုတ်ကာ စုပ်ယူလေ၏။

ထို့နောက် ဘုန်းကြီးတစ္ဆေသည် သွားများကို ပြန်လည် စိုက်ရာတွင် အိပ်ချင်ယောင်ဆောင်နေသော ရေထမ်းသမားက လှချင်လွန်း၍ 'အရင်လူ ထက် ပိုလှအောင် စိုက်ပေးပါနော်' ဟု ပြောလေ၏။ ဘုန်းကြီးတစ္ဆေလည်း ရေထမ်းသမား နိုးသည်ကို သိရ၍ ကြောက်ရွံ့စွာဖြင့် သွားများကို နဖူးပေါ်တွင် တစ်ချို့၊ ပါးပေါ်တွင် တစ်ချို့ ကမန်းကတန်း စိုက်ကာ ထွက်ပြေး ပျောက်ကွယ် သွားလေ၏။

ရေထမ်းသမားမှာ လှချင်လွန်းသည့် အတွက် မျက်နှာတစ်ခုလုံး ရစရာမရှိအောင် သွားများပေါက်ပြီး ဘီလူးသဖွယ် ကြောက်ရွံ့ဖွယ် ဖြစ်ရလေ သတည်း။

ဆောင်ပုဒ် -

အလှအပ
မက်လွန်းက
ဒုက္ခတွေ့မည်မှတ်။

# အကြံကောင်း၍သက်သာသော အစ်ကို

ရွာတစ်ရွာ၌ ညီအစ်ကိုနှစ်ယောက်ရှိ၏။ အစ်ကိုဖြစ်သူမှာ အလွန်ရိုးသား သလောက် ညီဖြစ်သူက အလွန်ပါးနပ်၏။ မိဘများ သေဆုံးသွားကြ၍ သူတို့ ညီအစ်ကို နှစ်ယောက်မှာ စောင်တစ်ထည်နှင့် နွားမတစ်ကောင်သာ အမွေ ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့လေသည်။

ညီဖြစ်သူက 'အစ်ကိုရေ၊ အစ်ကိုက လူကြီးဆိုတော့ နွားရှေ့ပိုင်းကို ယူပါ၊ ကျွန်တော်က လူငယ်ဖြစ်လို့ နွားနောက်ပိုင်းပဲ ယူပါ့မယ်၊ စောင်ကိုလဲ အစ်ကိုက လူကြီးဆိုတော့ နေ့လယ်မှာ အရင်အသုံးပြုပါ၊ ညကျမှ ကျွန်တော် သိမ်းထားပါ့မယ်' ဟု လေချိုနှင့် ပြော၏။ အစ်ကိုဖြစ်သူမှာ ရိုးအ,သူဖြစ်၍ ညီငယ်ပြောသမျှ ကောင်းသားပဲဟူ၍ ခေါင်းညိတ်နေလိုက်၏။ နွားမရှေ့ပိုင်းကို ပိုင်ဆိုင်သူဖြစ်သဖြင့် အစ်ကိုလုပ်သူက နေ့တိုင်း မြက်ရိတ်ကျွေးရ၏။ စောင် ကိုလည်း နေ့လယ်တွင် ဘာမျှအသုံးမပြုနိုင်၍ သိမ်းဆည်းထားရ၏။ ညီဖြစ် သူမှာ နွားမနောက်ပိုင်းကို ပိုင်ဆိုင်သူဖြစ်သောကြောင့် နေ့စဉ်နို့ညှစ်ပြီး ဝ အောင်သောက်၏။ ထို့နောက် ညပိုင်းရောက်သောအခါ စောင်ကိုယူကာ ခေါင်းမြီးခြုံပြီး အိပ်လေ့ရှိ၏။

ဤသို့နေလာကြ၍ အချိန်ကာလ ကြာမြင့်လာသောအခါ အစ်ကို ဖြစ်သူမှာ နေ့စဉ်နွားမကို မြက်ရိတ်ကျွေးရသော်လည်း နို့တစ်ခွက်မျှ မသောက်

ရ၍ စိတ်မကျေမနပ် ဖြစ်လာ၏။ ညဥ့်နက်လာသော အခါ၌လည်း ချမ်း၍ စောင်ခြုံလိုရာ ကတိပျက်မှာစိုးရိမ်၍ လုံချည်ကိုသာ ခြုံအိပ်ရသဖြင့် စိတ်ညစ်လာလေသည်။ တစ်နေ့တွင် အစ်ကိုဖြစ်သူသည် ညီဖြစ်သူထံမှ နွားနို့နှင့် စောင်ဝေစုရအောင် မည်သို့ပြုလုပ်ရမည်ကို အိမ်နီးချင်းဖြစ်သူ ဦးကြီးတစ်ဦးအား အကြံဉာဏ်တောင်းဆိုလေ၏။ ထိုအခါ ဦးကြီးဖြစ်သူက 'မင်းညီထံက နွားနို့နှင့်စောင် ဝေစုရအောင် ငါပြောသလိုလုပ်၊ နွားရှေ့ပိုင်းကို မင်းကပိုင်သူဖြစ်လို့ မင်းညီ နွားနို့ညှစ်တဲ့အခါ နွားမခေါင်းကိုရိုက်ပေး၊ စောင်ကိုလည်း နေ့လယ်ဘက်မှာ ရေဆွတ်ထား' ဟူ၍ အကြံပေးလေ၏။

အစ်ကိုဖြစ်သူသည် ဦးကြီးမှာကြားသည့်အတိုင်း ညီဖြစ်သူ နွားနို့ညှစ်သောအခါ နွားမခေါင်းကိုရိုက်၏။ နွားမသည် ခေါင်းကိုအရိုက်ခံရ၍ အငြိမ်မနေနိုင်ဘဲ ကန်ကျောက်လေ၏။ ညီဖြစ်သူမှာ နွားမ၏ကန်ကျောက်မှုကို ခံရပြီးနွားနို့လည်း ညှစ်၍မရသဖြင့် ဘာမှမစားရဘဲ တစ်နေ့လုံးထိုင်နေရ၏။ ညဥ့်ဦးပိုင်းရောက်၍ ဆာဆာနှင့် ခေါင်းမြီးခြုံအိပ်မည်ဟု စောင်ကိုသွားယူသောအခါ ရေစိုနေသဖြင့် မခြုံနိုင်ဖြစ်ရ၏။

ထိုအခါ ညီဖြစ်သူက အစ်ကို ဖြစ်သူအား 'အစ်ကိုရယ်နွားမခေါင်းကိုလည်း မရိုက်ပါနဲ့တော့၊ စောင်ကိုလည်း ရေမဆွတ်ပါနဲ့တော့၊ နွားမကို အတူတူ မြတ်ရိတ်ကျွေးပြီး နွားနို့ဝေသောက်ပါ့မယ်၊ စောင်ကိုလည်း ညကျ မျှခြုံပါ့မယ်' ဟူ၍ ပြောကြားလေ၏။

ဆောင်ပုဒ် -

အကြံကောင်းလျှင်
ဒုက္ခစင်
အစဉ်သုခတွေ့။

# ပညာရှိ ပရိယာယ်

တစ်ခါက ဘုရင်တစ်ပါးသည် နေပြည်တော် သာသနာပိုင်တင်မြှောက်ရန် ကိစ္စအတွက် အခက်ကြုံနေ၏။ သို့ဖြစ်၍ အတွင်းဝန်ဖြစ်သူအား အရှေ့တော်သို့ခေါ် ယူကာ သာသနာပိုင် တင်မြှောက်ရေးအတွက် အကြံဉာဏ်တောင်းလေ၏။ အတွင်းဝန်က 'သာသနာပိုင် တင်မြှောက်ရေးအတွက် စိုးရိမ်နှောင့်လို့ ကြောင့်ကြတော် မမူပါနှင့်၊ မည်သည့်ပုဂ္ဂိုလ် တင်မြှောက်ထိုက်သည် ရွေးချယ်ပေးပါမည်၊ ကျွန်တော်မျိုးပေးသည့် အကြံအတိုင်းသာ စီမံဆောင်ရွက်တော်မူပါဘုရား' ဟူ၍ လျှောက်ထားကာ မိမိ၏ အကြံဉာဏ်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မင်းကြီးလည်း သဘောကျနှစ်သက်တော် မူလေ၏။

အတွင်းဝန်၏ အကြံပေးချက်အရ ဘုရင်ကြီးသည် မြို့တော်လေးပြင်လေးရပ်ရှိ ဆရာတော်သံဃာတော်များ အားလုံးကို နန်းတော်သို့ ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းတော်မူ၏။ ဆရာတော်များ ဆွမ်းဘုဉ်းပေး၍အပြီးတွင် ဘုရင်ကြီးက 'ခုအလွန်ကြုံကြိုက်တဲ့ အခါကြီးပဲ၊ ဆရာတော် သံဃာတော်များ စုံလင်နေတဲ့အခါမှာ စာပေပရိယတ်အရာနှင့် ပတ်သက်လို့ မရှင်းမလင်းမှုများ ရှိရင် လျှောက်ထားပါလား' ဟူ၍ အတွင်းဝန်အား မိန့်တော်မူလေ၏။ ထိုအခါ ဘုရင်ကြီး၏အနားတွင် ခစားလျှက်ရှိသော အတွင်းဝန်က လက်အုပ်ချီ၍ 'မှန်လှပါ၊ စာပေပရိယတ်နှင့် ပတ်သက်၍ လျှောက်ထားရန်အကြောင်းမရှိပါ၊

ဆရာတော်များလည်း စာပလွေခင်း၍ ဆရာထံသင်ခဲ့ကြပါသည်၊ တပည့်တော်မျိုးလည်း ဆရာတော်များလိုပင် စာပလွေခင်းပြီး ဆရာထံက သင်ကြားခဲ့သဖြင့် အတူတူချင်း ဖြစ်ပါသည်။ တစ်စုံတစ်ရာ လျှောက်ထားမေးမြန်းသော်လည်း အကြောင်းထူးမည် မဟုတ်ပါဘုရား' ဟူ၍ လျှောက်တင်လေ၏။

အတွင်းဝန်၏ စကားကိုကြားသော် ဆရာတော်တစ်ပါးသည် သံဃာအလယ်မှ ရုတ်ချည်းထ၍ 'အောင်မာ၊ ထမိန်စုတ်ကြားက နတ်စကားပြောလိုက်လေကွာ၊ ကဲ ဘာမှမပြောနဲ့၊ ခုရှိတဲ့ ပိဋကတ်သုံးပုံ အကုန်လုံးမီးရှို့ပစ်လိုက်၊ အသစ်ပြန်ပြီး ရေးကြမယ်၊ သဝေထိုးတစ်လုံး မမှားရဘူး၊ မှားသူကနှမပေးစတမ်း၊ ရဲရဲ့လား' ဟု ဒေါပါပါနှင့် မိန့်တော်မူ၏။ ထိုအခါ အတွင်းဝန်က ရိုသေစွာ လက်အုပ်ချီလျက် 'မှန်လှပါ၊ သည်းခံတော်မူပါ ဘုရား၊ တပည့်တော်တို့ စိတ်ပါလို့ လျှောက်ထားခြင်း မဟုတ်ပါ၊ သာသနာပိုင် တင်မြှောက်ရန် ပုဂ္ဂိုလ်အရွေး ခက်နေ၍ လျှောက်ရခြင်း ဖြစ်ပါတယ်၊ အရှင်ဘုရားသည် သာသနာပိုင်ရာထူးနှင့် ထိုက်တန်သော ပုဂ္ဂိုလ်မြတ် ဖြစ်ပါတော့သည်ဘုရား' ဟူ၍ လျှောက်ထားလေ၏။

ဘုရင်ကြီးလည်း အတွင်းဝန်၏ အကြံဉာဏ်ပရိယာယ်ကောင်းပုံကို အထူးနှစ်သက် ချီးမွမ်းတော်မူကာ အတွင်းဝန် အကြံဉာဏ်ပေးသည့်အတိုင်း၊ ၎င်းဆရာတော်ကိုပင် သာသနာပိုင်အဖြစ် တင်မြှောက်လိုက်လေသတည်း။

ဆောင်ပုဒ် -

ကြီးမားပြည့်စုံ
ပညာဂုဏ်
လူ့ဘုံထင်ရှားမြဲ။



## လိမ္မာပါးနပ်၍ဆုလာဘ်ရသူ

တစ်ခါက ဘုရင်တစ်ပါးသည် မိမိအနား၌ အမြဲခစားလျက်ရှိသော အမတ်ကြီး တစ်ဦးအား မည်မျှပညာရှိသည်ကို သိလို၍ စူးစမ်းရန်ကြံစည်စိတ်ကူးမိ၏။ ထို့ကြောင့် ဘုရင်သည် အမတ်ကြီးအား 'ခုနှစ်ရက်အတွင်း ကြက်ဖမှ ကြက်ဥကို ရှာဖွေဆက်သရမည်၊ ကြက်ဖဥသော ကြက်ဥကိုရှာဖွေမတွေ့ရှိပါက အမတ်ကြီးအား ကွပ်မျက်မည်' ဟူ၍ မိန့်တော်မူ၏။

အမတ်ကြီးသည် ကြက်ဖမှဥသော ကြက်ဥကို ရှာမတွေ့နိုင်၍ တမှိုင်မှိုင်တတွေတွေဖြင့် စိတ်ထွေပြားလျက်ရှိ၏။ အမတ်ကြီး စိတ်ဒုက္ခရောက်နေသည်ကို မကြည့်ရက်သော မြေးဖြစ်သူက 'ဘိုးဘိုး ဘာဖြစ်လို့ တမှိုင်မှိုင် တတွေတွေ ဖြစ်နေရတာလဲဗျ' ဟု မေးရာ အဘိုးဖြစ်သူ အမတ်ကြီးက ဘုရင်မိန့်ဆိုချက်ကို မြေးဖြစ်သူအားပြန်ကြားပြောဆို၏။ မြေးဖြစ်သူက 'ဘိုးဘိုးရယ်၊ ဒီအကြောင်းနဲ့တော့ ဘာမှစိတ်သောက ဖြစ်မနေပါနဲ့၊ ဒီကိစ္စ ကျွန်တော့်တာဝန် ထားပါ' ဟု တာဝန်ယူ၏။ သို့ရာတွင် အမတ်ကြီးမှာ မြေးဖြစ်သူ၏ အားပေးချက်ကို မယုံကြည်နိုင်ဘဲ 'ခုနှစ်ရက်နေ့ရောက်လျှင် အသက်ပျောက်ရချည့်ရဲ့' ဟူ၍ ပူဆွေးသောကရောက်လျက်ရှိ၏။

ခုနစ်ရက်စေ့သောအခါ မြေးဖြစ်သူက အမတ်ကြီးအား 'ဘိုးဘိုး၊ ညပိုင်းကျမှ ဘုရင်ကြီးရှေ့မှောက် ဝင်ရောက်ခစားပေတော့၊ ဒီမနက်တော့

ကျွန်တော်သွားပြီး ဘိုးဘိုးပြဿနာကို ကျွန်တော့်အစွမ်းနှင့် ဖြေရှင်းခဲ့မယ်' ဟု ပြောဆိုကာ နန်းတော်သို့ဝင်ရောက်၍ ဘုရင့်ရှေ့မှောက် ခစားလေ၏။ ဘုရင်မင်းမြတ်က မည်သည့်ကိစ္စအတွက် ခစားရသည်ကို မေးမြန်းသောအခါ အမတ်ကြီး၏ မြေးဖြစ်သူက ၎င်း၏အဘိုးအမတ်ကြီးမှာ ဘုရင်မင်းမြတ် အလိုရှိသည့် ကြက်ဖမှဥသည့် ကြက်ဥကို လိုက်လံရှာဖွေရာ တွေ့ရှိသော်လည်း ယနေ့နံနက်ပင် မီးနေဝင်နေသဖြင့် ကြက်ဥကို လာရောက်မဆက်သနိုင်ကြောင်း လာရောက်လျှောက်ထားပါသည် ဟု ဆို၏။

ဘုရင်မင်းမြတ်က အမတ်ကြီးမှာ ယောကျ်ားဖြစ်၍ မီးနေဝင်ရသည်ဆိုခြင်းမှာ သဘာဝအတိုင်းမဟုတ်၍ ယုတ္တိမရှိဟု မိန့်ဆိုရာ အမတ်ကြီး၏ မြေးဖြစ်သူက 'အဘိုး အမတ်ကြီးသည် ယောကျ်ားဖြစ်၍ မီးနေမဝင်နိုင်သော် ကြက်ဖသည်လည်း အထီးဖြစ်၍ ဥ မဥနိုင်ပါဘုရား' ဟု ရဲဝံ့စွာ လျှောက်တင်လေ၏။

ဘုရင်မင်းမြတ်လည်း အမတ်ကြီး၏ လျှောက်ချက်ကြားလျှင် ဝမ်းသာအားရဖြစ်ကာ အမတ်ကြီးမြေး၏ ပါးနပ်လိမ္မာပုံကို ချီးမွမ်းပြောဆိုပြီး ဆုလာဘ်များပေးကမ်း ချီးမြှင့်တော်မူ၏။

ဆောင်ပုဒ် -

လိမ္မာပါးနပ်

စကားတတ်

ဆုလာဘ်ရစမြဲ။

# အကြံပိုင်၍ ကြွေးပြန်ရခြင်း

ရှေးအခါက ရွာတစ်ရွာ၌ အဘိုးအိုတစ်ယောက် ရှိ၏။ ၎င်း အဘိုးအိုသည် လိမ်လည်ကောက်ကျစ်ခြင်း၊ ပရိယာယ် ဝေဝုစ်သုံးခြင်းကို အနည်းငယ်မျှ မနှစ်သက်။ တိကျမှန်ကန်မှုကိုသာ နှစ်သက်သူ ဖြစ်လေသည်။

တစ်နေ့၌ ရွာသား လူလည်တစ်ယောက်သည် ၎င်းအဘိုးအို၏ တိကျမှုနှင့် ပတ်သက်၍ မည်သို့ ကြံဖန် အနိုင်ယူရမည်ကို စိတ်ကူးလေ၏။ ထို့နောက် အကြံရ၍ အဘိုးအိုထံသို့ သွားရောက်ကာ 'ဒေသန္တရ ဗဟုသုတ ရှာမှီးရန် ခရီးထွက်လိုသဖြင့် ငွေတစ်ရာ ခေတ္တချေးပါ၊ နှစ်လရှိရင် ပြန်ပေးပါ့မယ်' ဟု ဆိုကာ ငွေချေးလေ၏။ အဘိုးအကိုက 'ရွာသားချင်း အသုံးလိုရင် ငွေချေးဖို့ အရေးမကြီးပါ၊ တိကျမှန်ကန်ဖို့သာ အရေးကြီးပါတယ်၊ မင်းမှာ သစ္စာ လူမှာကတိဆိုတာ နားလည်ပါရဲ့လားကွယ်' ဟုပြောလေ၏။ 'နားလည် ပါတယ် ဘကြီးရယ်၊ နှစ်လရှိရင် ကတိအတိုင်း ဘကြီးငွေ ပြန်ပေးပါ့မယ်' ဟု ဆိုသဖြင့် အဘိုးအိုလည်း ရွာသား လူလည်အား 'အေး ကောင်းပြီ၊ မင်းကတိ တည်စေနော်' ဟုဆိုကာ ငွေတစ်ရာ ချေးလိုက်လေ၏။

နှစ်လပြည့်သောအခါ အဘိုးအိုလည်း ရွာသားလူလည်ထံ သွား ရောက်၍ ကြွေးငွေတစ်ရာကို ကတိအတိုင်း ပေးဆပ်ရန် ပြောလေ၏။ ရွာသား လူလည်က ကောင်းကင်ကို လက်ညှိုးထိုးပြလျက် 'ဘကြီးရယ်၊ ကောင်းကင်ကို

လဲ ကြည့်ပါဦး၊ နှစ်လရှိမှ ပေးရမယ်ဆိုတာ ခု တစ်လပဲ ရှိပါသေးတယ်’ ဟု ဆိုသဖြင့် အဘိုးအိုလည်း မည်သို့မျှ ပြန်မပြောတော့ပဲ နေအိမ်သို့ ပြန်သွားလေ၏။ နှစ်ရက်ခန့်အကြာတွင် အဘိုးအိုသည် ရွာသားလူလည်ထံသို့ ရောက်လာကာ ကြွေးလာတောင်းပြန်၏။ ရွာသားလူလည်လည်း ရှေးနည်းတူ နှစ်လရှိမှ ကြွေးဆပ်နိုင်မည် ဆိုသဖြင့် အဘိုးအိုလည်း လက်လျှော့ပြန်ခဲ့ရလေ၏။

ရွာသားလူလည်သည် ‘တိကျတဲ့ အဖိုးကြီးတော့ ဒီတစ်ခါ ထိပြီ’ ဟူ၍ ဝမ်းသာနေစဉ် အဘိုးအိုသည် ကြွေးတောင်းရန် ရောက်လာပြန်၏။ ရွာသား လူလည်က ‘ဘကြီးရယ်၊ တစ်လပဲ ရှိသေးတာ ဘာဖြစ်လို့ လာရပြန်တာတုန်း’ ဟု မေးလေ၏။ အဘိုးအိုက ‘နှစ်လရှိလို့ လာတာပေါ့မောင်’ ဟု ပြော၍ ရွာသားလူလည်က ကောင်းကင်ကို လက်ညှိုးထိုးပြရင်း ‘ဘယ်မှာ နှစ်လရှိလို့လဲ ဘကြီးရဲ့၊ ဟိုမှာ ကြည့်ပါဦး၊ တစ်လပဲ ရှိနေတာ’ ဟု ဆို၏။

အဘိုးအိုက အပေါ်အင်္ကျီအိတ်ထဲမှ မှန်ဝိုင်းကလေး တစ်ချပ်ကို ထုတ်ယူကာ ‘ကောင်းကင်မှာ တစ်လ၊ ဒီမှန်ထဲမှာ တစ်လ၊ နှစ်လရှိပြီ၊ မောင် ဘကြီးထံက ချေးယူတဲ့ အကြွေးတစ်ရာ ပြန်ဆပ်ပေတော့၊ ခု တစ်ခါတော့ ငြင်းမယ်ကြံမနေနဲ့’ ဟု လေသံ ခပ်မာမာဖြင့် ပြောရာ ရွာသားလူလည်လည်း မငြင်းသာတော့ဘဲ ချေးငွေတစ်ရာကို အဖိုးအိုအား ပြန်ဆပ်လိုက်ရလေသတည်း။

ဆောင်ပုဒ် -

သေချာတိကျ
နည်းမှန်က
တုပမချေသာ။

## မစင်နှင့်ပဲပုပ် မှားသူ

ရွာတစ်ရွာမှာ ကုန်သည်တစ်ယောက်သည် အရောင်းအဝယ် ကိစ္စဖြင့် ပြည်နယ်တစ်ခုသို့ ခရီးထွက်ခွာလာရာ ရွာတစ်ရွာအရောက်တွင် အိမ်တစ်အိမ်၌ တည်းခိုလေ၏။ ညဘက်၌ အခင်းသွားလို၍ အိမ်သာသို့ သွားရာ လူရှိသဖြင့် အိမ်သာဘေးတွင်ပင် မစင်စွန့်ခဲ့၏။ ထိုသို့ အိမ်သာဘေးတွင် မစင်စွန့်သည်ကို အိမ်ရှင်က သိ၍ မစင်အရမ်းစွန့်လျှင် နတ်ဖမ်းစားတတ်ကြောင်း ပြောကြား၏။ ကုန်သည်လည်း အိမ်ရှင်၏လှည်းကို ငှားရမ်းကာ ခရီးဆက်လက် ထွက်ခွာလာရာတွင် လမ်းခရီးတစ်လျှောက်၌ နတ်ယုံကြည်သူ လှည်းဆရာကြီး ကျေနပ်အောင် မစင်ကို အရမ်းမစွန့်ဘဲ ဝါးကျည်တောက်၌သာ စွန့်ပြီး လုံခြုံအောင် အဖုံးပိတ်ထား၏။ သို့ဖြင့် အရောင်းအဝယ် ကိစ္စများ ပြီးစီး၍ ထိုလှည်းဖြင့်ပင် မိမိရွာသို့ ပြန်လာခဲ့ရာ အိမ်သို့အရောက်တွင် လှည်းဆရာကြီးအား ခေါ်ကာ မြစ်ဆိပ်သို့ ရေချိုးဆင်းကြ၏။

ကုန်သည်၏ ဇနီးဖြစ်သူမှာ လှည်းပေါ်မှ ပစ္စည်းများကို ချထားသိမ်းဆည်းရာ၌ ဝါးကျည်တောက်ကို တွေ့ရှိ၍ ဖွင့်ကြည့်ရာ မစင်ခြောက်များကို ပဲပုပ် ထင်မှတ်သည်နှင့် ဝမ်းသာအားရ ပဲပုပ်ဟင်းချက်လေ၏။ ထို့နောက် အိမ်နီးချင်းများကိုလည်း ပဲပုပ်ဟင်း ဝေငှရာ အားလုံးကပင် မြည်းစမ်းကြည့်ပြီး 'တယ်ကောင်းတာပဲ' ဟု ဆိုကြ၏။

ကုန်သည်လည်း ရေချိုးဆိပ်မှ ပြန်လာရာတွင် မယားဖြစ်သူအား 'ဘာဟင်းချက်သလဲ' ဟုမေး၏။ မယားဖြစ်သူက သူပါလာတဲ့ ပဲပုပ်ချက်ကြောင်း ပြောကြား၏။ ယောကျ်ားဖြစ်သူက 'ငါမှ ပဲပုပ်မယူခဲ့တာ' ဟုဆိုရာ မယားဖြစ်သူက 'ဝါးကျည်တောက်ထဲကဟာ ပဲပုပ် မဟုတ်ဖူးလား' ဟု မေးမြန်းလေ၏။ ကုန်သည်က ၎င်းစွန့်ထားသည့် မစင်ခြောက်များသာ ဖြစ်ကြောင်း အကျိုးအကြောင်းစုံ ပြောပြ၍ မယားဖြစ်သူမှာ'အိမ်နီးနားချင်းတွေတောင် ဝေငှပြီးလို့ မြည်းစမ်းစားပြီးကြပြီ၊ ခုတော့ ဘယ့်နှယ်လုပ်မလဲ' ဟု ကျိတ်၍ အော့အန်လေ၏။

ယောကျ်ားဖြစ်သူ ကုန်သည်က 'ဘယ့်နှယ်လုပ်မလဲ၊ မင်းတို့က အစားဆို ဘာမှ မမေးမြန်း မစုံစမ်းချင်ဘူး၊ အလျင်စလို စားချင်တာ ထိတာပဲ ကောင်းတယ်' ဟု ဆိုလေ၏။

ဆောင်ပုဒ် -

အစားအသောက်
မှီးလိုတောက်
တောက်လျှောက်မှားတတ်သည်။

## အသက်ကြီးသော်လည်း အမြဲရဲရင့်သည့် ဘုရင်ကြီး

တစ်ခါက နိုင်ငံတစ်ခုတွင် ဘုရင်ကြီးတစ်ပါး မင်းပြု၏။ ထို ဘုရင်ကြီးသည် အလွန်ရဲရင့်၍ သူရသတ္တိနှင့် ပြည့်စုံသူဟု ကျော်ကြားလေ၏။ တစ်ခါသော် ညီလာခံတစ်ခု၌ လက်ရုံးဆန့်တန်း၍ သန်းဝေတော်မူရာ ဘုရင်ကြီးမှာ သက်တော် ကြီးပြင်းလာပြီဖြစ်၍ လက်ပျဉ်းကျသည့် အတွက် အမတ်တို့လည်း ရယ်ကြကုန်၏။ ဘုရင်ကြီးလည်း အမတ်တို့သည် ငါ့အား အိုမင်းမစွမ်း ထင်၍ ရယ်သွေးသွမ်း ကြကုန်သည်။ ငါ့အကြောင်းကို သိစေအံ့ဟုကြံကာ 'ဟယ် အမတ်တို့၊ မြို့တော်အနီးရှိ တောင်ခြေ၌ ညနေတိုင်း ဦးပေါင်းကျားနှင့် မြင်းကျားကိုစီး၍ သောင်းကျန်းနေသော လူဆိုးကြီးတစ်ဦး ထကြွနေသည်ကို ဘယ်အတွက် မနှိမ်နင်းကြသနည်း၊ နက်ဖန် ထိုလူဆိုးအား ဖမ်းဆီး ဆက်သရမည်၊ မဖမ်းဆီးနိုင်သော် သင်တို့အား ကွပ်မျက်အံ့' ဟု မိန့်တော်မူ၏။

အမတ်တို့လည်း ဘုရင်ကြီး၏ အမိန့်ကို ကြောက်ရွံ့သည့်အတွက် မြို့တော်၏ တောင်ခြေသို့ သွားရောက်သည့်အခါ ဦးပေါင်းကျားနှင့် မြင်းကျားကို စီးလျှက် ဓားရေးပြနေသော လူဆိုးကို တွေ့ရလေ၏။ အမှန်စင်စစ် လူဆိုးမှာ အယောင်ဆောင်နေသော ဘုရင်ကြီးသာ ဖြစ်၏။ အမတ်တို့လည်း လူဆိုးကို ဘုရင်ကြီးမှန်း မသိရှိသည့်အတွက် ဖမ်းဆီးရန် ချဉ်းကပ်လာကြ၏။ လူဆိုးဟန်ဆောင်နေသော ဘုရင်ကြီးသည် မြင်းကျားကိုစီးကာ မြင်းစီးပုံ အမျိုး

မျိုးကို ပြ၏။ ထို့နောက် ဖမ်းရန်လာသော အမတ်များကြားသို့ ထိုးဖောက်ဝင်ရောက်၍ ဓားရေးအမျိုးမျိုးကို ပြ၏။ နောက်ဆုံး၌ ဘုရင်ကြီးသည် အမတ်တို့အား ကျောကို ဓားပြားနှင့် တစ်ချက်စီရိုက်ကာ မြင်းကျားကို အဟုန်ပြင်းစွာ နှင်လျှက် နန်းတော်သို့ ပြန်လာခဲ့၏။ ကျောကို ဓားပြားနှင့် တစ်ချက်စီ အရိုက်ခံရသော အမတ်တို့လည်း လူဆိုး၏ သတ္တိရှိပုံနှင့် လျင်မြန်ပုံကို ချီးမွမ်းမဆုံး ဖြစ်ရလေ၏။

နောက်တစ်နေ့ ညီလာခံ၌ ဘုရင်ကြီးသည် တောင်ခြေ၌ ထကြွသောင်းကျန်းနေသည့် လူဆိုးကို ဖမ်းမိလာပြီလောဟု မေးမြန်းတော်မူ၏။ အမတ်တို့လည်း ထိုလူဆိုးမှာ အလွန်တရာ သူရသတ္တိနှင့် ပြည့်စုံပြီး လျင်မြန်ဖျက်လတ်သူဖြစ်၍ မိမိတို့ဖမ်းဆီးရန် မတတ်နိုင်ကြောင်း လျှောက်ထားကြ၏။

အမတ်တို့၏ လျှောက်တင်ချက်ကို ကြားလျှင် ဘုရင်ကြီးလည်း 'အမတ်တို့၊ သင်တို့သည် ငါ့အား အိုမင်းမစွမ်း ထင်ကြသည်၊ ငါကား မအိုသေး' ဟု မိန့်ဆိုတော် မူ၏။ ထိုအခါမှ လူဆိုးသည် ဘုရင်ကြီးဖြစ်မှန်း သိရ၍ အမတ်တို့သည် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြကုန် သတည်း။

ဆောင်ပုဒ် -

သတ္တိစွမ်းအား
ပြည့်စုံငြား
အများရှိသေသည်။

## ရောင့်ရဲ၍ပျော်ရွှင်ရခြင်း

တစ်ခါက ရေထမ်း၍ရောင်းသော ဆင်းရဲသား တစ်ယောက်ရှိ၏။ ထိုဆင်းရဲသား ရေသည်သည် ပစ္စည်းဥစ္စာ ကြွယ်ဝသော သူဌေးကြီးတစ်ဦး၏ အိမ်အနီး၌ နေထိုင်လေ၏။ အရုဏ်တက်အချိန်တွင် အိပ်ရာမှထ၍ ရေတွင်းမှ ရေများကို ခပ်ကာ သံပုံးနှစ်လုံးတွင် ထည့်ပြီး ထမ်းပိုးတွင်ချိတ်လျက် ရေမှာထားသည့် အိမ်များသို့ သယ်ယူပို့ဆောင် ရောင်းချလေသည်။ ယင်းသို့ လုပ်ကိုင်ရင်း ပျော်ရွှင်စွာ သီချင်းဟစ်အော် ဆိုလေ့ရှိသည့် ဆင်းရဲသားကို သူဌေးကြီးသည် နေ့စဉ် မြင်ရလျှင် အပူအပင် အကြောင့်အကြမရှိ နေတတ်သူ ဖြစ်ပါပေသည်ဟူ၍ စွဲမှတ်ထား၏။

ဆင်းရဲသားရေသည်လည်း နေမွန်းတည့်လျှင် နေအိမ်သို့ပြန်၍ နံနက်ထမင်း ချက်စားပြီး အမောအပန်း ဖြေလေ၏။ ဤကဲ့သို့ အနားယူစဉ် ဆင်းရဲသားရေသည်လည်း ပျော်ရွှင်စွာ သီချင်းဟစ်ဆို ပြန်လေ၏။ သူဌေးကြီးသည် ပစ္စည်းဥစ္စာ ကြွယ်ဝသည့်အလျောက် စိုးရိမ်ကြောင့်ကြမှု များကာ ညပိုင်းတွင် ကောင်းစွာအိပ်မပျော်သဖြင့် နေ့လယ်တွင် အိပ်စက်ရန် ကြံစည်နေစဉ် ဆင်းရဲသား ရေသည်အား ခေါ်၍ ‘နေ့စဉ် နေ့တိုင်း အပူအပင် အကြောင့်အကြမရှိ ပျော်ရွှင်စွာ သီချင်းဟစ်ဆိုနိုင်သည့် အတွက် ညစဉ်အိပ်မပျော်သောငါမှာ အားဆေးသဖွယ် ဖြစ်ရသည်။ သို့အတွက် အလိုရှိရာ

သုံးစွဲလေ’ ဟု အသပြာ ငွေတစ်ရာကို ပေးလေ၏။ ရေသည် ဆင်းရဲသားသည် အိမ်သို့ ရောက်လျှင်ရောက်ချင်း ထိုအသပြာ ငွေထုပ်ကို မြေ၌ မြှုပ်ထားလေ၏။

ထိုငွေရရှိသည့်နေ့မှစ၍ ဆင်းရဲသားရေသည်လည်း ငွေထုပ်အတွက် စိုးရိမ်ကြောင့်ကြမှု များလာလျှက် ယခင်ကကဲ့သို့ အလုပ်တွင် ပျော်ရွှင်ခြင်း မရှိ။ သီချင်းလည်း မဆို၊ ညဘက်တွင်လည်း နှစ်ခြိုက်စွာ အိပ်မပျော် ဖြစ်လာလေ၏။

ဤသို့ နေ့စဉ်နေ့တိုင်း စိတ်သောက ရောက်ရသည်ကို ဆင်းရဲသား ရေသည်လည်း ဒုက္ခမခံနိုင်ဖြစ်ရကာ ငွေထုပ်ကို မြေ၌မြှုပ်ထားရာမှ တူးဖော်ကာ သူဌေးကြီးထံသို့ သွားရောက်လေ၏။

သူဌေးကြီးလည်း ရေသည်၏ သီချင်းသံကို ယခင်ကကဲ့သို့ မကြားရသောကြောင့် စိတ်ပျက်လျှက်ရှိစဉ် ရေသည် ဝင်ရောက်လာသည်ကို တွေ့ရှိ၍ ‘ယခင်ကကဲ့သို့ ပျော်ရွှင်စွာ သီချင်းဆိုသံကို မကြားရပါလား’ ဟု ပြောလေ၏။

ဆင်းရဲသားရေသည်က ‘ကျွန်ုပ်ပျော်ရွှင်စွာ သီချင်းမဆိုနိုင်သည်မှာ သူဌေးကြီးပေးသော ငွေထုပ်ကြောင့် ဖြစ်ပါသည်။ ငွေထုပ်အတွက် နေ့ရှိသရွေ့ ပူပင် နေရသဖြင့် သီချင်းဆိုချင်စိတ် မရှိတော့ပါ။ ထို့ကြောင့် ယင်းငွေထုပ်ကို ပြန်လာပို့ပါသည်။ တစ်ဝမ်းတစ်ခါး လုံလောက်သည်ထက် ငွေကြေးအပိုကို အလိုမရှိချင်တော့ပါ။ သူဌေးကြီးပေးသော ငွေထုပ် သူဌေးကြီး ပြန်လက်ခံပါ။ ဒါမှ ကျွန်ုပ်၏ သီချင်းသံကို ကြားရပါလိမ့်မည်’ ဟု ဆိုကာ ငွေထုပ်ကိုချ၍ ထွက်သွားလေ၏။

ဆောင်ပုဒ် -

ရောင့်ရဲပါက
ပျော်ရွှင်ရ
မုချစိတ်ချမ်းသာ။

# အများအကျိုးဆောင်၍ အသက်ရှည်ရသော မင်းသား

ရှေးအခါက မင်းသားတစ်ပါးသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသို့ ပညာသင်ကြားရန် ရောက်ရှိလာလေ၏။ ဆရာကြီးလည်း မင်းသားအား ပညာမျက်စိဖြင့် အကဲခတ်ကြည့်ရာ၌ ထိုနေ့မှစ၍ ခုနစ်ရက်မြောက်နေ့တွင် သေဆုံးဖွယ် ရှိသည်ကို မြင်၍ 'ယနေ့မှစ၍ နောက်ခုနစ်ရက် လွန်မှသာ အသင်မင်းသား ပညာသင်ကြားလျှင် တတ်မြောက်ဖွယ်ရှိသည်။ ယခု အခါ မရောက်သေး၍ နေရပ်ပြန်ပေဦး၊ ခုနစ်ရက်ကျော်မှ ဆရာ့ထံ ပြန်လာခဲ့ပါ' ဟု ပြောဆိုသဖြင့် မင်းသားလည်း နေပြည်တော်သို့ ပြန်လာခဲ့လေ၏။ လမ်းခရီး၌ မင်းသားသည် ရေငတ်၍ ရေရှာရာတွင် ရေအနည်းငယ်သာ ရှိသော ရေအိုင်ကို တွေ့ရှိရလေ၏။ ထိုရေအိုင်၌ ငါးများစွာရှိ၍ မင်းသားလည်း 'ဤငါးများသည် လေးငါးရက်ကြာလျှင် ရေခန်းခြောက်၍ သေရတော့မည်' ဟူ၍ စိတ်မကောင်းဖြစ်ကာ ရေများသည့်အိုင်ကို ထပ်မံရှာဖွေရာတွင် စမ်းချောင်းတစ်ခုကို တွေ့ရှိသဖြင့် ရေအနည်းငယ်သာရှိသော ရေအိုင်မှ ငါးများကိုဖမ်းကာ စမ်းချောင်းတွင် လွှတ်လိုက်လေ၏။

ထို့နောက် မင်းသားလည်း ခရီးဆက်လက် ထွက်ခွာခဲ့ရာ ညောင်ပင်ကြီး တစ်ပင်သို့ ရောက်ရှိလာ၏။ ၎င်း ညောင်ပင်ကြီးမှ အကိုင်းတစ်ကိုင်းသည်

လူသွားလမ်းပေါ်သို့ ကိုင်းညွတ်နေသဖြင့် လူအများ အသွားအလာ လွယ်ကူစေရန်အတွက် ဝါးလုံးတစ်ခုကို ရှာဖွေကာ ခွလုပ်ပြီး ညောင်ပင်အကိုင်းကြီးကို မ,ထောက်ခဲ့လေ၏။ မင်းသားလည်း ဆက်လက် ခရီးထွက်ခဲ့ပြန်ရာ လူအများ ရှောင်ကွင်း၍မလွတ်သော ရေမြောင်းငယ်နှင့် ဗွက်တစ်ခုကို တွေ့ရှိလေ၏။ မင်းသားလည်း ခရီးသွားများ ဖြတ်သန်းသွားလာမှု လွယ်ကူစေရန်အတွက် သစ်ဝါးများကို ရှာဖွေကာ တံတားငယ်တစ်ခု ပြုလုပ်ပြီး ထိုရေမြောင်းနှင့် ဗွက်ကို ကျော်ဖြတ် ခင်းပေးခဲ့လေ၏။

မင်းသားလည်း နေပြည်တော်သို့ ပြန်ရောက်၍ ခုနစ်ရက် ကျော်လာသည့်အခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသို့ ပညာသင်ကြားရန် ထပ်မံသွားရောက်လေ၏။ ဆရာကြီးလည်း မင်းသားရောက်လာသည်ကို အံ့ဩကာ 'အသင်မင်းသား ဆရာ့ထံမှ နေပြည်တော်သို့ ပြန်အသွား လမ်းခရီး၌ မည်သည့်ကောင်းမှုများ ပြုခဲ့သနည်း' ဟူ၍ မေးမြန်းလေ၏။ မင်းသားက 'လမ်းခရီး၌ ငါးလွှတ်ခြင်း၊ ညောင်ထောက်ခြင်း၊ တံတားခင်းခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့ပါသည်' ဟူ၍ ဖြေကြားလေ၏။

ဆရာကြီးလည်း 'တစ်ပါးသူ စိတ်ချမ်းသာအောင် ပြုလုပ်ခဲ့သော ကုသိုလ် အကျိုးဆက်က ဆရာ့တပည့်အား ကူညီထောက်ပံ့ခြင်း ပြုလေသည်' ဟူ၍ မိန့်ကြားကာ မင်းသား၏ လူမှုဝန်ထမ်းလုပ်ငန်း ဝါသနာထုံပုံကို ချီးကျူးပြောဆိုလေ၏။

ဆောင်ပုဒ် -

အများအကျိုး
ဆောင်သယ်ပိုး
ဆတိုး အသက်ရှည်။

# ပြဿနာတိုင်း ဖြေရှင်းတတ်သော အမတ်ကြီး

တစ်ခါက တိုင်းပြည်တစ်ပြည်တွင် ပညာရှိ အမတ်ကြီးတစ်ဦးရှိသည်။ ထို ပညာရှိ အမတ်ကြီးသည် ဘုရင်၏ ချီးမြှောက်ခြင်းကို ခံယူရရှိ၍ အချို့အမတ်များက မနာလိုဘဲ ရှိကြ၏။ တစ်ခုသော ညီလာခံတွင် ပညာရှိအမတ်ကြီး အခစား မဝင်၍ ဘုရင်ကြီးက 'ပညာရှိ အမတ်ကြီး နေမကောင်းဖြစ်၍ အခစားမဝင်ဘဲ နေပြီထင်တယ်' ဟု မိန့်ကြားတော်မူ၏။ ပညာရှိအမတ်ကြီးအား မနာလိုသော အမတ်ကြီးအချို့က အခွင့်ကောင်းယူ၍ အခစားမဝင်တာ နေမကောင်း၍ မဟုတ်၊ ဘုရင်ကြီးကို မကြည်ညို၍ ဖြစ်ကြောင်း လျှောက်တင်ကြ၏။ ဘုရင်ကြီးက 'ပညာရှိ အမတ်ကြီးဖြစ်၍ ဤသို့ စိတ်ရှိမည် မထင်' ဟု မိန့်ကြားတော်မူ၏။ ယင်းအမတ်ကြီးများက 'မှန်ပါ၊ ပညာရှိအမတ်ကြီး အခစား ဝင်ချိန်၌ ငါကိုယ်တော် ထီးနန်းရိပ်ကြုံ ခိုလှုံရတာ ငြီးငွေ့ပြီး တောထွက်ရရင် မကောင်းဘူးလားဟု အမေးတော်ရှိလျှင် ပညာရှိအမတ်ကြီးသည် တားမြစ်ခြင်း မပြုဘဲ သင့်လျော် ကောင်းမြတ်ကြောင်းပါ ဘုရား ဟူ၍သာ လျှောက်တင်ပါလိမ့်မည်' ဟု ကုန်းချော လျှောက်တင်ကြ၏။

နောက်တစ်နေ့ ညီလာခံ၌ ဘုရင်ကြီးသည် ကုန်းချောအမတ်ကြီးများ လျှောက်တင်ကြသည့် အတိုင်း ပညာရှိ အမတ်ကြီးအား ထီးနန်းစွန့်၍ တောထွက်လျှင် ကောင်းမကောင်း မေးမြန်းတော်မူ၏။ အမတ်ကြီးလည်း ဘုရင်ကြီး

မှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်သောကြောင့် သင့်မြတ်ကောင်းမွန်သော အကြံအစည် ဖြစ်ကြောင်းကို ရိုးရိုးပင် လျှောက်တင်မိ၏။ ဘုရင်ကြီးသည် နှလုံးမသာမယာဖြစ်ကာ ညီလာခံသဘင် ခန်းမဆောင်မှ အတွင်းတော်သို့ ဝင်တော်မူလေ၏။

ဤအချင်းအရာကို မြင်တော်မူသော ပညာရှိအမတ်ကြီးသည် မိမိ လျှောက်တင်လိုက်သော စကားကြောင့် ဘုရင်ကြီးအမျက်ဒေသ ထွက်သွားသည်ကို သိရှိရ၍ အိမ်သို့ အမြန်ပြန်လာခဲ့၏။ ထို့နောက် အကြံအစည် တစ်ခုရ၍ ဆတ္တာသည်ကို ခေါ်ကာ ကတုံးရိတ်လေ၏။ နောက်တစ်နေ့ နံနက် အရုဏ်တက်ချိန်၌ ပညာရှိအမတ်ကြီးသည် အဝတ်ဖြူကို ဝတ်ကာ ကြေးစည် တစ်လုံးကို လက်၌ကိုင်ပြီး ဘုရင်မင်းမြတ် မျက်နှာသန့်စင်ရာ ပြတင်းတည့် တည့်၌ သွား၍ ရပ်လေ၏။ ဘုရင်ကြီးလည်း မျက်နှာသန့်စင်ရန် ပြတင်းသို့ ထွက် လိုက်သည့်အခါ ကြေးစည်သံနှင့်အတူ ဖိုးသူတော်အဝတ်နှင့် လူကို တွေ့၍ 'အောက်က သူတော် ဘယ်ကလဲ' ဟူ၍ မေးမြန်းတော်မူ၏။ ပညာရှိ အမတ်ကြီးကလည်း 'မှန်ပါ၊ ကျွန်တော်မျိုး အမတ်ကြီးပါ ဘုရား' ဟု လျှောက်တင်လေလျှင် ဘုရင်ကြီးက 'အမတ်ကြီးဖြစ်ရင် ဖိုးသူတော်ဝတ်နှင့် စောစောစီးစီး ဘာလုပ်နေတာလဲ' ဟု အမေးတော် ရှိလေ၏။

ပညာရှိအမတ်ကြီးက 'မှန်ပါ၊ အရှင်မင်းမြတ် တောထွက်ပါလျှင် ရေပူရေချမ်း ကမ်းလှမ်းလိုက်ပါလိုသဖြင့် လာရောက် စောင့်စားကြောင်းပါ ဘုရား' ဟု လျှောက်တင်တော်မူ၏။ ဘုရင်ကြီးလည်း ပညာရှိအမတ်ကြီး၏ ပညာဉာဏ် ကြီးရင့်ပုံကို နှစ်သက်တော်မူ၍ အမျက်တော်ပြေကာ ဆုလာဘ် များ ချီးမြှင့်တော်မူသတည်း။

ဆောင်ပုဒ် -

ကြီးမားပညာ
ပြဿနာ၊
ဘယ်ခါမရှိတတ်။

## ရဲရင့်သူနှင့် အမတ်ကြီး

တစ်ခါက ရဲရင့်သူကို နှစ်သက် သဘောကျလေ့ ရှိသော အမတ်ကြီးတစ်ဦးသည် တောရွာများသို့ ခရီးလှည့်လည်လေ၏။ ရွာတစ်ရွာသို့ ရောက်သောအခါ ဆင်းရဲသား အပေါင်းအဖော် တစ်စုသည် ရွာအဝင် မန်ကျည်းပင်တစ်ပင်၌ တေးတစ်ကြော်ကြော်ဖြင့် မန်ကျည်းရွက်နုများ ဆွတ်ခူးနေသည်ကို တွေ့ရှိရ၏။ အမတ်ကြီးသည် ထိုလူစုထဲ၌ ရဲရင့်သူ ပါမပါ စုံစမ်းလို၍ မိမိနောက်ပါ စစ်သည်တော်များကို ပရိယာယ်ဖြင့် 'ဟေ့ မန်ကျည်းပင်ပေါ်က ဆင်းရဲသားတွေ၊ ငါ အမတ်ကြီးလာသည်ကို မထီလေးစား၊ မဆင်းဘဲနေကြသည်။ ယခု အမြန် တစ်ယောက်မကျန် ရိုက်ချရမည်' ဟု အသံကျယ်ကျယ် အမိန့်ပေးလိုက်လေ၏။ ဆင်းရဲသားများမှာ အမတ်ကြီး၏ အမိန့်သံကို ကြားရသဖြင့် ကြောက်လန့်ပြီး အမြန် ပြေးဆင်းကြကုန်၏။ သို့သော် ဆင်းရဲသားတစ်ဦးသည် အပင်ပေါ်မှ မဆင်းဘဲ ရွက်နုကလေးများကို ဆွတ်ခူးမြဲ ဆွတ်ခူးနေလေ၏။ အမတ်ကြီးသည် ထိုဆင်းရဲသားကို မြင်လျှင် 'ဟေ့ တစ်ယောက်ကျန်သေးတယ်၊ မန်ကျည်းပင်ပေါ်က မဆင်းလျှင် လှံနှင့်ထိုးချ' ဟု ဆိုစေကာမူ ဆင်းရဲသားမှာ သစ်ပင်ပေါ်၌ နေမြဲနေ၏။ ထိုအခါ အမတ်ကြီးက 'အသင် ဆင်းရဲသား၊ ငါ၏ အမိန့်ကို မကြား၍လော၊ သို့တည်းမဟုတ် သေမည်ကို မကြောက်၍ သစ်ပင်ထက်မှ မဆင်းသလော' ဟု မေးလေ၏။

ဆင်းရဲသားက 'အမတ်ကြီး၊ တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်သော ပြည့်ရှင်မင်းကြီးသည် အရှင် အမတ်ကြီးအား တိုင်းရေးပြည်မှုကို ကြည့်ရှု အုပ်ချုပ်ရန်သာ ခန့်ထားခြင်း ဖြစ်ပါသည်။ ယခုကဲ့သို့ ဆင်းရဲပြီး မန်ကျည်းရွက်နုခူးစားနေသော သူများအား ညှဉ်းဆဲနှိပ်စက်ရန် ခန့်ထားခြင်း မဟုတ်ပါ။ အမတ်ကြီး ပြုမူပုံမှာ တရားသည်မထင်၍ နားမထောင်ဘဲ အသက်ကို အသေခံတော့မည်ဟု မဆင်းဘဲနေပါသည်။ မကြား၍ မဟုတ်ပါ' ဟု လျှောက်တင်လေ၏။

ဆင်းရဲသား၏ တည်ကြည်ရဲရင့်ပုံကို အမတ်ကြီးသည် နှစ်ခြိုက်လေရကား 'ငါသည် မန်ကျည်းရွက်ခူးနေသော လူစုထဲ၌ ရဲဝံ့သူ ရှိမရှိ စုံစမ်းခြင်းမျှသာ ဖြစ်သည်။ သင်ကဲ့သို့ ရဲရင့်တည်ကြည်၍ အစွမ်းသတ္တိနှင့် ပြည့်စုံသော သူမျိုးအား အချည်းနှီး မဖြစ်ထိုက်ချေ' ဟူ၍ မိန့်ဆိုကာ ရံရွေတော်အဖြစ် ချီးမြှောက် ခေါ်ယူသွားလေသတည်း။

ဆောင်ပုဒ် -

သတ္တိရဲရင့်
ပွဲလယ်တင့်
ကြီးမြင့်အသရေ။

# ငယ်သာငယ် တယ်တွယ်တဲ့ဘုရား

ကျေးရွာတစ်ရွာ၌ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိ၏။ ထိုကျောင်း၌ ကျောင်းထိုင်သော ဘုန်းတော်ကြီးသည် ရွာသူ ရွာသားများ ကိုးကွယ်စေရန် ရည်မှန်းလျှက် ကျောင်းဝင်းအတွင်း၌ ကိုးတောင်ပြည့် စေတီတစ်ဆူ တည်တော်မူ၏။

တစ်နေ့သ၌ ဘုန်းတော်ကြီးသည် ရွာလူကြီးများကို ခေါ်ယူကာ စေတီထီးတင်ပွဲ ကျင်းပရန်အတွက် ဆွေးနွေးတိုင်ပင်၏။ ရွာလူကြီးများကလည်း ထီးတင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ရွာမှအလှူငွေကောက်ခံပေးပါမည်ဟု ကတိပြုကြ၏။ ထိုအချိန်၌ မန္တလေးတွင် စာလိုက်နေသော ဦးပဥ္စင်းတစ်ပါးသည် ထိုဘုန်းတော်ကြီးကျောင်း၌ အာဂန္တုအဖြစ် ခေတ္တတည်းခိုလျက် ရှိလေသည်။ ဘုန်းတော်ကြီးသည် ထိုဦးပဥ္စင်းအား ထီးတင်ပွဲစည်ကားရန် မည်သည့်ပွဲ ထည့်သွင်းရပါမည်နည်းဟု အကြံဉာဏ်တောင်းလေ၏။ ဦးပဥ္စင်းက တရားပွဲထည့်သွင်းရန် ပြောကြားရာ ဘုန်းတော်ကြီးနှင့် ရွာလူကြီးများက တရားပွဲဆိုရင် စည်ကားမည် မဟုတ်ဟုဆိုကာ ဦးပဥ္စင်း၏ အကြံပေးချက်ကို ငြင်းပယ်ကြလေ၏။ ထို့နောက် အများသဘောတူပင် ရုပ်သေးပွဲထည့်သွင်းရန် ဆုံးဖြတ်ကြပြီး ထီးတင်ပွဲ ကျင်းပကြလေ၏။

ပွဲတော်နေ့၌ ရုပ်သေးပွဲကို ရွာနီးချုပ်စပ်ကပင် လာရောက်ကြည့်ရှုကြ၍ လူအလွန်များလေ၏။ ထိုအချိန်၌ ရွာခံလူများနှင့် တစ်ခြားရွာမှ လူများ ပွဲခင်းနေရာ လုရာမှ ရန်ဖြစ်၍ ရိုက်ပွဲဖြစ်လေ၏။ တစ်ဦးနှင့်တစ်ဦး ပြင်းထန်စွာ ရိုက်၍ ခေါင်းကွဲသူကွဲနှင့် လူသုံးဆယ်ခန့် ဒဏ်ရာရရှိကြရာ ရဲဌာနအထိ အမှုတိုင်ချက် ဖွင့်ရ၏။ အာဂန္တု ဦးပဥ္စင်းလည်း ဤအချင်းအရာကို မြင်လျှင် မိမိအကြံပေးသလို တရားပွဲကျင်းပလျှင် ဤသို့ရိုက်ပွဲဖြစ်မည်မဟုတ်ဟု တွေးဆကာ နှုတ်ဆက်ကဗျာတစ်ပုဒ် ရေးသားပြီး ဘုန်းတော်ကြီးအား ဝတ်ချကာ မန္တလေးသို့ စာလိုက်ရန် ကြွသွားလေ၏။

ဘုန်းတော်ကြီးနှင့် ရွာလူကြီးများမှာ ဦးပဥ္စင်းရေးထားခဲ့သော နှုတ်ဆက်ကဗျာကို ဖတ်ကာ 'ဒီလိုတော့လဲ ဟုတ်ပေသားဘဲ' ဟု ခေါင်းတညိတ်ညိတ် ရှိကြလေ၏။

ဦးပဥ္စင်းရေးထားသော ကဗျာမှာ -

'ဘုရားကလေးငယ်ငယ်
ကိုးတောင်ပြည့်တယ်
ငယ်သာငယ် တယ်တွယ်တဲ့ဘုရား။
လူသုံးဆယ် ခေါင်းတွေကွဲတယ်
ရဲဌာနသွား'။ . . . . ဟူ သတည်း။

ဆောင်ပုဒ် -

ဘာသာရေးပွဲ
အပျော်နွှဲ
တလွဲမလုပ်သင့်။

# ဒိသာပါမောက္ခနှင့် လက်စားချေလိုသည့် တပည့်

ရှေးအခါက တက္ကသိုလ်ပြည်၌ ပညာဉာဏ် ကြီးမားသော ဒိသာပါမောက္ခ ဆရာကြီး တစ်ဦးရှိ၏။ ထိုဆရာကြီးသည် အရပ်ရှစ်မျက်နှာမှ လာရောက်ကြကုန်သော တပည့်အပေါင်းအား နေ့စဉ် သင်ခန်းစာများကို သင်ကြားပို့ချကာ စည်းကမ်း သေဝပ်ရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးတို့ကို ဆုံးမ ဩဝါဒ ပေးလေ့ရှိ၏။

ထိုသို့ဆရာကြီးထံ၌ ပညာသင်ကြားနေကြသော တပည့်အပေါင်းတွင် ဘုရင့်သားတော်တစ်ပါးမှာ ကိုယ်ကျင့်တရားပျက်ပြား၍ သူတစ်ပါး၏ ပစ္စည်းကို တိတ်တဆိတ် ခိုးယူတတ်သည့်အပြင် ဘုရင့်သားတော် ဟူသော မာနဖြင့်လည်း ပြောင်နှိုက်ယူတတ်၏။ ထို့ကြောင့် ဆရာကြီးသည် မင်းသားအား ဆုံးမရန် အခါအခွင့်ကို စောင့်ဆိုင်းလျှက်ရှိ၏။ ဆရာကြီးနှင့် တပည့်အပေါင်းတို့သည် မြစ်ဆိပ်သို့ ရေချိုးဆင်းလေ့ရှိရာ မြစ်ဆိပ်၌ စိတ်နှလုံးကောင်းမွန်သည့် အမျိုးသမီးကြီးတစ်ယောက် နှမ်းပျစ်ရောင်းချ နေသည်ကို တွေ့လျှင် အချို့တပည့်များက ဝယ်ယူစားသောက် သော်လည်း ကိုယ်ကျင့်တရား ပျက်ယွင်းနေသော မင်းသားကမူ အမျိုးသမီးကြီးထံမှ နှမ်းပျစ်တို့ကို

ဝယ်ယူခြင်းမပြုဘဲ နှိုက်၍စားသောက်၏။ သို့သော် နှမ်းပျစ်သည် အမျိုးသမီးကြီးက 'ငွေမရှိ၍ စားတာဘဲ စားပါစေလေ' ဟူ၍ သဘောပိုက်ထားလေ၏။ သို့ရာတွင် နေ့စဉ်နှင့်အမျှ နှမ်းပျစ်တို့ကို မတောင်းခံမဝယ်ယူဘဲ နှိုက်၍စားသောက်လာသဖြင့် တစ်နေ့၌ နှမ်းပျစ်သည် အမျိုးသမီးကြီးသည် ဒိသာပါမောက္ခဆရာကြီးအား 'မင်းသား နှမ်းပျစ်နှိုက်စားပါသည်' ဟု ငိုယိုတိုင်တန်းလေ၏။ ဆရာကြီးလည်း နှမ်းပျစ်သည် အမျိုးသမီးကြီးအား 'နှမ်းပျစ်ဖိုး စိုက်လျော်ပါမည်' ဟု နှစ်သိမ့်၏။

နှမ်းပျစ်သည် အမျိုးသမီးကြီးက 'နှမ်းပျစ်မှာ တန်ဖိုးမရှိပါ။ တက္ကသိုလ်ကျောင်းသား ဖြစ်လျှက်နှင့် ကိုယ်ကျင့်တရား ပျက်ယွင်းသည့်အတွက် ရှေ့ရေးကို မြော်မြင်တတ်ရန် ဆုံးမပေးပါ' ဟု ပြောလေ၏။ ဆရာကြီးလည်း အမျိုးသမီးကြီးအား ကျေးဇူးတင်စကား ပြောကြားပြီး မင်းသားကိုခေါ်ယူ၍ လူအများရှေ့တွင် ကြိမ်ဒဏ်ပေးလေ၏။ ထိုနေ့မှစ၍ မင်းသားသည် ငြိမ်သက်စွာ နေသော်လည်း လူကြားထဲ၌ ရိုက်နှက်သောကြောင့် အရှက်ရကာ ဆရာကြီးအား ကလဲ့စားချေမည်ဟူ၍ ရန်ငြိုးထားလေ၏။

အချိန်တန်လျှင် တပည့်အပေါင်း ပညာစုံ၍ တိုင်းပြည် အသီးသီးသို့ ပြန်ကြသောအခါ ဆရာကြီးအား ပူဇော်ကန်တော့ကြ၏။ မင်းသားလည်း ဆရာအား ကောင်းစွာပင် ဝတ်ပြု၍ မိမိဘုရင်ဖြစ်သော် ဆရာကြီးအား ပူဇော်လို၍ နေပြည်တော်မှ ပင့်ခေါ်လျှင် ကြွရောက်ပါရန်အကြောင်း ပြောဆိုကာ မိမိတိုင်းပြည်သို့ ပြန်သွားလေ၏။

မင်းသားသည် ဖခမည်းတော် နတ်ရွာစံသောအခါ ဘုရင်ဖြစ်လာလေ၏။ ထိုအခါ မင်းသားမှာ ရန်ငြိုးမပြေ၍ ဆရာကြီးအား ပူဇော်လိုပါသည်ဟူ၍ ပင့်ဖိတ်လေ၏။ ဆရာကြီးသည် ပညာဉာဏ်ဖြင့် မြော်မြင်ကာ အကျိုးလို၍ ခေါ်သည်မဟုတ်ဟု သိရှိသဖြင့် ဘုရင်ဖြစ်နေသော တပည့်ဟောင်း၏ ဖိတ်ခေါ်ချက်ကို လက်မခံဘဲနေလေ၏။ မင်းသားသည် ပထမအရွယ် ကုန်လွန်၍ ဒုတိယအရွယ် ရောက်သည့်အခါ ဆရာကြီးအား ရန်ငြိုးမပြေသေး၍ ပင့်ဖိတ်ပြန်၏။ ဆရာကြီးလည်း အထက်နည်းတူ ငြင်းဆိုပြန်၏။ ဤသို့ဖြင့် မင်းသား တတိယအရွယ်ရောက်၍ ပင့်ဖိတ်ပြန်သောအခါ အရွယ်အတန်ကြီးပြီဖြစ်၍ ရန်ငြိုးပြေကောင်းပြီ၊ အမှားအမှန်လည်း ဝေဖန်ပိုင်းခြားနိုင်စွမ်းပြီဟု ယူဆကာ ဆရာကြီးသည် မင်းသား၏ ဖိတ်ကြား ချက်ကို လက်ခံလိုက်လေ၏။

မင်းသားလည်း နေပြည်တော်သို့ ဆိုက်ရောက်လာသော ဆရာကြီးကို မြင်တွေ့သော် အနာဟောင်း ပြန်ပေါ်လာသည်နှင့် 'ဆရာကြီး၊ ကျွန်ုပ်အား လူအများရှေ့တွင် အရှက်ခွဲခဲ့ဖူးသည်ကို မှတ်မိပါ၏လော။ ယခုမှပင် ဆရာကြီးအား လက်စားချေခွင့် ရတော့မည်' ဟု ဆိုလေ၏။

ဒိသာပါမောက္ခ ဆရာကြီးသည် တုန်လှုပ်မှု ကင်းစွာဖြင့် 'မင်းကြီး သင်ငယ်စဉ်က ကိုယ်ကျင့်တရား ပျက်ပြားသည်ကို ကျွန်ုပ်မဆုံးမဘဲ လျစ်လျူခဲ့သည်ရှိသော် သင်သည် သူခိုးဘဝမှ သူပုန်သူကန်အထိ ဖြစ်သွားနိုင်သည်။ ယခုလို မင်းစည်းစိမ်ကို ခံစားရဖို့ မလွယ်ကူပါ' ဟု မိန့်၏။

မင်းသားလည်း အသက်အရွယ် ကြီးမြင့်လာပြီဖြစ်၍ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ပြီ ဖြစ်ရကား ဆရာကြီး၏ ကျေးဇူးကြောင့် ကြီးကျယ်မြင့်မြတ်လာရသည်။ ကျေးဇူးရှင်ကို ကျေးမစွပ်ထိုက်ဟုဆိုကာ မိမိပြောမိသော အပြစ်တို့ကို ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်ပြီး ဆရာကြီးအား မိဘအမှတ်ဖြင့် ကောင်းစွာချီးမြှင့် စောင့်ရှောက်တော်မူသတည်း။

ဆောင်ပုဒ် -

ဆရာသခင်
ကျေးဇူးရှင်
ပြစ်တင်မပြုအပ်။

# အနုပညာပြိုင်ပွဲ

ရှေးအခါက ပုဂံပြည်၌ အနုပညာ အလွန်ဝါသနာ ထုံသော ဘုရင်တစ်ပါး အုပ်စိုးလျှက်ရှိ၏။ တစ်နေ့သော် အိမ်နီးချင်း နိုင်ငံတစ်ခုမှ ယဉ်ကျေးမှုအဖွဲ့ တစ်ဖွဲ့ ပုဂံပြည်သို့ ရောက်လာကာ မြန်မာနှင့် အနုပညာ ယှဉ်ပြိုင်လိုသည်ဟု ပုဂံပြည့်ရှင်အား လျှောက်ထား၏။ ၎င်းယဉ်ကျေးမှုအဖွဲ့၌ ပန်းပု ဆရာကြီး တစ်ဦးပါလာ၍ မြန်မာ ပန်းပုဆရာကြီးနှင့် လက်ရာချင်း ယှဉ်ပြိုင်မည်ဖြစ်ကာ ရှုံးသူက အသပြာ ရွှေတစ်သိန်း ပေးရမည်ဟူသော အဆိုကို ပုဂံပြည့် ရှင်က လက်ခံလိုက်လေ၏။ ပန်းပုထုရာ၌ တစ်ဦးချင်း ခုနစ်ရက်အတွင်း ထုလုပ်ရန်ဟူသော စည်းကမ်းသတ်မှတ်ချက်ကို နှစ်ဦးနှစ်ဖက် ကျေနပ်သဘောတူ ကြ၏။

အနုပညာ ဝါသနာထုံသော ဘုရင်ကြီးသည် ပန်းပုယှဉ်ပြိုင်ရန် သဘောတူလိုက်သော်လည်း အနီးအပါး၌ အလွန်တော်သည့် မြန်မာပန်းပု ဆရာဆို၍ တစ်ယောက်မျှမရှိချေ။ သို့ဖြစ်၍ နိုင်ငံခြားပန်းပုဆရာနှင့် ယှဉ်ပြိုင်ရန် ပန်းပုဆရာလိုကြောင်း၊ မြန်မာ့ဂုဏ်ကို ဆောင်နိုင်အောင် ယှဉ်ပြိုင်နိုင်သော ဘုရင့်အနုပညာ ဆရာကြီးအဖြစ် ခန့်အပ်တော်မူမည် ဖြစ်ကြောင်း နိုင်ငံအတွင်း မောင်းကြေးနင်းခတ်စေ၏။

ပန်းပုဆရာကို မောင်းကြေးနင်းခတ်၍ လှည့်လည်ရှာဖွေ သော်လည်း မတွေ့ရှိဘဲ ဖြစ်နေစဉ် ပုဂံမြို့စွန် တစ်နေရာမှ ဆင်းရဲသားတစ်ဦးက မိမိ ပန်းပုထုလုပ်မည် ဖြစ်ကြောင်း ဝန်ခံ၍ ဘုရင့်ရှေ့တော်သို့ သွင်းစေ၏။ ဘုရင်မင်းမြတ်လည်း ယှဉ်ပြိုင်ရန်လူ ရရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ပြိုင်ပွဲစရန်နေ့ရက်ကို ရွေးချယ်တော်မူ၏။ ထို့နောက် တည်းခိုစခန်း နှစ်ခုကို ခပ်လှမ်းလှမ်း တည်ဆောက်ကာ နိုင်ငံခြား ပန်းပုဆရာနှင့် မြန်မာ ပန်းပုဆရာကို တည်းခိုစခန်း တစ်ခုစီ၌ အသီးသီးနေစေပြီး ပန်းပုများကို စတင် ထုလုပ်စေ၏။

ဘုရင်မင်းမြတ်၏ ခွင့်ပြုချက်ရရှိသည်နှင့် တစ်ပြိုင်နက် နိုင်ငံခြား ပန်းပုဆရာမှာ စတင်ထုလုပ်သော်လည်း မြန်မာ ပန်းပုဆရာမှာ မတုန် မလှုပ်နှင့် ဆေးလိပ်မှိန်း၍ စဉ်းစားတွေးတောကာသာ နေလေ၏။ သို့နှင့် ခြောက်ရက် ရောက်သည့်အခါ နိုင်ငံခြား ပန်းပုဆရာမှာ ပြီးသလောက်ဖြစ်၍ အချောကိုင်ရန်သာ လိုတော့သော်လည် မြန်မာပန်းပုဆရာမှာမူ ရှေးနည်း အတိုင်း ဆေးလိပ်မှိန်းမြဲသာ နေပြီး ဘာမှ မထုလုပ်ရသေးဘဲ ရှိ၏။ ဘုရင် မင်းမြတ်သည် မြန်မာပန်းပုဆရာ ဘာမျှ မထုလုပ်ရသေးသည်ကို ကြားသိရ၍ ကိုယ်တိုင်လာရောက်ပြီး မည်သည့်အတွက် ဘာမျှ မထုလုပ်သည်ကို မေး မြန်းတော်မူ၏။ မြန်မာပန်းပုဆရာက 'ပြိုင်ပွဲဝင်တယ်ဆိုတာ စိတ်ကူးဉာဏ်သာ လိုပါသည်ဘုရား' ဟု လျှောက်ထား၍ ဘုရင်မင်းမြတ်က 'နက်ဖန် ခုနစ်ရက် စေ့၍ ပြိုင်ပွဲမဝင်သော် ကွပ်မျက်ခံရမည်' ဟူ၍ သတိပေးကာ အတွင်းတော် သို့ ပြန်လည်ကြွမြန်း သွားလေ၏။

နောက်တစ်နေ့ နံနက်တွင် ဘုရင်ကြီး၏ နန်းရင်ပြင်၌ အနုပညာ ပြိုင်ပွဲကြီး စ,တင်တော့၏။ နိုင်ငံခြား ပန်းပုဆရာကြီးမှာ သူ၏ လက်ရာကို အဝတ်နီကြီးဖြင့် ရစ်ပတ်၍ ဘုရင့်ရှေ့မှောက်တွင် ချထားလေ၏။ သို့သော် မြန်မာ ပန်းပုဆရာမှာ အချိန်စေ့ခါနီးသည့် တိုင်အောင် မရောက်လာသေး သည့်အတွက် ဘုရင်မင်းမြတ်နှင့် မင်းပရိတ်သတ်အပေါင်းမျာ တထိတ်ထိတ် ရှိကြ၏။

အတန်ကြာသော် မြန်မာပန်းပုဆရာသည် ဝါးကျည်တောက်ကိုယူ၍ ဘုရင့်ရှေ့တော်တွင် ချထားလေ၏။ ထို့နောက် ပြိုင်ပွဲကျင်းပရာ နိုင်ငံခြား ပန်းပုဆရာကြီး၏ လက်ရာကို စတင်ဖွင့်လှစ်လိုက်သည်တွင် ဘုရင်နှင့်တကွ မင်းပရိသတ်အပေါင်းမှာ အလွန်အံ့ဩသွားကြ၏။ နိုင်ငံခြားပန်းပုဆရာကြီး၏

လက်ရာမှာ ဆင်စွယ်ကို အသေးစိတ် ကြိုကြိုကြားကြားမှုစ၍ ထွင်းထုထား
သော လက်ရာဖြစ်သောကြောင့် ရှုမဝနိုင်အောင် ဖြစ်ရလေသည်။

ဘုရင်မင်းမြတ်လည်း မြန်မာပန်းပုဆရာအား ၎င်း၏လက်ရာကိုပြရန် ရင်တထိတ်ထိတ်နှင့် အမိန့်ရှိရာ မြန်မာပန်းပု ဆရာသည် ဝါးကျည်တောက်ထဲမှ အရာဝတ္ထုကို ထုတ်ပြလိုက်၏။


နိုင်ငံခြား ပန်းပုဆရာကြီးနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ အားလုံးမှာ မြန်မာပန်းပုဆရာကြီး၏ လက်စွမ်းကို အထူးအံ့သြသွားကြပြီး ချီးမွမ်းမဆုံး ဖြစ်ကာ ၎င်းကို အရှုံးပေးကြောင်း ဝန်ခံပြီး ကတိအတိုင်း အသပြာ ရွှေတစ်သိန်း ပေးဆပ်ရတော့၏။

နိုင်ငံခြားလက်ရာထက် သာပါသည်ဟု ဝန်ခံရသော မြန်မာ ပန်းပုဆရာကြီး၏ လက်ရာမှာ အခြားမဟုတ်။ နိုင်ငံခြား လက်ရာထက်ပို၍ အသေးစိတ်သော သပွတ်အူ အခြောက်ကို ဆေးဆိုးထားခြင်း ဖြစ်လေ၏။

ထိုနေ့မှစ၍ ဘုရင်ကြီးသည် မြန်မာ ပန်းပုဆရာကြီး၏ ဉာဏ်စွမ်းကို ချီးမွမ်းပြီး ဘုရင့်အနုပညာ ဆရာကြီးအဖြစ် ချီးမြှောက်လိုက်လေသည်။

ဆောင်ပုဒ် -

နိုင်ငံအတွက်
လိုအပ်ချက်
ဂုဏ်တက်နိုင်အောင်ကြံ။



# သဒ္ဒါတရားနှင့် ပြည့်ဝသော အလှူ

တစ်ခါက ဗာရာဏသီ ပြည်တွင် အလွန်ချစ်ခင်သော သူဌေးနှစ်ဦး ရှိလေ၏။ တစ်ဦးသော သူဌေးမှာ ဂုဏ် ပကာသန အလိုရှိ၍ များစွာသော အလှူ အတန်းတို့ကို ပြုကုန်၏။ ကျန်သူဌေးမှာကား လှူသင့်သည်ကိုလှူ၍ စားသင့်သည်ကိုသာ စားကာနေလေ၏။ ဂုဏ်ပကာသနလို၍ အလှူလုပ်ရလွန်းအား ကြီးသော သူဌေးလည်း တဖြည်းဖြည်း ပစ္စည်းဥစ္စများ ဆုံးပါး၍ ဆင်းရဲ သွားလေ၏။ ထို့ကြောင့် မိမိပြုခဲ့သော ကုသိုလ်တို့ကို သူငယ်ချင်း သူဌေးထံသို့ သွားရောက်၍ ရောင်းချအံ့ဟု ကြံစည်ကာ ဇနီးဖြစ်သူအားခေါ်လျှက် သူငယ် ချင်း သူဌေးထံသို့ ထွက်ခဲ့လေ၏။

လမ်းခရီး၌ ဇရပ်တစ်ခုတွင် အမောအပန်းဖြေ၍ ပါလာသော နှစ်ယောက်စာ ထမင်းထုပ်ကို ဖြေ၍စား၏။ ထိုအခိုက် ဇရပ်အနီးသို့ ပိန်လှီ သော ခွေးကလေးတစ်ကောင် ယိုင်တိယိုင်ထိုး ကပ်လာရာ ဆင်းရဲသွားသော သူဌေးက ဇနီးဖြစ်သူအား 'ရှင်မရယ်၊ ခွေးပိန်ကလေးဟာ အစာမစားရလို့ လမ်းကောင်းကောင်း မလျှောက်နိုင်တာနဲ့ တူပါတယ်။ တို့ စားနေတဲ့ နှစ် ယောက်စာထဲက တစ်ယောက်စာကို ခွေးကလေး ကျွေးလိုက်ပါ' ဟု ဆိုရာ ဇနီးဖြစ်သူကလည်း သဘောတူ၍ နှစ်ယောက်သား စေတနာ ထက်သန်စွာဖြင့် ခွေးကလေးအား ကျွေးမွေးကာ ခရီးဆက်လက် ထွက်ခွာခဲ့လေ၏။

သူငယ်ချင်း သူဌေးထံရောက်လျှင် ဆင်းရဲသွားသော သူဌေးလည်း

မိမိတို့ပြခဲ့သော ကုသိုလ်များကို ရောင်းချရန် လာပါသည်ဟု ပြောလေ၏။ သူငယ်ချင်း သူဌေးက သဘောကျလျှက် ဝယ်ယူရန် သဘောတူပြီး ရောင်းသမျှ ကုသိုလ်ကောင်းမှုများကို ချိန်ခွင်ဖြင့် ချိန်ယူလေ၏။ စေတနာ အရင်းခံ မဟုတ်ဘဲ ပကာသန ဂုဏ်ကိုသာ လိုချင်၍ ပြုလုပ်ခဲ့သည် ဖြစ်သောကြောင့် ရောင်းသမျှသော ကုသိုလ်သည် လေးသည်ဟူ၍ မရှိဘဲ ငွေဘက်ကသာ အလေးသာလျှက် ရှိလေ၏။ ကျောင်း ကုသိုလ်၊ ဇရပ် ကုသိုလ်၊ ရေကန် ကုသိုလ် စသည်ဖြင့် ရောင်းတိုင်း ငွေဘက်က လေးသာနေရာ ပြုသမျှ ကုသိုလ်ကောင်းမှု ကုန်လေ၏။ ထိုအခါ ကုသိုလ်ဝယ်သူ သူငယ်ချင်း သူဌေးက 'မင်းကုသိုလ် ဒါအကုန်ဘဲလား၊ ကျန်တာရှိရင် စဉ်စားပါဦး' ဟု ဆိုလေ၏။ ဆင်းရဲသွားသော သူဌေးလည်း နောက်ဆုံး ခွေးပိန်ကလေးအား ထမင်းကျွေးခဲ့သော ကုသိုလ်ကို အမှတ်ရ၍ 'ဟာ သူငယ်ချင်း တို့ ခု မင်းဆီ လာတုန်းက လမ်းမှာ ခွေးပိန်ကလေးကို ထမင်းကျွေးခဲ့တဲ့ ကုသိုလ် ကျန်သေးတယ်' ဟု ပြောကာ ထိုကုသိုလ်ကို ရောင်းချလေ၏။

ငတ်သေလုဆဲဆဲ ခွေးပိန်ကလေးအား စေတနာရှိစွာဖြင့် ထမင်းကျွေးခဲ့သည့် ကုသိုလ်မှာ အဟုတ် ကြီးမားသည့်အလျောက် ကုသိုလ်ဘက်က အလေးသာလေ၏။ သူငယ်ချင်း သူဌေးလည်း မိမိပိုင်ငွေများကို အလေးတစ်ဖက်၌ စုပုံထည့်သော်လည်း ခွေးကလေးအား ထမင်းကျွေးခဲ့သည့် ကုသိုလ်ဘက်မှသာ အလေးသာနေရကား ကြွယ်ဝသမျှ ပစ္စည်း ကုန်ဆုံးသွားလေ၏။

ဤတွင် သူငယ်ချင်း သူဌေးသည် 'ငါ့စည်းစိမ်တော့ ကုန်ပြီ၊ ငါ့အတွက် ပစ္စည်းတစ်ဝက် ချန်ထားပြီး မင်းကုသိုလ် တစ်ဝက်အတွက် ငါ့ပစ္စည်း တစ်ဝက် ယူသွားပေတော့။ ရှေ့ကိုလည်း စေတနာရှိမှ လှူပါကွာ။ ပကာသန မမက်ပါနဲ့' ဟု ပြောဆိုကာ ကုသိုလ် တစ်ဝက်ဖိုး ငွေများကို ဆင်းရဲသွားသော သူဌေးအား ပေးအပ်လိုက်လေသတည်း။

ဆောင်ပုဒ် -

နည်းများမဆို
သဒ္ဓါပို
ကုသိုလ်အကျိုးပေး။

## တွေးခေါ်ဆင်ခြင်တတ်၍ သက်တော်ရှည်ရာထူးရသူ

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ပညာဉာဏ်ကြီးမားသော ဘုရင်ကြီး တစ်ပါး မင်းပြု၏။ တစ်ခါသော် သက်တော်ရှည် အမတ်ကြီးရာထူး လစ်လပ်၍ အမတ်များထဲမှာ သင့်တော်သူကို ရွေးချယ်ခန့်ထားရန် စိတ်ကူးမိလေ၏။ ဘုရင်ကြီးလည်း တစ်ခုသော ညီလာခံ၌ အမတ်များအား 'မစင်၏ အရသာကို ခုနစ်ရက်အတွင်း လျှောက်တင်နိုင်သူအား သက်တော်ရှည်အမတ်ကြီး ခန့်ထားမည်' ဟူ၍ မိန့်ကြားတော်မူလေ၏။ ထိုအခါ သက်တော်ရှည် အမတ်ကြီးအဖြစ် အမှုတော်ကို ထမ်းရွက်လိုသူ အမတ်ကြီးနှစ်ဦးသည် မစင်၏ အရသာကို ရှာဖွေကြ၏။

အမတ်တစ်ဦးမှာ ပညာဉာဏ်မပြည့်စုံ၍ မစင်၏ အရသာကို မရှာတတ်ဘဲနေ၏။ သို့ရာတွင် ချိန်းဆိုတားသောရက် နီးကပ်လာပြီဖြစ်၍ အကြံဉာဏ်မရသည့် အဆုံးတွင် လူသူ ကင်းဝေးသည့် နေရာတစ်နေရာသို့ သွားရောက်ကာ မစင်ပုံတစ်ခုကို လက်ညှိုးနှင့်ကော်၍ လျှာပေါ်တင်ပြီး လျက်ကြည့်လေ၏။ ကျန်အမတ်တစ်ဦးကမူ ပညာဉာဏ် ပြည့်စုံသည်ဖြစ်၍ မစင်ပုံ၏ အနားတွင် တစ်နေကုန်နေ၍ အကဲခတ်လျက် ရှိလေ၏။

ခုနစ်ရက်မြောက်၍ ရက်ချိန်းစေ့သည့်အခါ ဘုရင်ကြီးသည် 'မစင် အရသာကို ရှာဖွေတွေ့ရှိရဲ့လား' ဟူ၍ အမတ်များကို မေးမြန်းတော် မူလေ

၏။ ပညာဉာဏ် မပြည့်စုံသော်လည်း သက်တော်ရှည်အမတ်ကြီး လုပ်လိုသူ အမတ်က 'မှန်ပါ၊ မစင်၏ အရသာမှာ ပူစပ်စပ်ကြီး နေပါသည်ဘုရား' ဟူ၍ လျှောက်ထားလေ၏။ ဘုရင်ကြီးက 'မစင်၏ အရသာ ပူစပ်စပ်ကြီးနေသည်ကို မည်သို့ သိရသနည်း' ဟူ၍ အမေးတော်ရှိပြန်ရာ၊ ထိုအမတ်က 'မှန်ပါ၊ ကျွန်တော်မျိုး လက်တွေ့မြည်းကြည့်၍ သိရကြောင်းပါ ဘုရား' ဟူ၍ လျှောက်ထားရာ ဘုရင်ကြီးလည်း ဟက်ဟက်ပက်ပက် ရယ်မောတော်မူလေ၏။ ထို့နောက် ဘုရင်ကြီးက 'အခြားအမတ်များကော မစင်အရသာကို ရှာဖွေတွေ့ရှိကြရဲ့လား' ဟူ၍ မေးတော်မူပြန်၏။ ပညာဉာဏ် ပြည့်စုံ၍ သက်တော်ရှည် အမတ်ကြီးဖြစ်လိုသူ အမတ်က 'မှန်ပါ၊ မစင်၏ အရသာမှာ ပထမ ချိုပါသည်၊ ဒုတိယချဉ်ပါသည်၊ တတိယ ခါးပါသည် ဘုရား' ဟူ၍ လျှောက်တင်လေ၏။ ဘုရင်ကြီးက 'မစင်၏အရသာ ချို၊ ချဉ်၊ ခါးသည်ကို အမတ်ကြီး မည်သို့ သိရသနည်း' ဟူ၍ အမေးတော်ရှိပြန်ရာ 'အချိုသကာကိုမှ မှီဝဲတတ်သော ယင်ကောင်များ မစင်တွင် နားအုံနေသည်ကို တွေ့ရ၍ ပထမ ချိုသည်ဟူ၍ သိရပါသည်။ ထို့နောက် သံပရာ၊ ရှောက် အစရှိသည့် အချဉ်ဓာတ်တို့ကို စုတ်ယူစားသုံးသော ဖြုတ်၊ ခြင်တို့ မစင်ပုံတွင် နားအုံလာသည်ကို တွေ့ရပြန်သောကြောင့် ဒုတိယ ချဉ်သည်ဟူ၍ သိရပါသည်။ နောက်ဆုံး၌ ခါးသော အရသာကို ကြိုက်နှစ်သက်သော ကင်းလိပ်များ မြိန်ယှက်စွာ စားသုံးကြသဖြင့် တတိယ ခါးသည်ဟူ၍ သိရပါသည် ဘုရား' ဟူ၍ လျှောက်တင်လေ၏။

ဘုရင်ကြီးလည်း ထိုအမတ်၏ လျှောက်တင်ချက်ကို ကြားတော်မူလျှင် 'အမတ်ကြီး၏ လျှောက်တင်ချက် သင့်လျော်ပေစွ။ အကျိုးအကြောင်း စူးစမ်းဆင်ခြင်တတ်သော အမတ်ကြီးကဲ့သို့ ပုဂ္ဂိုလ်များသာ သက်တော်ရှည် ရာထူးနှင့် ထိုက်တန်သည်' ဟူ၍ မိန့်ကြားကာ ထိုအမတ်အား သက်တော်ရှည် အမတ်ကြီးအဖြစ် ခန့်ထားလိုက်လေသတည်း။

ဆောင်ပုဒ် -

တွေးခေါ်မြော်မြင်
ပညာရှင်
ဘုရင်စိတ်ကြိုက်ဖြစ်။

# သည်းခံသင့်မှခံရာသည်

ရွာတစ်ရွာ၌ ကျောင်းထိုင် ဘုန်းတော်ကြီး တစ်ပါးရှိ၏။ ၎င်း ဘုန်းတော်ကြီးသည် အကျင့်သီလနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်၍ တရားနာရန် လာရောက်ကြသည့် သူတော်ကောင်း ပုဂ္ဂိုလ်တို့အား သည်းခံခြင်းသည် မြတ်သောတရားဖြစ်သောကြောင့် ဘယ်ကိစ္စမဆို သည်းခံကြရန် ဟောပြောဆုံးမလေ့ ရှိ၏။ ရွာ၌ ရွာသားချင်း မသင့်မမြတ်ရှိ၍ ခိုက်ရန်ဖြစ်ပွားသည့် အခါများတွင် ဘုန်းတော်ကြီးသည် ရန်ဖြစ်သည့် ရွာသားဒကာများကို ကျောင်းသို့ခေါ်ယူကာ အချင်းချင်း သည်းခံရန်၊ အာဃာတ မထားရန်၊ စိတ်မဆိုးရန်တို့ကို ဟောပြောဆုံးမ ဩဝါဒ ပေးတတ်၏။ ဘုန်းတော်ကြီးသည် သည်းခံခြင်းကို ဟောပြောရုံမက ရွာသားများ သတိရှိစေရန်အတွက် ကျောင်းဝိုင်းအဝင် တံခါးဝတွင် 'ခန္တီပရမံ တပေါသိက္ခော - သည်းခံခြင်းသည် မြတ်သောအကျင့်တည်း' ဟူ၍ ကြီးမားသော စာလုံးကြီးများဖြင့် ရေးသားထားသော ဆိုင်းဘုတ်ကို ဆွဲချိတ်ထားစေ၏။

တစ်ညဥ့်သောအခါ၌ ထန်းရည်မူးနေသော လူငယ်တစ်စုသည် ထိုဆိုင်းဘုတ်ကိုတွေ့လျှင် ဘုန်းတော်ကြီး မည်မျှ သည်းခံနိုင်မည်နည်း ဟူ၍ တွေးတောကြံဆကာ တစ်ညဥ့်လုံး ကျောင်းကို ခဲဖြင့်ပေါက်ကြ၏။ ဘုန်းတော်ကြီးလည်း တစ်ညဥ့်လုံး မကျိန်းစက်ရသဖြင့် လွန်စွာဒေသဖြစ်၍ နံနက်

မိုးလင်းလျှင် ကျောင်းဒကာနှင့် ရပ်ရွာလူကြီးများကို အခေါ်လွှတ်လိုက်၏။ ကျောင်းဒကာနှင့် ရပ်ရွာလူကြီးများ ရောက်ရှိလာလျှင် ဘုန်းတော်ကြီးသည် ဒေါသကြီးစွာဖြင့် 'မင်းတို့ရွာက အကောင်တွေ ညက ငါ့ကျောင်းကို ခဲနှင့် ပေါက်လိုက်တာ ရစရာမရှိဘူး။ ဒီ ကိစ္စ မင်းတို့ဖြေရှင်းမလား၊ ငါဘဲ ဖြေရှင်းရမလား' ဟု လက်သီးလက်မောင်း တန်း၍ မေးလေ၏။ ကျောင်းဒကာနှင့် ရပ်ရွာလူကြီးများက ဘုန်းတော်ကြီးရေးထားသည့် ကျောင်းအဝက ဆိုင်းဘုတ်ကို လက်ညှိုးထိုး၍ 'တစ်ခါတစ်လေ လူငယ်တွေမိုက်တာ သည်းခံတော်မူပါဘုရား' ဟူ၍ လျှောက်ထားလေ၏။ ဘုန်းတော်ကြီးလည်း ဒကာနှင့် ရပ်ရွာလူကြီးများကို ဘာမျှမပြောတော့ဘဲ အခန်းထဲသို့ဝင်ကာ ကျိန်းစက်တော့၏။

ထို့နောက် ကျိန်းစက်ရာမှ နိုးလာသောအခါ ဘုန်းတော်ကြီးသည် အကြံရသဖြင့် ကျောင်းဝိုင်းအဝင်ဝရှိ ဆိုင်းဘုတ်တွင် 'သည်းခံခြင်းသည် မြတ်သောအကျင့်တည်း' ဟူ၍ ရေးသားထားသည့် အောက်နားတွင် ဆက်၍

'သို့သော် ခံသင့်မှ ခံရာသည်'
ဟူ၍ ထပ်မံရေးသား လိုက်လေသတည်း။

ဆောင်ပုဒ် -
မြတ်သောအကျင့်
မှန်ပေလင့်
တွက်ချင့်သည်းခံလေ။

## ကျေးဇူးသိတတ်သူ

ရှေးအခါက ဗာရာဏသီပြည်၌ နက္ခတ်ပညာကို ကောင်းစွာတတ်ကျွမ်းသော ပုဏ္ဏားတစ်ယောက် ရှိ၏။ ထိုပုဏ္ဏားသည် တစ်နေ့၌ ကောင်းကင်ရှိ နက္ခတ်တာရာတို့ကို ကြည့်ရှုလေ့လာရာတွင် ပြည့်ရှင်မင်း၏ တာရာဗြိုဟ်နက္ခတ် မှေးမှိန်နေသည်ကို တွေ့ရလေ၏။ ထိုအခါ ပုဏ္ဏားသည် ဇနီးဖြစ်သည့် ပုဏ္ဏေးမအား ခေါ်ကာ 'အဘယ်ရှင်မ၊ ဘေးအန္တရာယ် ကြုံပေတော့မည်၊ ပြည့်ရှင်မင်း၏ နက္ခတ်တာရာ ညှိုးနွမ်းနေသည်ကို ငါတွေ့ရ၏' ဟုဆို၏။ ပုဏ္ဏေးမက 'အရှင် ပုဏ္ဏား၊ ပြည့်ရှင်မင်းသည် အရှင်ပုဏ္ဏားအား ချီးမြှင့်မြှောက်စားဖူးသည် မဟုတ်။ ပြည့်ရှင်မင်း တစ်စုံတစ်ရာ ရောဂါ ဝေဒနာခံစားရ၍ နတ်ရွာလားလည်း အရှင်ပုဏ္ဏား၏ အပူမဟုတ်။ အရှင်ပုဏ္ဏား၏ သားမယားတို့ အတွက်သာ ရောဂါဘေးအန္တရာယ်မှ ကင်းလွတ်အောင် ဂါထာမန္တရား ရွတ်ဖတ် စီးဖြန်းပြီး မေတ္တာပို့သရန်သာ ရှင်ပုဏ္ဏား၏ တာဝန်ဖြစ်ပေသည်' ဟူ၍ ပြောလေ၏။

ပညာရှိ ပုဏ္ဏားလည်း ပုဏ္ဏေးမ၏စကားကို ကြားလျှင် 'အဘယ်ရှင်မ၊ ဤစကားကို မဆိုလင့်။ ငါတို့အား ပြည့်ရှင်မင်း ချီးမြှင့်ပြုစုသည့် ကျေးဇူးတရားကို မသိမမြင်တကား' ဟု ဆို၏။ ပုဏ္ဏေးမလည်း 'ငါတို့အား ပြည့်ရှင်မင်းသည် ဘာများ ချီးမြှင့်ပြုစုပါသနည်း' ဟူ၍ မေးလေ၏။ ပုဏ္ဏားက

'အဘယ်ရှင်မ၊ ပြည့်ရှင်မင်းသည် မှူးမတ်၊ သေနာပတိ၊ မြို့ဝန်မှစ၍ တိုင်းနိုင်ငံတစ်ခုလုံး အမှုထမ်း အရာထမ်းတို့ကို ခန့်ထား၍ တရားနှင့်လျော်ညီစွာ အုပ်ချုပ်သောကြောင့် ငါတို့သာမဟုတ်၊ တိုင်းနိုင်ငံတစ်ခုလုံးရှိ လူအပေါင်း ကောင်းမွန် အေးချမ်းစွာ လုပ်ကိုင်စားသောက် ကြရသည် မဟုတ်လော။ အကယ်၍သာ မြို့ပြပြည်ရွာကို တရားသဖြင့် အုပ်ချုပ်သူ မရှိပါက တိုင်းနိုင်ငံတစ်ခုလုံး ပျက်စီး၍ ဒုက္ခရောက်ကြရပေမည်။ သို့ဖြစ်၍ ပြည်သူထူထုသည် ပြည့်ရှင်မင်း၏ ကျေးဇူးဂုဏ်ကို ငါတို့ကဲ့သို့ သိမြင်၍ သက်တော်ရှည်ရန် ဆုတောင်း မေတ္တာပို့သင့်သည်' ဟု ဆိုလေ၏။

ပုဏ္ဏား၏ စကားကို အဆင့်ဆင့်ကြားရသော ပြည်သူလူထု တစ်ရပ်လုံးလည်း 'ငါတို့အား ငြိမ်းချမ်းစွာ နေထိုင်ရေးကို စောင့်ရှောက်ပေးသော ပြည့်ရှင်မင်း အန္တရာယ်ကင်း၍ သက်တော်ရာကျော် ရှည်ပါစေ' ဟူ၍ ဆုတောင်းကြကုန်၏။ သုံးလေးရက်ခန့် အကြာတွင် ပုဏ္ဏားသည် ကောင်းကင်ကို တစ်ဖန်ကြည့်ပြန်ရာ ပြည့်ရှင်မင်း၏ နက္ခတ်တာရာ ဂြိုဟ်သည် သန့်ရှင်း စင်ကြယ်နေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ပုဏ္ဏားလည်း ပုဏ္ဏေးမကို ခေါ်ယူကာ 'ပြည့်ရှင်မင်း ဘေးအန္တရယ်မှ ကင်းလွတ်ပေပြီ' ဟူ၍ ဝမ်းမြောက်ဝမ်းသာ ပြန်ကြားလေ၏။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီး သိလေသော် ပုဏ္ဏားလည်း ဟုတ်မှန်သည့်အတိုင်း အကြောင်းအရာ အလုံးစုံကို လျှောက်တင်လေလျှင် ပြည့်ရှင်မင်းက ကျေးဇူးသိတတ်သော ပုဏ္ဏားအား နက္ခတ်ဆရာကြီးအဖြစ် ခန့်ထားကာ ဆုလာဘ်များ ပေးကမ်း ချီးမြှင့်လေသတည်း။

ဆောင်ပုဒ် -

ကျေးဇူးတရား
သိတတ်ငြား
ထင်ရှား အကျိုးပေး။

# သတိကောင်းသည့် အမတ်ကြီး

ရှေးအခါက ဘုရင်တစ်ပါး လက်ထက်၌ မင်းသုံးဆက်တိုင် မှီလိုက်သော ပညာရှိအမတ်ကြီး တစ်ယောက်ရှိ၏။ ထို အမတ်ကြီးသည် အသက် ၇၀ ခန့် ရှိပြီဖြစ်သော်လည်း မေ့လျော့သည်ဟူ၍ မရှိ။ သတိအလွန်ကောင်းသည် ဟု နာမည်ကျော်ကြား၏။

ဘုရင်ကြီးသည် အမတ်ကြီးအား အသက်ကြီးပြီဖြစ်၍ ရှေးကကဲ့သို့ သတိသမ္ပဇဉ် ယှဉ်ပါဦးမည်လော ဟူသော သံသယရှိသဖြင့် တစ်ခုသော ညီလာခံ၌ အခြားသော အမတ်ကြီးများနှင့် စကားပြောဆို နေရာမှ ပညာရှိ အမတ်ကြီးအား အမှတ်မဲ့ 'ပညာရှိ အမတ်ကြီး၊ ဥဟူသမျှတွင် အဘယ် မည်သော ဥသည် အရသာ အရှိဆုံးဖြစ်ပါသနည်း' ဟူ၍ မေးတော်မူ၏။ ပညာရှိ အမတ်ကြီးသည် ဆုတ်ဆိုင်းခြင်းမရှိဘဲ 'ဖွတ်ဥပါဘုရား' ဟု လျှောက် တင်လေ၏။ ဘုရင်မင်းမြတ်လည်း ပညာရှိအမတ်ကြီးအား မည်သို့မျှ ဆက်လက်မိန့်ကြားခြင်း မပြုဘဲ အခြား အမှုမတ်များနှင့်သာ ဆက်လက် ဆွေးနွေးမြဲ ဆွေးနွေးတော်မူ၏။ သို့နှင့် အချိန်ကုန်၍ တစ်နှစ်တိတိ ပြည့် မြောက်သောနေ့တွင် ဘုရင်မင်းမြတ်သည် ညီလာခံတစ်ရပ် ခေါ်တော်မူ၏။ ထိုညီလာခံ၌ အခြားမှုးမတ်များနှင့် ဆွေးနွေးတိုင်ပင်နေရာမှ ပညာရှိအမတ် ကြီးအား အမှတ်မဲ့ 'ပညာရှိအမတ်ကြီး၊ သူ့ချည်းသာလော' ဟူ၍ မေးတော်

မူလေ၏။ ပညာရှိအမတ်ကြီးလည်း နှောင့်နှေးခြင်းမရှိဘဲ 'ဆားနှင့်ပါဘုရား' ဟု လျှောက်တင်လေ၏။ ထိုအခါ ဘုရင်မင်းမြတ်က 'ပညာရှိအမတ်ကြီး၊ အဘယ်အရာကို ဆားနှင့်ပါဘုရားဟု လျှောက်တင်ရသနည်း' ဟူ၍ မေးတော်မူပြန်၏။ ပညာရှိအမတ်ကြီးက 'အရှင်မင်းကြီးသည် ယမန်နှစ်က တစ်ခုသော ညီလာခံ၌ ဥပဟူသမျှတွင် ဘယ်ဥသည် အရသာအရှိဆုံး ဖြစ်သနည်းဟူ၍ ကျွန်တော်မျိုးအား အမေးတော်ရှိခဲ့ပါသည်။ ကျွန်တော်မျိုးက ဖွတ်ဥသည် အရသာအရှိဆုံး ဖြစ်ပါသည်ဟု ဖြေခဲ့ပါသည်၊ ထိုဖွတ်ဥသည် သူ့ချည်းစား၍ အရသာ မပေါ်လှပါ။ ဆားနှင့်စားမှသာ အရသာပေါ်နိုင်ကြောင်းကို လျှောက်တင်ရခြင်း ဖြစ်ပါသည် ဘုရား' ဟူ၍ လျှောက်တင်၏။

ဘုရင်မင်းမြတ်လည်း ပညာရှိအမတ်ကြီးသည် အသက်ကြီး သော်လည်း မေ့လျော့ခြင်းမရှိ၊ သတိကောင်းမြဲ ကောင်းနေသည့် အခြင်းအရာကို လွန်စွာ အားရနှစ်သက်တော်မူ၍ 'ပညာရှိအမတ်ကြီး၏ သတိကောင်းပုံမှာ ကျော်ကြားထိုက်ပါပေသည်' ဟူ၍ ချီးမွမ်းကာ ဆုလာဘ်များ ချီးမြှင့်တော်မူလေသတည်း။

ဆောင်ပုဒ် -

သတိတရား
လက်ကိုင်ထား
အမှားမတွေ့ပြီ။

## သူရူးနှင့် အစားကြူးသည့် ဘုရင်ကြီး

အခါတစ်ပါး၌ အစားကြူးသော ဘုရင်တစ်ပါး ရှိ၏။ ထိုဘုရင်ကြီးသည် ပွဲတော်တည်သည့် အခါတိုင်း ဟင်းလျာအမျိုးပေါင်း တစ်ရာကျော်ပါမှ ပွဲတော် တည်လေ့ရှိ၏။ သူမတူအောင် ထူးထူးခြားခြား ချက်ပြုတ်တတ်သည့် စားတော် ကဲများကို ခန့်ထားကာ ၎င်းတို့က ဘုရင်ကြီးအတွက် အမျိုးမျိုးသော ဟင်းလျာ များကို ချက်ပြုတ်ပေးရလေ၏။

နေ့စဉ်နေ့တိုင်း ဘုရင်ကြီးသည် ပွဲတော်တည်ပြီးလျှင် နန်းတွင်းရှိ မှူးကြီးမတ်ကြီးတို့မှစ၍ နန်းတွင်းသူ နန်းတွင်းသားတို့ပါ မကျန် တစ်လှည့်စီ မိမိ၏ ပွဲတော်ကျများကို စားစေ၏။ ထို့နောက် ဘုရင်ကြီးသည် 'မောင်မင်း တို့အိမ်၌ နေ့စဉ်စားရသော အရသာနှင့် ငါ၏ ပွဲတော်ကျများကို စားရသော အရသာ မည်သို့ထူးခြား ကွာခြားသနည်း' ဟု ပွဲတော်ကျ စားသုံးသူ နန်းတွင် သူ နန်းတွင်းသားတို့အား မေးလေ့ရှိ၏။ နန်းတွင်းသားများက မင်းလိုလိုက် မင်းကြိုက်ဆောင်၍ 'အရှင်မင်းကြီး၏ ပွဲတော်အုပ်များကား သာမန်လူများအဖို့ ပင် တွေးပင်မတွေးဝံ့ပါ။ စာရေးသော အရသာမှာလည်း နတ်သုဒ္ဓါတမျှ ဖြစ်ပါ သည်။ အရှင်မင်းကြီးသည် ဘုန်းရှင်ကံရှင် အစစ် ဧကန်ဖြစ်၍ ယခုကဲ့သို့ အရသာနှင့် ပြည့်စုံသော ပွဲတော်အုပ်များကို နေ့စဉ်တည်ရခြင်း ဖြစ်ပါသည် ဘုရား' ဟူ၍ လျှောက်ထားကြ၏။

ဘုရင်ကြီးလည်း ၎င်းတို့ လျှောက်ထားချက်ကို များစွာ နှစ်ထောင်းအားရ ရှိသဖြင့် စားတော်ကဲကြီးများကို ဆုလာဘ်များစွာ ချီးမြှင့်ကာ ကောင်းသည်ထက် ကောင်းအောင် ဟင်းလျာများကို ကြံဖန်ချက်ပြုတ် စေခြင်းဖြင့် အချိန်ကုန်ဆုံးကာ တစ်ခါတစ်ရံ မင်းညီလာခံသို့ပင် မတက်ရောက်နိုင်ဘဲ ရှိချေ၏။

တစ်နေ့သော် ဘုရင်ကြီးသည် နန်းတွင်းဆောင်မှ လှမ်းမျှော်ကြည့်လိုက်ရာတွင် လမ်း၌ သူရူးတစ်ယောက်ကို တွေ့ရှိ၍ မိမိ၏ပွဲတော်များကို ကျွေးမွေးလိုစိတ် ပေါ်ပေါက်လာသဖြင့် ကိုယ်ရံတော်များအား သူရူးအား အခေါ်ခိုင်းလိုက်၏။ ထို့နောက် သူရူးအား ပွဲတော်ကျများကို ကျွေးမွေးလေရာ သူရူးလည်း ကြိုက်နှစ်သက်ရာ ဟင်းလျာများကို နှိုက်ကာ မြိန်ရှက်စွာ စားသောက်လေ၏။ သူရူး ပွဲတော်ကျ စားသောက်ပြီးသောအခါ ဘုရင်ကြီးက 'ဟယ် . . . သူရူး၊ မောင်မင်း နေ့စဉ်စားသုံးနေသော စားကြွင်း စားကျန်များနှင့် ယခု ကိုယ်တော်မြတ်၏ ပွဲတော်ကျ အရသာ မည်သို့ကွာခြားသနည်း' ဟု မေးတော်မူလေ၏။ သူရူးသည် အတန်ငယ် ဆိတ်ဆိတ်နေပြီး 'ဝတော့လဲ အတူတူပါပဲ' ဟု ဆိုကာ နန်းတော်မှ ထွက်ခွာသွားလေ၏။

ဘုရင်ကြီးလည်း ကြောင်အမ်းအမ်းဖြင့် ကျန်ခဲ့ရာမှ 'သူရူးပြောသွားသော စကားမှာ အဖိုးတန်လှသည်။ မည်သည့်အရာကို စားတော်ခေါ် ရလည်း ဝမ်းဝလျှင် ထူးခြားသည် မဟုတ်" ဟူ၍ သတိတရားရကာ အစားအသောက်ကိုဆင်ခြင်တော် မူလေသတည်း။

ဆောင်ပုဒ် -

ဟင်းခွက်အများ
ထွေပြားပြား
ဝငြားအတူတူ။



# မသိလို့မေးတာပါ

ရွာတစ်ရွာ၌ အရှေ့ကျောင်းနှင့် အနောက်ကျောင်းဟူ၍ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း ရှိ၏။ ထို ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းမှာ လူတစ်ခေါ် လောက်သာဝေးကာ တစ်ကျောင်းနှင့်တစ်ကျောင်း လွန်စွာသင့်မြတ်ကြ၏။ အရှေ့ကျောင်းက အလှူလုပ်လျှင် အနောက်ကျောင်းသို့ လှူဖွယ်ပစ္စည်းများနှင့် တကွ ဆွမ်းဟင်းများပါ ပို့၏။ ထိုနည်းအတူ အနောက်ကျောင်းမှ အလှူလုပ် လျှင်လည်း အရှေ့ကျောင်းသို့ လှူဖွယ်ပစ္စည်းများနှင့်တကွ ဆွမ်းဟင်းများကို ပို့လေ၏။

တစ်နေ့၌ အနောက်ကျောင်း ဘုန်းတော်ကြီးသည် ဆွမ်းခံထွက်ရာ အရှေ့ကျောင်း၌ ဆွမ်းကျွေးရှိသည်ကို တွေ့မြင်ခဲ့လေ၏။ အနောက်ကျောင်း ဘုန်းကြီးသည် ထိုနေ့၌ ဆွမ်းဟင်းကောင်း တစ်ခွက်မျှ မရရှိသဖြင့် အရှေ့ ကျောင်းက ဆွမ်းဟင်းလာပို့မှ ဆွမ်းဘုဉ်းပေးမည်ဟူ၍ စောင့်ဆိုင်းနေလေ၏။ သို့ရာတွင် အချိန်တန်၍ ဆွမ်းဟင်းပို့ မလာသောကြောင့် မွန်းလွဲမည်စိုးရိမ်၍ အလျင်အမြန် ဆွမ်းဘုဉ်းပေးလိုက်ရလေ၏။ ထို့နောက် အနောက်ကျောင်း ဘုန်းတော်ကြီးလည်း ဆွမ်းဘုဉ်းပေးပြီးလျှင် ခေတ္တကျိန်းစက်တော်မူ၏။ နေ့ လယ် ကျိန်းစက်ရာမှ နိုးလေလျှင် ခါတိုင်းကဲ့သို့ ဖျော်ရည်များ လာကပ်မည် လားဟူ၍ အရှေ့ကျောင်းဘက်သို့ မျှော်ငေးစောင့်ဆိုင်း နေသော်လည်း မည်သူ

မျှ မပေါ်လာသဖြင့် ဘုန်းကြီးကျောင်းသားများကို ခေါ်ကာ 'မြင်ထားလို့ ထင်စားသည် လည်းကောင်း၊ မြင်ထားလို့ ထင်စားသည် လည်းကောင်း' ဟူ၍ စာအံ ခိုင်းစေ၏။

အနောက်ကျောင်း ဘုန်းကြီး ကျောင်းသားများလည်း ဘုန်းကြီးစာချသလို 'မြင်ထားလို့ ထင်စားသည် လည်းကောင်း' ဟူ၍ အသံ ကျယ်ကျယ် အော်ဟစ် စာအံကြရာ အရှေ့ကျောင်းက ဘုန်းတော်ကြီးနှင့် ဆွမ်းဒကာများ ကြားလေလျှင် 'အနောက်ကျောင်းကတော့ စောင်းဆိုနေပြီ၊ မဖြစ်ဘူး။ အကြံထုတ်မှပဲ' ဟူ၍ တိုင်ပင်ကြ၏။ ထို့နောက် အရှေ့ကျောင်း ဘုန်းတော်ကြီးလည်း အကြံရ၍ ကျောင်းသားများကို စုရုံးစေကာ 'မဝေလောက်လို့ မရောက်သည် လည်းကောင်း၊ မဝေလောက်လို့ မရောက်သည် လည်းကောင်း' ဟူ၍ စာအံစေလေ၏။

အရှေ့ကျောင်း ဘုန်းကြီးကျောင်းသားများလည်း အသံကျယ်လောင်စွာဖြင့် 'မဝေလောက်၍ မရောက်သည် လည်းကောင်း' ဟူ၍ စာအံလေသော် အနောက်ကျောင်း ဘုန်းတော်ကြီး ကြားလေလျှင် 'ဒီတော့လည်း ဟုတ်သားဘဲလေ။ သူ့ခမျာမျာ မဝေလောက်လို့ ဆွမ်းဟင်းမရောက်တာဘဲ' ဟု မိန့်ဆိုကာ ကျောင်းသားများ စာအံနေသည်ကို ရပ်ဆိုင်း ထားလိုက်လေသတည်း။

ဆောင်ပုဒ် -

ဒွိဟမရှင်း
သိလိုခြင်း
ထင်လင်းမေးအပ်စွ။

## အရှက်ကို အသက်ထက်တန်ဖိုးထားသူ

ရှေးအခါက တိုင်းပြည်တစ်ပြည်၌ သူဌေးသားတစ်ယောက်တွင် မယားနှစ်ယောက်ရှိ၏။ မယားကြီးမှာ သားသမီး မထွန်းကားဘဲ မယားငယ်၌သာ သား သမီးထွန်းကား၏။ သူဌေးသားသည် မယားကြီး၌ သားသမီး မထွန်းကားစေကာမူ သားသမီးရသော မယားငယ် နည်းတူပင် ချစ်ခင်မြတ်နိုး၏။ ထိုသို့ မယားကြီးအား ချစ်ခင်မြတ်နိုးသည်ကို မရှုစိမ့်နိုင်သော မယားငယ်သည် မိမိ၏ သားငယ်ကို ရေတွင်းထဲသို့ တွန်းချကာ မယားကြီးသည် မိမိအား မနာလို၍ မိမိသားငယ်အား သတ်ဖြတ်ပါသည်ဟု သူဌေးသားအား ငိုယိုတိုင်တန်း၏။ သူဌေးသားလည်း သားအတွက် မခံမရပ်နိုင်ဖြစ်ကာ ဘုရင့်အား လျှောက်တင်လေ၏။ ဘုရင်သည် အမတ်လေးယောက်တို့အား ထိုအမှုကို စီရင်စေရာ မပြီးပြတ်၍ အမျက်တော်ထွက်ပြီးလျှင် အမတ်လေးယောက်အား အကျဉ်းချထား၏။ ထို့နောက် ပညာရှိ အမတ်ကြီးအား ခေါ်ယူကာ ထိုအမှုကို လွှဲတော်မူလိုက်၏။

ထိုအခါ ပညာရှိအမတ်ကြီးသည် သူဌေးသား၏ မယားကြီး၊ မယားငယ်တို့ကို စစ်ဆေးသော် မသတ်ပါဟူ၍ အကြောင်း အမျိုးမျိုးပြကာ ထွက်ဆိုကြကုန်၏။ သို့ဖြစ်၍ တစ်နေ့၌ ပညာရှိအမတ်ကြီးသည် သူဌေးသား၏ မယားကြီးအား တိတ်တဆိတ် ခေါ်ပြီးလျှင် ‘သင် မသတ်ဟုဆိုသော် အများတကာ

ရှေ့တွင် ထမီချွတ်ပြရမည်’ ဟု ပြောလေ၏။ သူဌေးသား၏ မယားကြီးမှာ အကြံရခက်ပြီး ‘အမတ်ကြီး၊ မိန်းမကောင်းတို့ မည်သည် အရှက်ကို အသက် ထက် တန်ဖိုးထားရပါမည်၊ ကျွန်ုပ်ကို သတ်လိုက သတ်ပါ။ အရှက်ထက် အသက်ကို မငဲ့နိုင်ပါ။ သူ၏ သားကိုလည်း ကျွန်ုပ် မသတ်ပါ’ ဟု ဆိုလေ၏။

ထို့နောက် ပညာရှိ အမတ်ကြီးသည် သူဌေးသား၏ မယားကြီးကို အကျဉ်းသို့ ပြန်ပို့ပြီး မယားငယ်ကို ခေါ်ယူကာ ရှေ့နည်းအတိုင်း ပြောကြားပြန် ၏။ သူဌေးသား၏ မယားငယ်လည်း အများရှေ့တွင် ထမီချွတ်ပြရပါသည်ဟု ဆိုကာ လူပရိသတ်ရှေ့တွင် တကယ်ပင် ထဘီချွတ်ပြလေ၏။

ပညာရှိအမတ်ကြီးသည် သူဌေးသား၏ မယားငယ်၌ အရှက် အကြောက်မရှိ အသရေကင်းမဲ့သော အဖြစ်ကို သိရပြီးသော် လူအများရှေ့ တွင် ‘မယားကြီးသည် သားငယ်ကို မသတ်၊ အရှက်အကြောက် ကင်းမဲ့စွာဖြင့် ထဘီချွတ်ပြရဲသော မိန်းမစားမျိုးသာ ကလေးကို အသနား အညှာတာမရှိ သတ်ဖြတ်သူ ဖြစ်ပေလိမ့်မည်’ ဟူ၍ စီရင်ချက် ချလေ၏။ မယားငယ်လည်း မိမိအမှားကို မငြင်းဆန်နိုင်ဘဲ ဝန်ခံရလေ၏။ ဘုရင်လည်း ပညာရှိအမတ်ကြီး ၏ အမှုစစ်ဆေးပုံကို ချီးမွမ်းပြောဆိုကာ သားသတ်သော မိန်းမအား သေဒဏ် ပေးလိုက်လေသတည်း။

ဆောင်ပုဒ် -

အရှက်မရှိ
ထိုက္ကတ္တိ
ကင်းဘိကျက်သရေ။

## စဉ်းစားကောင်းတုန်း မြင်းဘုံးခံရ

ကုန်သည်တစ်ဦးသည် အလုပ်ကိစ္စရှိ၍ ခရီးထွက်ရာ သားဖြစ်သူကိုပါ အဖော်ခေါ်ခဲ့လေသည်။ ကုန်သည် သားအဖမှာ မြင်းစီးလာသော်လည်း ခရီးဝေးသည်နှင့် သွားလိုရာအရပ်သို့ မရောက်မီ မိုးချုပ်လေ၏။ ကုန်သည်လည်း ခရီးလမ်း၌ပင် အိပ်ရန်ဆုံးဖြတ်ပြီး သားဖြစ်သူအား ဓားပြသူခိုး ဘေးရန်အတွက် သတိထားအိပ်ရန် မှာကြားလေ၏။ သားဖြစ်သူက တစ်ညလုံးစောင့်ပါမည်၊ ဖခင်သာ အိပ်ပါဆို၍ ကုန်သည်လည်း စိတ်ချလက်ချ အိပ်လေ၏။ သို့ရာတွင် အသက်ကြီးသူဖြစ်၍ မကြာခဏ နိုးလေ့ရှိသည့်အတိုင်း တစ်ရေးနိုး၍ သားဖြစ်သူအား ကြည့်လိုက်ရာ အိပ်နေသည်ကို တွေ့သဖြင့် 'တစ်ညလုံးစောင့်မယ့်အကောင် အိပ်ပြီလား' ဟုမေးလေ၏။ သားဖြစ်သူကလည်း လန့်နိုးလာပြီး 'မအိပ်ပါဘူး အဖေရဲ့၊ စဉ်းစားနေတာပါ' ဟု ဆို၏။ 'ဘာများ စဉ်းစားနေတာလဲကွ' ဟု မေးရာ သားဖြစ်သူက 'မိုးပေါ်က ကြယ်တွေကို ကြည့်ရင်း သူတို့ဘယ်လို ဖြစ်ပေါ်လာသလဲ ဆိုတာ စဉ်းစားနေတာပါ' ဟု ဖြေလေ၏။ ကုန်သည်လည်း 'အေးအေး၊ စဉ်းစားတာလဲ စဉ်းစားကွာ၊ သတိထားလဲအိပ်' ဟု ဆိုပြီး အိပ်ပျော်သွားပြန်၏။ အတန်ကြာလျှင် တရေးနိုးပြန်၍ ကြည့်လိုက်ရာ သားဖြစ်သူ အိပ်ပျော်နေသည်ကို တွေ့၍ 'တစ်ညလုံး စောင့်မယ့်အကောင် အိပ်ပြီလား' ဟု မေးပြန်ရာ သားဖြစ်သူကလည်း လန့်နိုးလာပြီး

'မအိပ်ပါဘူး အဖေရဲ့ စဉ်းစားနေတာပါ' ဟုဆို၏။ ကုန်သည်က 'ဘာများ စဉ်းစားနေတာလဲကွ' ဟု မေးရာ သားဖြစ်သူက အနီးရှိ အုန်းပင်တစ်ပင်ကို လက်ညှိုးထိုးပြီး 'အုန်းသီးထဲ အုန်းရေဘယ်လို ရောက်နေသလဲဆိုတာ စဉ်းစားနေတာပါ' ဟု ဖြေလေ၏။ ကုန်သည်က 'အေးအေး စဉ်းစားတာလဲ စဉ်းစားကွာ သတိထားလဲအိပ်' ဟု ဆိုကာ အိပ်ပျော်သွားပြန်၏။

အရုဏ်တက်ခါနီး၌ ကုန်သည်လည်း လန့်နိုးရာ သားဖြစ်သူအား ငုတ်တုတ်ထိုင်နေသည်ကို တွေ့၍ 'ဒီလိုတော့လဲ တော်သား၊ မအိပ်ဘဲနေနိုင်ပေတယ်' ဟု စိတ်ထဲက ချီးမွမ်းကာ 'မင်းမအိပ်ဘဲ စောင့်နေတယ်ပေါ့' ဟု ဆို၏။ သားဖြစ်သူက 'ဟုတ်ကဲ့ ကျွန်တော် စဉ်းစားနေတာပါ' ဟုပြော၍ ကုန်သည်က 'မင်းဟာက တစ်ညလုံးစဉ်းစားတာဘဲလား။ စဉ်းဘဲစဉ်းစားနိုင်ပါ့ကွာ။ ကဲ ဘာတွေများ စဉ်းစားနေသလဲဆိုတာ အဖေ့ပြောပါဦး' ဟု ဆို၏။

သားဖြစ်သူက 'မြင်းကုန်းနှီး ရှိတယ်မဟုတ်လား အဖေ" ဟုဆိုရာ ကုန်သည်က 'အေးလေကွာ မြင်းကုန်းနှီးရှိတာ ဘာလုပ်မလို့လဲ' ဟု မေးလေ၏။ သားဖြစ်သူက 'အဲဒီ မြင်းကုန်းနှီးကို အဖေ့ ထမ်းခိုင်းရမလား၊ ကျွန်တော်ပဲ ထမ်းရမလားဆိုတာ စဉ်းစားနေတာပါ' ဟု ပြော၏။ ကုန်သည်က 'ဘာဖြစ်လို့ မြင်းကုန်းနှီး ထမ်းရမှာလဲကွ' ဟု မေးရာ သားဖြစ်သူက 'မြင်းမရှိတော့ဘူး အဖေ၊ လူခိုးသွားပြီ၊ မြင်းကုန်းနှီးဘဲ ကျန်ခဲ့တယ်' ဟု ဖြေလိုက်လေ၏။

ဆောင်ပုဒ် -

အအိပ်စုံမက်
ခရီးထွက်
နံနက် ပစ္စည်းပြောင်။

## ငွေမြင်မှ အရုပ်ရှိသေသောမယား

မြို့တစ်မြို့၌ ရုပ်သေးပွဲတွင် ကြိုးဆွဲအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသော လူတစ်ယောက်ရှိ၏။ မိုးရာသီ၌ ဇာတ်ခေါင်းကွဲနေ၍ ထိုရုပ်သေးကြိုးဆွဲသည် အလုပ်မရှိ ဖြစ်နေ၏။ အလုပ်မရှိ၍ ဝင်ငွေလမ်း မဖြောင့်သောကြောင့် မယား ဖြစ်သူက အမြဲတမ်း စောင်းထေ့ဆူပူခြင်း ပြုလုပ်လေ့ရှိ၏။ ထိုသူ၌ ယမနေ သားဖြင့် ပြုလုပ်ထားသော မင်းသားရုပ် ရှိ၏။ ထိုအရုပ်ကို မယားဖြစ်သူအား သိမ်းထားရန်ပြောရာ မယားဖြစ်သူက 'အရုပ်က ကျက်သရေမရှိလိုက်တာ တော်' ဟု ဆိုကာ ချောင်တစ်ချောင်တွင် ထိုးထားလိုက်၏။

တစ်နေ့၌ ရွာတစ်ရွာသောကြောင့် အလှူပွဲရှိသောကြောင့် ရုပ်သေးပွဲ ကရန် စီစဉ်ရာ ကြိုးဆွဲတစ်ယောက် လိုနေသည်နှင့် ထိုကြိုးဆွဲအား လာရောက် ခေါ်၍ ထိုသူလည်း ချောင်ထိုးထားသော အရုပ်ကိုယူလျက် ဝမ်းသာအားရ စွာဖြင့် လိုက်သွားလေ၏။ လေးငါးရက်ကြာသော် ထိုသူလည်း အရုပ်ကျော ပိုးကာ ဝါးဘိုးတစ်လုံး ထမ်းလျှက် အိမ်သို့ပြန်လာလေ၏။ မယားလုပ်သူသည် ဘာမျှယူလာသည်ကို မတွေ့၍ ငွေပါလိမ့်မည် မထင်သဖြင့် ခရီးဦးကြို မပြုဘဲ အိမ်ထဲမှသာ ထိုင်နေလေသည်။ ထိုသူလည်း အိမ်အပေါက်ဝတွင် ထိုင်၍ အရုပ်ကို ဘေး၌ချကာ ချွေးသုတ်ပြီး မယားဖြစ်သူအား ရေနွေးတည်ခိုင်း၏။ မယားဖြစ်သူက ထင်းမရှိကြောင်းပြောရာ ကြိုးဆွဲဆရာက 'ဒီဝါးဘိုး ခွဲတယ်

ကွာ' ဟု ထမ်းလာသော ဝါးဘိုးကို လှမ်းပေးလိုက်၏။ မယားဖြစ်သူ သည် ဝါးဘိုးကို လှမ်းယူကာ ယမနေသားအရုပ်ကို ကျော်လွှားဆင်းသွားပြီး ဆူဆူ ဆောင့်အောင့်ဖြင့် ရေနွေးအိုးတည်ရန် ပြုလုပ်၏။ ထင်းဆိုက်ရန်အတွက် ကြိုးဆွဲဆရာ၏ ဝါးဘိုးကို ဓားဖြင့်ခွဲလိုက်ရာ ဝါးဘိုးထဲမှ ငွေဒင်္ဂါးများ သွန်ကျလာ၏။ မိန်းမဖြစ်သူသည် အံ့အားသင့်နေပြီး ရေနွေးအိုးကို မီးမွှေး တည်ထားခဲ့ကာ ငွေများကိုပိုက်၍ အိမ်ရှေ့သို့ လျှောက်လာ၏။ ထို့နောက် အိမ်ဝတွင် ထိုင်လက်စအတိုင်း ထိုင်နေသော လင်ဖြစ်သူအား ပြုံးရွှင်စွာ ကြည့်ပြီး 'အခုထိ အိမ်ထဲ မဝင်သေးပါလား၊ ချွေးတွေ သံတွေနဲ့ အဝတ် အစားလေးဘာလေး လဲရောပေါ့' ဟု ပြောလိုက်၏။ ယောကျ်ားဖြစ်သူလည်း ဘာမျှမပြောဘဲ ပြုံး၍ သာနေသဖြင့် 'အိမ်ထဲကို ဝင်စမ်းပါ၊ ဒီက အိမ်ပေါ်တက်ချင်လို့' ဟု ထပ် ပြော၏။ ယောကျ်ားဖြစ်သူက 'အရုပ်ပေါ်က ကျော်သွားလဲ ဖြစ်တာပဲကွာ၊ ကျော်တက်ပေါ့' ဟုဆို၏။

ထိုအခါ မိန်းမလုပ်သူက ပျာပျာသလဲနှင့် လက်ကာပြရင်း 'တော်က ကျုပ်ကို ငရဲပေးမလို့လား၊ ယမနေသားဟာ နတ်စောင့်တယ်တော့၊ ကျုပ် မကျော်ရဲဘူး' ဟု ပြောလိုက်လေ၏။

ဆောင်ပုဒ် -

ခင်ပွန်းသက်ထား
ဝင်ငွေများ
မယားမျက်နှာချို။

## ယောင်သုံးဆယ်နှင့်လူ

တစ်ခါက ရေချိုးဆိပ်တစ်ခု၌ လင်မယားနှစ်ယောက် ရေချိုးဆင်းရာ ယောကျ်ားဖြစ်သူသည် ရေမကူးတတ်၍ ရေစီး၌မျောပါ သွားလေ၏။ မိန်းမဖြစ်သူမှာလည်း ရေမကူးတတ်၍ လင်ယောကျ်ားကို မကယ်နိုင်ဘဲ ရှိလေ၏။ သို့ဖြစ်၍ ရေ၌မျောပါသွားသော လင်ယောကျ်ားအား လူအများဝိုင်းဆယ်ရန် ထူးဆန်းသော စကားကို ဆိုအံ့ဟူ၍ အကြံရပြီး 'ကျွန်မ ယောကျ်ား ရေ၌ မျောပါ သွားပါသည်။ ကျွန်မ ယောကျ်ားမှာ သူတစ်ပါးနှင့်မတူ၊ ယောင်သုံးဆယ်နှင့်လူ ဖြစ်ပါသည်။ ရေနစ်၍ မျောပါသွားသည်ကို ဆယ်ကြပါ၊ ဆယ်ကြပါ' ဟု ကျယ်လောင်စွာ အော်ဟစ်လေ၏။

မိန်းမဖြစ်သူ၏ ထူးဆန်းသော အော်ဟစ်သံကို ရေချိုးဆိပ်၌ ရေချိုးနေကြသော လူအပေါင်း ကြားသည်တွင် 'ယောင်သုံးဆယ်နှင့်လူ' ဆိုသည်မှာ မည်သည့်လူမျိုး ဖြစ်မည်ကို မြင်တွေ့လိုသည်နှင့် သူ့ထက်ငါ ရေကူး၍ ဆယ်ကြလေ၏။ ကမ်းပေါ်သို့ ရောက်သောအခါ ရေနစ်သူမှာ ယောင်သုံးဆယ်ကို မြင်တွေ့ရန်ဝေးစွ၊ ဆံပင်တစ်မွှေးမျှ မရှိသော ခေါင်းတုံးနှင့်လူ ဖြစ်နေ၍ ကယ်ဆယ်သူများက မိန်းမကြီးအား 'ခင်ဗျား ယောကျ်ား အများနှင့်မတူ ယောင်သုံးဆယ်နှင့်လူ ဖြစ်တယ်လို့ ဘာကြောင့် အောင်ဟစ်ရသလဲ၊ ခုတော့ ယောင်သုံးဆယ် ဝေးလို့ ဆံပင်တစ်မွှေးမျှ မရှိဘဲ ကတုံးကြီးဘဲ' ဟူ၍ မေးမြန်း

ကြ၏။ ထိုအခါ ရေနစ်သူ၏ ဇနီးဖြစ်သူက 'ကျွန်မ ယောကျ်ား အများနှင့် မတူ၊ ယောင်သုံးဆယ်နှင့်လူ ဖြစ်သည်ဟူ၍ အော်ဟစ်သည်မှာ အခြား ကြောင့် မဟုတ်ပါ။ ကျွန်မ ယောကျ်ားသည် ဗေဒင်ဆရာ ယောင်ယောင်၊ ဆေးဆရာ ယောင်ယောင်နှင့် မည်သည့် အလုပ်ကိုမျှ ဖြစ်ဖြစ် မြောက်မြောက် မလုပ်ဘဲ ယောင်သုံးဆယ်လုပ်နေ၍ အမှန်အတိုင်း အော်ဟစ်ခြင်းဖြစ်ပါသည်' ဟု ဖြေဆိုလေ၏။

ရေနစ်သူကို ကယ်ဆယ်သောသူများက 'ဦးခေါင်း၌ ထုံးသည့် သျှောင်သုံးဆယ်ရှိသည့်လူ မှတ်ထင်၍ ဆင်းဆယ်မိသည်။ ဟိုယောင်ယောင်၊ ဒီယောင်ယောင် လုပ်နေသည့် ယောင်သုံးဆယ်ဆိုလျှင် ဆင်းဆယ်မည် မဟုတ်၊ ဒီလို ဘာမှမလုပ်သည့် လူမျိုး သေလို့လဲ အကြောင်းမထူး၊ ရေထဲ ပြန်ချမှဘဲ' ဟု ဆိုကြပြီး ရေနစ်သူအား ရေထဲသို့ပစ်ချရန် ပြုလုပ်ကြ၏။

ဟို ယောင်ယောင်၊ ဒီယောင်ယောင် ယောင်သုံးဆယ်လူသည် ကမန်းကတန်း လက်ကာပြကာ . . .

'ရေထဲ ပြန်မချပါနဲ့ဗျာ၊ ဟိုအရင်ကသာ ယောင်သုံးဆယ် လုပ်တာပါ၊ ခု အလုပ်ကြမ်းဘဲ ဖြစ်ဖြစ် အလုပ်တစ်ခုခု လုပ်ပါ့မယ်'

ဟူ၍ တောင်းပန်မှ ကယ်ဆယ်သူ အပေါင်းလည်း ကျေကျေနပ်နပ် ဖြစ်သွားကြလေ၏။

ဆောင်ပုဒ် -

ဟိုယောင်ဒီယောင်
လူအချောင်
အလျှောင်ခံဖို့ပြင်။

# နာမည်ကောင်း ရွေးသူ

တစ်ခါက ‘နာမည်ကောင်းမှ ကြီးပွား ချမ်းသာနိုင်မည်’ ဆိုသော ယူဆချက်ကို ယုံကြည်စွဲလန်းလျှက် ရှိသည့် လူတစ်ယောက်ရှိ၏။ ထိုသူသည် အိမ်ထောင်ကျ၍ သားယောကျ်ားလေး တစ်ယောက် မွေးဖွားသဖြင့် သားဖြစ်သူအား အလွန်ကောင်းသော နာမည် မှည့်လိုသောကြောင့် နာမည်သစ်ရှာရန် ခရီးလှည့်လည်ခဲ့လေ၏။ ရွာတစ်ရွာသို့ ရောက်သောအခါ အလွန်ဆင်းရဲသော တဲငယ်ကလေးတစ်ခု၌ တောင်းရက်နေသော လူတစ်ယောက်အား တွေ့ရှိ၍ နာမည်ကို မေးရာ ‘ဦးသူကြွယ်’ ဟု ပြောသဖြင့် မှတ်သားလိုက်၏။

တစ်ဖန် ခရီးဆက် လက်ထွက်ခဲ့ပြန်ရာ ဈေးထဲ၌ ငါးဝယ်နေသော အလွန်အရုပ်ဆိုးသည့် မိန်းမတစ်ယောက်ကို တွေ့ရှိ၍ နာမည်ကိုမေးကြည့်ရာ ‘မယဉ်လှ’ ဟူ၍ ပြောသဖြင့် မှတ်ထားလိုက်ပြန်၏။ ထိုမှတဆင့် ခရီး ဆက်လက် ထွက်ခဲ့ရာ လမ်းခရီး၌ အပန်းဖြေနေသော အသက်ရှစ်ဆယ်ခန့် အဖိုးအိုတစ်ဦးအား တွေ့ရှိ၍ နာမည်မေးကြည့်ပြန်ရာ ‘ဦးပျိုနု’ ဟု ဆိုသဖြင့် မှတ်ထားလိုက်ရပြန်၏။

ထို့နောက် ရွာတစ်ရွာသို့ရောက်၍ အသိအိမ် တစ်အိမ်၌ တည်းခိုလေ၏။ ညဉ့်ပိုင်းရောက်လျှင် တဟင်းဟင်းနှင့် ညည်းသံကြားသဖြင့် အိမ်ရှင်အား မေးကြည့်ရာ အိမ်ရှင်၏သား ‘မောင်သံချောင်း’ ဆိုသူမှာ ငှက်ဖျားမိ၍

တစ်လတစ်ကြိမ် အဖျားတက်ကြောင်း သိရလေ၏။ နောက် တစ်နေ့တွင် အခြားရွာသို့ ရောက်သောအခါ အိမ်တစ်အိမ်၌ ကလေးတစ်ယောက် သေဆုံးနေသည်ကို တွေ့ရှိ၍ နာမည်မေးကြည့်ရာ 'မောင်သက်ရှည်' ဆိုသောကြောင့် သံဝေဂရ၍ အိမ်သို့ ပြန်လာလေ၏။

အပြန်လမ်းခရီး၌ ထိုသူလည်း 'ဦးသူကြွယ်ဆိုသူက မွဲလိုက်တာ ချာလို့၊ မယုဉ်လှဆိုတဲ့ အမျိုးသမီးလဲ အရုပ်ဆိုး အကျည်းတန်လိုက်တာ လွန်ရော၊ ဦးပျိုနုဆိုသူကတော့ အသက်ရှစ်ဆယ်လောက်ရှိပြီ၊ မောင်သံချောင်းဆိုသူကလဲ တစ်လတစ်ခေါက်လောက် အဖျားတက်နေတယ်၊ မောင်သက်ရှည်ကျပြန်မှ အသက်တိုရလေတယ်' ဟူ၍ တစ်လမ်းလုံး ညည်းညူလာကာ

'နာမည်ကောင်းမှ ကြီးပွား ချမ်းသာတာ မဟုတ်ပါဘူး။ ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားပေါ်မှာ မူတည်တာဘဲ၊ ငါ့သားလဲ မှည့်ချင်တဲ့နာမည် မှည့်တော့မယ်'

ဟူ၍ ပြောဆိုလာလေသတည်း။

ဆောင်ပုဒ် -

ကာယဉာဏ
ဝီရိယ
ပြည့်ဝလူချမ်းသာ။

# သူခိုးချွတ်သူ အပျိုကြီး

ရွာတစ်ရွာ၌ လူပျင်းတစ်ယောက် ရှိ၏။ ထို လူပျင်းသည် မည်သည့်အလုပ်အကိုင်မျှ မလုပ်သဖြင့် ဝမ်းရေးအတွက် အခက်ကြီးကြုံကာ ခိုးစားမည်ကြံလေ၏။ သို့သော် တစ်ပါးသူတို့ကဲ့သို့ သတ္တိမရှိသဖြင့် ညဥ့်နက်သန်းကောင်မှာ ခိုးဝှက်ခြင်းကို မလုပ်ဝံ့ပေ။ မတော်တဆ လူမိသွားသော် အရိုက်အနှက်ခံရမည်ကိုလည်း စိုးရိမ်ပူပင်သောကြောင့် အိမ်သားဟူ၍ လူပိုမရှိသော အပျိုကြီးအိမ်ကို ခိုးရန် အကြံရလေ၏။

တစ်နေ့သောညနေတွင် အပျိုကြီး အပြင်သို့ ထွက်သည့်အခိုက်အလစ်တွင် အိမ်ထဲသို့ဝင်ပြီး မီးဖိုချောင် ကျပ်ခိုးစင်ပေါ်တွင် ခါးတောင်းကျိုက်ကာ တက်၍နေလေ၏။ အပျိုကြီးလည်း မှောင်စပြုချိန်တွင် မိမိအိမ်သို့ ပြန်ရောက်လာပြီး ဆေးလိပ်မီးညှိရန် မီးဖိုချောင်သို့ ဝင်လာလေ၏။ အပျိုကြီးသည် ကျပ်ခိုးစင်ပေါ်က သူခိုးကို မမျှော်လင့်ဘဲ တွေ့မြင်၍ အံ့အားသင့်သွားသော်လည်း သူခိုးခမျာကြောက်၍ ဒူးတုန်နေသည်ကို သိရှိသဖြင့် မမြင်ချင်ယောင်ဆောင်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။ ထို့နောက် အပျိုကြီးသည် ဆေးလိပ်ကို မီးတဖွားဖွားနှင့် သောက်နေရာက အကြံတစ်ခု ပေါ်လာသဖြင့် နံဘေးရှိအိမ်ကို 'ဟိုဘက်အိမ်က လူရှိလား' ဟူ၍ လှမ်းခေါ်လိုက်၏။ အိမ်နီးချင်းမိန်းမကြီးက 'ရှိပါ့ အပျိုကြီးရေ၊ ဘာလုပ်မလို့တုန်း' ဟု မေးလေ၏။ အပျို

ကြီးက 'ဩော် သူခိုးများ ဘယ်အချိန် ခိုးတတ်သလဲ သိချင်လို့ပါ' ဟုဆို၏။ အိမ်နီးချင်း မိန်းမကြီးက 'သူခိုးဘဲတော် လူခြေတိတ်လို့ အိပ်မောကျတဲ့ ညဥ့်နက်သန်းကောင်မှ ခိုးတတ်တာပေါ့' ဟူ၍ အော်ပြောလိုက်လေ၏။ အပျိုကြီးက နောက်ဖေး ကျပ်ခိုးစင်ပေါ်က သူခိုး နားထောင်နေမှန်း သိ၍ 'ဒါဖြင့် ကျုပ်တို့အိမ်က မောင်ရင်ကျတော့ စောလှချည့်လား' ဟု ပြောလိုက်လေ၏။ သတ္တိနည်းသော သူခိုးလူပျင်းလည်း 'ကျွန်တော်က သိပ်မှောင်ရင် ကြောက်တတ်လို့ပါ' ဟု ခပ်တိုးတိုး ပြောပြီး ဆင်းပြေးလေရာ အပျိုကြီးက ဖမ်းဆွဲထားလေ၏။

ထို့နောက် အပျိုကြီးက 'ဘာလို့ ခိုးဖို့ ကြံစည်ရတာလဲ' ဟု မေးရာ သူခိုးက 'ကျွန်တော် စားစရာမရှိလို့ ခိုးတာပါ' ဟု ဖြေ၏။ အပျိုကြီးက 'စားစရာ မရှိရအောင် ဘာအလုပ်မှ မလုပ်ဘူးလား' ဟု မေးပြန်၏။ သူခိုးက 'ကျွန်တော်ပျင်းလို့ ဘာအလုပ်မှ မလုပ်ပါဘူး' ဟု ဖြေလေ၏။ အပျိုကြီးက 'တို့ရွာမှာ ရေထမ်းသမား မရှိဘူး၊ နင် ရေသည်လုပ်မလား၊ မလုပ်ဘူးလား ပြော၊ ခိုးဘဲခိုးမယ် ရေသည် မလုပ်ဘူးဆိုရင် သူခိုးလို့ အော်လိုက်မယ်' ဟု ဆိုလေ၏။

သူခိုးလည်း အပျိုကြီး အော်လိုက်လျှင် လူအများ ရောက်လာ၍ ရိုက်နှက်မည်ကို စိုးရိမ်သဖြင့် 'ကျွန်တော် နောက်ကို မခိုးတော့ပါဘူး၊ ရေသည် လုပ်စားပါ့မယ်' ဟု ကတိပေးမှ အပျိုကြီးလည်း လူပျင်းသူခိုးအား လွှတ်လိုက်လေသတည်း။

ဆောင်ပုဒ် -

အလုပ်မလုပ်
လူပျင်းရုပ်
အဟုတ် ရှက်ဖွယ်ပင်။

# ဥပါဒါန်ကြောင့် ဥပဒ်ရောက်

တစ်ခါက မြို့တစ်မြို့တွင် ကျောင်းပေါင်းစုံ ကစားခုန်စားပွဲ ကျင်းပ၏။ မြို့ အစွန်မှ မူလတန်းကျောင်းလေး တစ်ကျောင်းမှာ ထိုကစားပွဲတွင် မပါဝင်၍ ကျောင်းမပိတ်ဘဲ ရှိ၏။ မူလတန်း ကျောင်းသားများသည် ကစားခုန်စားပွဲသို့ သွားရောက်ကြည့်ရှု လိုသော်လည်း မိမိတို့ ကျောင်းမပိတ်၍ အခက်တွေ့နေလေ၏။ သို့ရာတွင် ကစားခုန်စားပွဲသို့ သွားရောက်လိုသဖြင့် ကျောင်းသားများ စုရုံးတိုင်ပင်ကြရာ အကြံသစ်တစ်ခုရ၍ စာသင်မည့် ဆရာကြီးအား စောင့်ဆိုင်းနေကြ၏။

ကျောင်းတက်၍ ဆရာကြီး စာသင်ရန် အခန်းထဲသို့ ဝင်ရောက်လာသောအခါ ကျောင်းသားတစ်ယောက်က 'ဆရာကြီး နေမကောင်းဘူ ထင်တယ်' ဟု ပြော၏။ ဆရာကြီး 'ကွယ် ငါနေကောင်းပါတယ်' ဟု ဆို၏။ ကျောင်းသူ မိန်းကလေးတစ်ယောက်က တစ်ဖန် 'ဆရာကြီး မျက်နှာမကောင်းဘူး၊ နေကောင်းတယ်ဆိုတာ ဟုတ်ရဲ့လား' ဟု မေး၏။ အခြား ကျောင်းသား နှစ်ယောက် သုံးယောက်က 'ဟုတ်တယ် ဆရာကြီး၊ ဒီနေ့ ဆရာကြီး ကြည့်ရတာ ထိုင်းထိုင်း မှိုင်းမှိုင်းကြီးပဲ၊ ဆရာကြီး နေမကောင်းပါဘူး' ဟု ဆိုကြလေ၏။ သွက်သွက်လက်လက်ရှိသော ကျောင်းသားတစ်ယောက်က ဆရာကြီး၏လက်ကို ကိုင်ကြည့်ပြီး 'ဆရာကြီးလက်တွေ ပူနေတယ်၊ ဆရာကြီး နေ

မကောင်းတာ အမှန်ပဲ အိမ်ပြန်ပါလား' ဟု ဆို၏၊ ဆရာကြီးလည်း တပည့်များက နေမကောင်းဘူးဟု ဝိုင်းပြောကြသဖြင့် မိမိကိုယ်မိမိ သံသယဖြစ်လာကာ စမ်းသပ်ကြည့်ပြီး 'အင်း ငါနေမကောင်းဘူးဆိုတာ ဟုတ်တာဘဲ' ဟု တွေးတောကာ 'ဒီနေ့ ဆရာကြီး နေမကောင်းလို့ ကျောင်းပိတ်လိုက်တယ်။ မင်းတို့ ပြန်ကြပေတော့၊ ဆရာကြီးလဲ အိမ်ပြန်အိပ်တော့မယ်' ဟု ပြောလေ၏။ ကျောင်းသားများလည်း ကျောင်းပိတ်လိုက်၍ ပျော်ရွှင်စွာဖြင့် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ကစားပွဲသို့ သွားရောက်ကြလေ၏။

နောက်တစ်နေ့၌ ကျောင်းသားများ ကျောင်းတက် လာကြသောအခါ ဆရာကြီးဖျား၍ ကျောင်းမတက်ဆိုသဖြင့် ဆရာ၏အိမ်သို့ လိုက်သွားကြ လေ၏။ ဆရာကြီး၏ အိမ်သို့ရောက်လျှင် ဆရာကြီး ခေါင်းမြီးခြုံ၍ အိပ်နေသည်ကို တွေ့သဖြင့် 'ဆရာကြီး အိပ်နေသလား' ဟူ၍ မေးကြ၏။ ဆရာကြီးလည်း ခေါင်းမြီးခြုံကို ဖွင့်ကြည့်ရာ ကျောင်းသားတစ်ယောက်က 'ဟာ ဆရာကြီး မျက်နှာ ကောင်းပါတယ်။ နေကောင်းပြီပဲ' ဆို၏။ ဆရာကြီးလည်း ထထိုင်ရာ အခြားကျောင်းသားများက 'ဆရာကြီးကြည့်ရတာ ရွှင်နေပါတယ်။ မနေ့ကနဲ့ သိပ်ကွာတာပဲ။ လန်းလို့ ဆန်းလို့' ဟု ပြောလေ၏။

နောက်ထပ် ရောက်လာသော ကျောင်းသူများက 'ဟာ ဆရာကြီး နေကောင်းပြီကိုး။ လာပါ ကျောင်းဘက် လျှောက်ရအောင်၊ တော်တော်ကြာ အညောင်းမိနေမယ်' ဟု ဆိုသဖြင့် ကျောင်းဆရာကြီးလည်း သဘောတူကာ ကျောင်းဘက်သို့ တပည့်များနှင့် လမ်းလျှောက်လိုက်သွား လေ၏။

ကျောင်းရောက်သည့်အခါ တပည့်များက ဝိုင်းဝန်းအားပေး၍ ဆရာကြီးလည်း မိမိကိုယ်ကို နေကောင်းပြီဟု ဆိုကာ စာသင်ကြားလေတော့သတည်း။

ဆောင်ပုဒ် -

ဥပါဒါန်ကြောင့်
ဥပဒ်ရောက်
ရှေ့နောက်သတိမူ။



# ဒုက္ခသိလိုသူ မျောက်ကြီး

တောအုပ်တစ်ခုရှိ လူသွားလမ်းမ၌ ညောင်ပင်ကြီးတစ်ပင် ရှိ၏။ မျောက်ကြီး တစ်ကောင်သည် ထိုညောင်ပင်ကြီး၌ မှီတင်းနေထိုင်လေ၏။ တောအုပ်ကို ဖြတ်သန်းသွားသော ခရီးသည်တို့လည်း ထိုညောင်ပင်ကြီးအောက်၌ ခေတ္တ ခဏ အပန်းဖြေလေ့ရှိ၏။ ညောင်ပင်ကြီးအောက်သို့ ခေတ္တဝင်ရောက် ခိုလှုံကြ သော ခရီးသည်တို့သည် မသွားမဖြစ်၍ ခရီးသွားကြရ သော်လည်း မောပန်း ကြသည့်အတွက် 'ဒုက္ခ၊ ဒုက္ခ' ဟူ၍ မြည်တမ်းကြသည်ကို မျောက်ကြီးကြား လျှင် 'ညောင်ပင်ကြီးအောက်သို့ ဝင်ရောက်နားလေ့ရှိသော ခရီးသည် အပေါင်း အများဆုံး ပြောဆိုလေ့ရှိသော စကားမှာ 'ဒုက္ခ' ဖြစ်သည်။ ဤ 'ဒုက္ခ' ဟူ သော စကားသည် အလွန်ကောင်းဟန် တူသည်။ အကြောင်းသိအောင် ငါ စုံစမ်းအံ့' ဟူ၍ ကြံစည်စိတ်ကူးမိလေ၏။

တစ်နေ့သောအခါ လူတစ်ယောက်သည် သစ်ပင်အောက်သို့ ရောက် လာ၍ ခေတ္တအပန်းဖြေကာ 'အော် ဒုက္ခ၊ ဒုက္ခ' ဟူ၍ ညည်းတွားလေ၏။ မျောက်ကြီးသည် သစ်ပင်ပေါ်မှ ဆင်းလာကာ 'အဆွေ၊ ဒုက္ခဆိုတာ ဘာကို ခေါ်ပါသလဲ။ ကျွန်ုပ်အား ဒုက္ခရှိလျှင် ပေးစမ်းပါ' ဟူ၍ တောင်းဆိုလေ၏။ ခရီးသည်လည်း 'ဒုက္ခဆိုတာ မကောင်းဘူး' ဟူ၍ ပြောလေ၏။ မျောက်ကြီးက မကျေနပ်၍ ဒုက္ခကို ထပ်မံတောင်းဆိုသော် ခရီးသည်က 'ဒုက္ခအကြောင်း

ကောင်းကောင်း သိချင်ရင် တောအုပ်အဝင်က ဘုန်းတော်ကြီးကျောင်းမှာ သွားမေးပေတော့’ ဟု ပြော၍ မျောက်ကြီးလည်း သဘောတူကာ တောအုပ်အဝင်ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားလေ၏။ ဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ ဘုန်းတော်ကြီးမှာ ခရီးထွက်သွားသောကြောင့် ဘိုးသူတော်နှင့်သာ တွေ့ရလေ၏။ ဘိုးသူတော်က ‘အဆွေမျောက်ကြီး၊ ဘာကိစ္စရှိ၍ ကျောင်းကို လာပါသလဲ’ ဟု မေးမြန်းရာ မျောက်ကြီးက ‘ဒုက္ခဆိုတာ ဘာလဲ သိချင်လို့ ကျောင်းကို လာတာပါ။ ဘုန်းတော်ကြီး မရှိရင် သင်ပဲ ကျွန်ုပ်ကို ဒုက္ခပေးစမ်းပါ’ ဟု ဆိုလေ၏။ ဘိုးသူတော်က ‘ဒုက္ခဆိုတာ မကောင်းဘူး။ မလိုချင်နှင့်’ ဟု ပြောသော်လည်း မရဘဲ အကြိမ်ကြိမ် တောင်းဆိုသဖြင့် ‘ကောင်းပြီ၊ ဒုက္ခထုပ်ကြီးကို သင့်ကို ပေးလိုက်မယ်၊ ဒါပေမယ့် အဲဒီ ဒုက္ခထုပ်ကြီးကို ချက်ချင်းမကြည့်ရဘူး။ သစ်ပင်တစ်ပင်မှ မရှိဘဲ လွင်ပြင်ထဲကျမှ ကြည့်ရမယ်’ ဟု ဆိုပြီး ဘိုးသူတော်က ခွေးတစ်ကောင်ကို အိတ်ထဲသို့ထည့်၍ ထုပ်ပေးလိုက်၏။

မျောက်ကြီးမှာ ဒုက္ခတော့ရပြီဟု ဆိုကာ ဝမ်းသာအားရနှင့် အထုပ်ကြီးထမ်းကာ တောစပ်မှ လွင်ပြင်သို့ ထွက်လာခဲ့လေ၏။ ဘိုးသူတော် မှာလိုက်သည့်အတိုင်း သစ်ပင်တစ်ပင်မှ မရှိသည့် လွင်ပြင်အလယ်သို့ ရောက်သည့်အခါ ဒုက္ခထုပ်ကြီးကို ဖွင့်လိုက်ရာ အထဲမှခွေးသည်ထွက်၍ မျောက်ကြီးကို လိုက်ကိုက်လေ၏။ မျောက်ကြီးလည်း သစ်ပင်တစ်ပင်မှ မရှိသော လွင်ပြင်ဖြစ်၍ သစ်ပင်ရှိရာ တောစပ်ရောက်အောင် မောကြီးပမ်းကြီး ပြေးရလေတော့သည်။

တောစပ်ရှိ သစ်ပင်တစ်ပင် ရောက်မှ မျောက်ကြီးလည်း သက်ပြင်းချကာ ‘အမယ်လေး မောလိုက်တာ၊ ဒုက္ခဆိုရင် ကြောက်ပါပြီ’ ဟု ညည်းတွားလေတော့သတည်း။

ဆောင်ပုဒ် -

လက်တွေ့လောက
ကြုံတွေ့မှ
ဒုက္ခသိမည်မှတ်။

## နေရာမရွေး စကားကြီးစကားကျယ် ဆိုမိသော ဖားငယ်

ရှေးအခါက ဖားငယ် တစ်ကောင်သည် ပျဉ်ပြားငယ်တစ်ခုကို အမှီပြု၍ ဧရာဝတီမြစ်ကို စုန်ဆင်း မျောပါလာရာ အောက်အရပ်သို့ ရောက်လာလေ၏။ ထိုဖားငယ်ကို တွေ့မြင်သော ငှက်တစ်ကောင်က 'အဆွေဖားငယ်၊ အထက်အရပ်၌ မိုးလေဝသ ကောင်းပါလေစ' ဟူ၍ မေးလေ၏။ ဖားငယ်က 'အဆွေငှက်၊ အထက်အရပ်၌ မိုးလေဝသ ကောင်းပါ၏' ဟု ဖြေကြားကာ 'အောက်အရပ်၌ မိုးလေဝသ ညီညွတ်ပါရဲ့လား' ဟူ၍ ပြန်မေးလေ၏။ ငှက်ငယ်က 'အောက်အရပ်၌ မိုးလေဝသ မညီညွတ်ပါ' ဟု ဆိုလျှင် ဖားငယ်က 'အဆွေငှက်၊ မိုးလေဝသ မညီညွတ်က မပူပင်နှင့်၊ ကြီးသူ ရင်ခွင်အောက် ငယ်သူဝင်ရောက်က မိုးလေဝသ ညီညွတ်ပါလိမ့်မည်' ဟူ၍ ပြောလေ၏။

ငှက်လည်း အဆင်ခြင် အစဉ်းစားနည်းသူ ဖြစ်လေရကား မိမိထက်ကြီးသော ကျီးကန်း၏ ရင်ခွင်အောက်သို့ ဝင်လေရာ ကျီးကန်းက 'အဘယ့်ကြောင့် မိမိရင်ခွင်အောက် ဝင်ရောက်ရပါသနည်း' ဟု မေးလေ၏။ ငှက်ငယ်လည်း ဖားငယ်၏စကားကို ပြောကြားလေရာ ကျီးကန်းသည်လည်း သိမ်းငှက်၏ ရင်ခွင်အောက်သို့ တစ်ဆင့်တစ်ဆင့် ဝင်ရောက်ကြလေ၏။ ထိုသို့ တိရစ္ဆာန်များ တစ်ကောင်၏ ရင်ခွင်အောက်သို့ တစ်ကောင်ဝင်၍ တစ်တောလုံး ဆူဆူ

ညံညံ ဖြစ်နေသည်ကို တောသုံးထောင်ကို အစိုးရသော ခြသေ့်မင်း တွေ့မြင်လေလျှင် အကြောင်းခြင်းရာ အစုံအလင်ကို မေးမြန်းလေ၏။ ထိုအခါ ငှက်ငယ်က စ၍ ကြီးသူရင်ခွင်အောက်သို့ ဝင်ရောက်သည်ကို စုံစမ်းသိရှိရသဖြင့် ငှက်ငယ်အားခေါ်ယူ၍ အဘယ်ကြောင့် ကြီးသူရင်ခွင်အောက် ငယ်သူဝင်ရောက်ရသည်ကို မေးမြန်းလေ၏။

ငှက်ငယ်က အထက်မြစ်ညာမှ မျော၍ပါလာသော ဖားငယ်ပြော၍ ယခုကဲ့သို့ ကြီးသူရင်ခွင်အောက် ငယ်သူဝင်ရောက်ကြောင်း ပြောလေရာ ခြသေ့်မင်းလည်း ဖားငယ်ကို အရှာခိုင်းလေ၏။ တစ်ခုသော သစ်ပင်အောက်၌ ဖားငယ်အားတွေ့ရှိ၍ ခြသေ့်မင်းထံသို့ ခေါ်ယူလာခဲ့လေ၏။ ခြသေ့်မင်းလည်း ဖားငယ်အား 'အဘယ့်ကြောင့် ကြီးသူရင်ခွင်အောက် ငယ်သူက ဝင်ရောက်ရမည်ဟု ပြောရသနည်း' ဟူ၍ မေးမြန်းလေ၏။ ဖားငယ်က 'ကျွန်ုပ်သည် အထက်အရပ် မြစ်ကမ်းပါးအနီး အစာရှာဖွေနေခိုက် ရုတ်တရက် ကမ်းပါးပြို၍ မြစ်ထဲသို့ ကျသွားရာ မှီတွယ်စရာ ပျဉ်ချပ်ကို တွေ့ရှိရသဖြင့် ၎င်းပျဉ်ချပ်ကို အမှီပြုပြီး ရေစုန်စီးလာခဲ့ရာ ဘယ်ဆီဘယ်ကမ်း ဆိုက်မည်ကို မသိ၍ စိတ်ညစ်နေပါသည်။ သို့ရာတွင် ကံကောင်း၍ မြစ်ကမ်းပါးတစ်ခုသို့ ပျဉ်ချပ်အတင်၌ ငှက်ငယ်က တိရစ္ဆာန်နှင့် မတန်သော စကားကိုဆို၍ စိတ်ညစ်ညစ်နှင့် ထင်မိထင်ရာ ပြောကြားမိပါသည်' ဟူ၍ ခြသေ့်မင်းအား ဖြေကြားလေ၏။

ခြသေ့်မင်းလည်း 'တိရစ္ဆာန်များ တစ်တောလုံး ယောက်ယက်ခတ်အောင် ပြောဆိုသည့်အတွက် ဖားငယ်အား ဝိုင်းထောင်းကြကုန်' ဟူ၍ ဆိုလေရာ တိရစ္ဆာန်များလည်း ဖားငယ်အား ဝိုင်းထောင်းကြသဖြင့် ဖားငယ် တစ်ကိုယ်လုံးတွင် အဖုအပိမ့်များ ထွက်လာပြီး ဖားပြုတ် ဖြစ်ရလေသတည်း။

ဆောင်ပုဒ် -

စကားအရာ
ဆင်ခြင်ပါ
နေရာရွေးသည်မှတ်။

# အဆွေခင်ပွန်းကောင်း ဖွဲ့တတ်သည့်ကြွက်မ

ရှေးအခါက ရွာတစ်ရွာ၌ ကြွက်မတစ်ကောင်ရှိ၏။ ထိုကြွက်မသည် ငွေတွင်း တစ်တွင်း၌ နေထိုင်သည်။ ကြွက်မသည် နေ့စဉ်နေ့တိုင်း တွင်းနားမှ ဖြတ်သန်း၍သွားသော ကျောက်ဆစ်သမား တစ်ယောက်ကိုမြင်လျှင် ချစ်ခင်သည်ဖြစ်၍ ထိုသူအား မိတ်ဆွေဖွဲ့၍ အသပြာပေးကာ အမဲသား ဝယ်ခိုင်းရလျှင် နှစ်ဦးစလုံး အကျိုးရှိအံ့ဟု ကြံစည်စိတ်ကူးမိလေ၏။ သို့ဖြစ်၍ ကြွက်မသည် အသပြာကို ကိုက်၍ ကျောက်ဆစ်သမားထံသို့ ချည်းကပ်လေ၏။ ကျောက်ဆစ်သမားသည် ကြွက်မကိုမြင်သော် ချစ်ဖွယ်သောစကားဖြင့် 'ချစ်သမီး၊ အဘယ့်ကြောင့် အသပြာကို ယူ၍လာဘိသနည်း' ဟု မေးလေ၏။ ကြွက်မက 'ဘခင်၊ ဤအသပြာကိုယူ၍ ကိုယ်လည်းသုံးဆောင်ပါ၊ ချစ်သမီးအဖို့လည်း အမဲကို ဆောင်ခဲ့ပါ' ဟု ဆိုသော် ကျောက်ဆစ်သမားလည်း ကောင်းပြီဟု ဝန်ခံကာ အမဲကိုဆောင်ယူပြီး ကြွက်မအား ပေး၏။ ယင်းသို့ဖြင့် ကြွက်မနှင့် ကျောက်ဆစ်သမား သည် နေ့စဉ်နေ့တိုင်း ကြွက်မက အသပြာပေး၍ ကျောက်ဆစ်သမားက အမဲကိုဆောင်ယူခဲ့သဖြင့် ချစ်ကျွမ်းဝင်လျှက် ရှိကြ၏။

တစ်နေ့၌ ကြွက်မကို ကြောင်တစ်ကောင် ဖမ်းဆီးမိ၍ စားမည်ပြုသော် ကြွက်မက 'အဆွေကြောင်၊ ငါ့ကို မစားပါလင့်' ဟု ဆို၏။ ကြောင်က ငါမစားဘဲ မနေနိုင်၊ ဆာလောင် မွတ်သိပ်လှပြီ' ဟု ပြော၏။ ကြွက်မက

'အဆွေကြောင်၊ ငါ့ကို မစားဘဲလွှတ်လျှင် သင့်အား နေ့စဉ် အမဲပေးပါမည်' ဟု ဆိုရာ ကြောင်လည်း ကြွက်မအား 'သင်၏ ကတိကို မမေ့မလျော့လင့်' ဟု ဆိုကာ ကြွက်မကို လွှတ်လိုက်လေ၏။

ကြွက်မလည်း ကျောက်ဆစ်သမား ယူလာသော အမဲကို နှစ်စုခွဲ၍ တစ်စုကို ကြောင်အား ပေးရလေ၏။ များမကြာမီ ကြွက်မကို အခြားကြောင် တစ်ကောင် ဖမ်းမိပြန်၍ ကြွက်မလည်း ရှေးနည်းအတိုင်းဆိုသော် အသက်ဘေးမှ ကင်းဝေးပြန်၏။ သို့သော် ကြွက်မသည် ကျောက်ဆစ်သမား ယူဆောင်လာသော အမဲကို သုံးစုခွဲ၍ နှစ်စုကို ကြောင်များအားပေးကာ တစ်စုသာ စားသုံးရသဖြင့် ပိန်ချုံးလာလေ၏။

ကျောက်ဆစ်သမားလည်း ကြွက်မပိန်ချုံးလာသည်ကို မြင်၍ 'ချစ်သမီး၊ အဘယ့်ကြောင့် ကြုံလှီရသနည်း' ဟု မေး၏။ ကြွက်မက ကြောင်များ၏ ဘေးရန်ကြောင့် အမဲတစ်စုသာ စားရသည်ကို ပြောပြလေ၏။ ကျောက်ဆစ်သမားလည်း 'ချစ်သမီး၊ ကြောင်များ၏ ဘေးရန်ကိုမပူလင့်၊ ငါကာကွယ်ပေးအံ့' ဟု ဆိုကာ ဖန်ကျောက်ဂူပြုလုပ်၍ ပေးလေ၏။

ကြောင်များလည်း အမဲလာယူနေကျအတိုင်း ကြွက်မထံသို့လာရာ ဖန်ကျောက်ဂူအတွင်းမှ ကြွက်မကိုတွေ့၍ အမဲတောင်းလေ၏။ ကြွက်မက မပေးနိုင်၍ ငြင်းဆိုရာ ကြောင်များသည် ကြွက်မအား ဖန်ဂူအတွင်းမှ နေသည်ဟူ၍ အတွေးမရှိဘဲ ဒေါသဖြင့် ကြွက်မအား ဖမ်းစားအံ့ဟု အဆောတလျင် ပြေးလွှား၍ ခုန်အုပ်ရာ ဖန်ကျောက်ဂူနှင့် ထိခိုက်ကာ ရင်ကွဲပြီး သေဆုံးကြလေ၏။ ထိုနေ့မှစ၍ ကြွက်မလည်း ကျောက်ဆစ်သမား၏ အကူအညီကြောင့် ကြောင်များ၏ဘေးရန်မှ ကင်းဝေးကာ အေးချမ်းစွာ နေရလေသတည်း။

ဆောင်ပုဒ် -

မိတ်ဆွေအကူ
ကြုံတွေ့မူ
အပူကင်းဝေးမည်။

# ပြဿဒါးနှင့် ရက်ရာဇာ

ရှေးအခါတုန်းက ဘုန်းတော်ကြီးတစ်ပါး ရှိ၏။ တစ်ခုသော မိုးရာသီ၌ ၎င်း ဘုန်းတော်ကြီး သီတင်းသုံးရာ အရပ်သို့ တစ်မြို့တစ်ရွာမှ ဆွမ်းတော်ကြီးခံရန် လာရောက် ပင့်ဆောင်လေ၏။ သွားရောက်ရမည့် ရက်ကား ပြဿဒါးနေ့ ဖြစ်သည့်အပြင် ဝါရမိတ္တုရက်ပါ ကျသော်လည်း ဘုန်းတော်ကြီးသည် လောကီ ဗေဒင်အမှတ်အသားများကို ပဓာနမထားဘဲ မြတ်စွာဘုရား ဟောကြားတော် မူသည့် ဒေသနာများကိုသာ လိုက်နာကျင့်ကြံ အားထုတ်သည့် ပုဂ္ဂိုလ်ဖြစ်၍ ၎င်းရင်၌ပင် ဆွမ်းခံကြွလာတော် မူမည်ဟု အလှူကို လက်ခံလိုက်လေ၏။ ထိုအခါ အနီးရှိ တပည့်ဦးပဥ္စင်း တစ်ပါးက 'ဒင်းရက်မှာ ပြဿဒါး ဝါရမိတ္တု မကောင်းရက် ဖြစ်သည့်အပြင် သွားရမည့် ခရီးမှာလည်း ရေကြောင်းခရီးဖြစ်၍ ရက်ရွှေ့လျှင် သင့်လျော်ပါလိမ့်မည်' ဟူ၍ လျှောက်တင်လေ၏။ ဘုန်းတော် ကြီးက 'မြတ်စွာဘုရား တပည့်သား လုပ်နေမှပဲ၊ ပြဿဒါး ဝါရမိတ္တုရက်များ ရှောင်နေရအုံးမှာလား' ဟူ၍ မိန့်တော်မူကာ ဦးပဥ္စင်း၏ လျှောက်ထားချက် ကို ပယ်လိုက်လေ၏။

သို့နှင့် ချိန်းဆိုထားသော နေ့ရက်တွင် တပည့်သံဃာများကို ခေါ် ဆောင်ကာ လှေလောင်းနှင့် ရေကြောင်းမှ စုန်တော်မူ၏။ လမ်းခရီးတွင် မိုး သက်လေပြင်း ကျရောက်၍ လှေလောင်းလည်း နစ်လုမတတ်ဖြစ်ကာ ကမ်းပါး

စပ်သို့ ဝင်ကပ်၍ ခိုအောင်းတော်မူရလေ၏။ ထိုအချိန်၌ပင် အထက်အညာမှ စုန်ဆင်းလာသော အညာလှေကြီး တစ်စင်းသည် ရွက်တိုင်များ ကျိုးကျကာ ဗရုန်းသုန်းကားနှင့် ၎င်းကမ်းပါးစပ်သို့ ထိုးကပ်ရလေ၏။ နောက်ထပ် ထိုးကပ်လာသော ထိုအညာလှေကြီးမှ လှေသူကြီးလည်း ဘုန်းတော်ကြီးနှင့် တပည့်သံဃာများ မိုးစို လေတိုက်ခံနေရသည်ကို တွေ့ရှိ၍ ၎င်းအညာလှေကြီး၏ ပေါင်းမိုးအတွင်း၌ ခေတ္တ သီတင်းသုံးရန် ပင့်လျှောက်သောကြောင့် ဘုန်းတော်ကြီးနှင့် သံဃာများပါ အညာလှေကြီး၏ ပေါင်းမိုးအတွင်းသို့ ဝင်ရောက်နေထိုင်ကြလေ၏။

၎င်းနေ့ရက်တွင် အခါမကောင်း၍ မကြွရောက်ရန် တားမြစ်ခဲ့သော ဦးပဥ္စင်းက ဘုန်းတော်ကြီး ရက်မရှောင်သဖြင့် ဤသို့ ဒုက္ခတွေ့ရ သည်ဟူ၍ လျှောက်ထားလေ၏။ ဘုန်းတော်ကြီးသည် ဦးပဥ္စင်းအား မည်သို့မျှ မိန့်တော်မမူဘဲ လှေသူကြီးအားသာ 'ဒါယကာကြီး အညာက လှေထွက်တဲ့အခါ ပြဿဒါး ဝါရမိတ္တုရက် မရွေးချယ်ဘဲ ထွက်ခဲ့ပါသလား' ဟု မေးတော်မူ၏။ လှေသူကြီးက '၎င်းရက်များကို ရှောင်ပြီး အကောင်းဆုံး ရက်ရာဇာ ရွေးချယ်ကာ လှေထွက်လာတာပါ ဘုရား' ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ ဘုန်းတော်ကြီးက ဦးပဥ္စင်းအား -

'ရက်ကောင်းရွေးပြီး ခရီးထွက်သူရော၊ ရက်ဆိုး ထွက်လာသူရော အားလုံးအတူတူ ဒုက္ခရောက်ရတာပါ မောင်ပဥ္စင်းရယ်၊ ရာသီက မိုးတွင်းကိုကွယ့်'

ဟူ၍ မိန့်တော်မူရာ ဦးပဥ္စင်းလည်း ဘာမျှ မလျှောက်နိုင်ဘဲ ဖြစ်ရလေသတည်း။

ဆောင်ပုဒ် -

သည်ရက်မကောင်း
ဟိုရက်ကောင်း
အကြောင်းချင့်၍ယုံ။

# ငါ့ဘုရားမှ ငါ့ဘုရား

ရွာတစ်ရွာ၌ ရတနာသုံးပါးကို အလွန်ကြည်ညိုသော အဖိုးအို တစ်ယောက်ရှိ၏။ အဖိုးအိုသည် နေ့စဉ်နံနက်တိုင်း ဘုရားကို ဆွမ်းမှန်မှန်ကပ် ပန်းရေချမ်း ပူဇော်ပြီး ဝတ်တက်လေ့ရှိ၏။ အိမ်ရှိ ဇနီးသားသမီးများကိုလည်း အမြဲပင် ဝတ်တက်ခိုင်း၏။ တစ်နေ့၌ အဖိုးအိုနေသော ရွာကလေးတွင် ဆွမ်းတော်ကြီး တင်ပွဲ ကျင်းပရာ ရွာအတွင်းရှိ အိမ်တိုင်းမှ ဘုရားများကို ဓမ္မာရုံသို့ပင့်၍ ဆွမ်းကပ်ကြလေသည်။ ဘုရား အလွန်ကြည်ညိုသော အဘိုးအိုလည်း အိမ်မှ ဘုရားကို ကိုယ်တိုင်ပင့်၍ ဓမ္မာရုံသို့ ပို့လေ၏။

ဆွမ်းတော်ကြီးတင်ပွဲ ပြုလုပ်သောနေ့တွင် ရွာသူရွာသားများ အားလုံးသည် လှူဖွယ်ဝတ္ထုပစ္စည်း အစုံအလင်ဖြင့် ဘုရားကန်တော့ရန် ဓမ္မာရုံသို့ လာရောက်ကြလေ၏။ ထိုအချိန်တွင် အဘိုးအိုလည်း အိမ်သားများနှင့်အတူ လှူဒါန်းစရာ ချိုချဉ်၊ သစ်သီး၊ ဆွမ်းခဲဘွယ်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဖယောင်းတိုင်များဖြင့် ဓမ္မာရုံသို့ ရောက်ရှိလာ၏။

အဘိုးအိုသည် အခြားလူများကဲ့သို့ ဘုရားဆင်းတုတော်များအား လက်အုပ်ချီ ကန်တော့ပြီး လှူဖွယ် ဝတ္ထုပစ္စည်းများကို မကပ်သေးဘဲ ဘုရားစင်ထဲသို့ဝင်ပြီး ဘုရားအဆူဆူ အားလုံးကို ဟိုရှာဒီရှာနှင့် လိုက်ရှာနေတော့၏။ ဓမ္မာရုံ၌ ရောက်ရှိနေသော ရွာသူရွာသားများလည်း အဘိုးအို ဘာများရှာနေပါလိမ့်ဟူ၍ ဝိုင်းကြည့်နေကြလေ၏။

နောက်ဆုံး၌ အဘိုးအိုသည် အားရဝမ်းသာစွာ ပြုံးလိုက်ပြီး 'အမယ်လေး၊ ခုမှပဲ တွေ့တော့တယ်ဘုရား။ ဆွမ်းလဲဘုဉ်းပေးပါဘုရား၊ ပန်း ရေချမ်းများလဲ အလှူခံပါဘုရား' ဆိုပြီး လျှောက်တင်လေ၏။

ထိုအခါ ဘေးမှလူများက 'အပြင်ကနေ ကပ်ပြီးတာဘဲ၊ ဘာဖြစ်လို့များ ဒီဘုရားစင်ထဲ ဝင်ကပ်ရသလဲ အဘရဲ့' ဟူ၍ အဘိုးအိုအား မေး၏။

အဘိုးအိုက 'ဒါကတော့ ငါ့ဘုရားမှ ငါ့ဘုရား အစစ်ကိုကွ။ ငါ့ဘုရား ငါရှာပြီး ဆွမ်းမကပ်ဘဲ ငေးနေမိယင် ဆွမ်းငတ် နေမှာပေါ့ကွ' ဟု ပြောလိုက်လေ၏။

ဆောင်ပုဒ် -

အတ္တငါပဲ
ငါအစွဲ
ငါပဲဖြုတ်ရန်လို။

# မိန်းမ ဆုံးမတတ်သူ

ရှေးအခါက ရွာတစ်ရွာ၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသည့် သူကြွယ်လင်မယား ရှိလေသည်။ ၎င်းတို့တွင် သမီးတစ်ယောက်တည်း ရှိ၏။ သူကြွယ်ကြီးသည် မယားနှင့်သမီးကို အလွန် အလိုလိုက်၍ သူတို့သဘောချည်း နေကြလေ၏။

တစ်နေ့သော် သူကြွယ်သားတစ်ယောက်သည် တက္ကသိုလ်မှ အပြန် သူကြွယ်ကြီးအိမ်၌ ဝင်တည်းခိုရာ သူကြွယ်ကြီးသမီးကို မြင်လေသော် ချစ်ကျွမ်းဝင်၍ သူကြွယ်ကြီးအား ၎င်းနှင့် ထိမ်းမြားပေးရန် မေတ္တာရပ်ခံလေ၏။ သူကြွယ်ကြီးက ‘မင်းနဲ့ သဘောမတူစရာ မရှိပါဘူး။ ဒါပေမယ့် အဘသမီးက အလွန် အလိုလိုက်ထားတော့ ဆုံးလိုက်တာ အဘတောင် မနိုင်ဘူး’ ဟု ပြောလေ၏။ သူကြွယ်သားက ‘ဘယ်လောက် ဆိုးဆိုး ကိစ္စမရှိပါဘူး။ ကျွန်တော် ပေါင်းသင်းဆက်ဆံမှု တတ်ပါတယ်။ ကျွန်တော့်ကို ကြက်ဖတစ်ကောင်၊ ဆိတ်ထီးတစ်ကောင်နဲ့ ဓားမထက်ထက် တစ်ချောင်းသာ ပေးပါ’ ဟု ဆိုရာ သူကြွယ်ကြီးသည် သဘောတူ၍ သမီးအား သူကြွယ်သားနှင့် ထိမ်းမြားလက်ထပ် ပေးလိုက်ပြီး၊ သူကြွယ်သားတောင်းသည့် ပစ္စည်းများကို ပေးလိုက်လေ၏။

သူကြွယ်သားသည် ဇနီးသည်ကို မိမိရွာရှိ အိမ်သို့ခေါ်သွားပြီးနောက် ရောက်သည့်ညဉ့် ကြက်ဖကို ညကျ ထ,မတွန်နှင့်ဟု သူကြွယ်သားက မှာထား

လေ၏။ ကြက်ဖကြီးသည် အချိန်ကျ၍ ထတွန်သောအခါ သူကြွယ်သားသည် ဘာမျှမပြောဘဲ ဓားမနှင့် ကြက်ကို ခုတ်သတ်လိုက်၏။ ထို့နောက် ဆိတ်ထီးလည်း ဆိတ်မကိုတွေ့လျှင် 'ပဲ၊ ပဲ' ဟု အော်၍လိုက်ရာ သူကြွယ်သားသည် ဘာမျှမပြောဘဲ ဓားမနှင့်ဆိတ်ထီးကို ခုတ်သတ်လိုက်လေ၏။

ထို့နောက် သူကြွယ်သားသည် 'အပြင်ကို ခဏသွားမယ်၊ ဘယ်သူလာလာ တံခါးဖွင့်မပေးနဲ့' ဟူ၍ မှာကြားလိုက်ရာ၊ သူကြွယ်ကြီးသည် သမီး တစ်ခုခု ဖြစ်ပြီအထင်နှင့် အမြန်လိုက်လာလေ၏။ သူကြွယ်သား အိမ်သို့ ရောက်လျှင် သူကြွယ်ကြီးက 'သမီးရေ၊ အဘပါ၊ တံခါးဖွင့်ပေးပါအုံး' ဟု ဆိုလေ၏။ သူကြွယ်သား ဇနီးသည်က 'အဘရေ၊ ကျွန်မယောကျ်ား ပြန်မလာသေးလို့ ခဏစောင့်ပါနော်' ဟု ဆိုကာ တံခါးဖွင့်မပေးဘဲ နေလေ၏။ သူကြွယ်ကြီးသည် သမီးဖြစ်သူ ကျိုးပဲ့နေ၍ တံခါးဖွင့်မပေးသည်ထင်ကာ ဒေါပွနေစဉ် သူကြွယ်သား ရောက်ရှိလာလေ၏။

သူကြွယ်သားက 'အဘ ဘာဖြစ်လို့ အိမ်ထဲမဝင်တာလဲ' ဟု မေးရာ၊ သူကြွယ်ကြီးက 'မင်းမယားက မင်းပြန်လာမှ တံခါးဖွင့်ပေးမယ်ဆိုလို့ အပြင်မှာ နေနေရတယ်။ မင်း ရိုက်ထားလို့ အဘသမီး ကျိုးပဲ့နေပြီလား' ဟု ဒေါသဖြင့် ပြောလေ၏။

သူကြွယ်သားက ကြက်နှင့်ဆိတ်ကို ခုတ်သတ်ထား၍ မိမိကို ကြောက်ရွံ့နေကြောင်း ပြောပြရာ၊ သူကြွယ်ကြီးက သဘောကျသွားပြီး 'အိမ်က အမယ်ကြီးလဲ ဆုံးမပေးပါအုံး' ဟု ပြောလေ၏။

သူကြွယ်သားက 'ငယ်တဲ့သူသာ ဆုံးမလို့ရတာ အဘရေ၊ ကြီးတဲ့သူကျတော့ အရိုးရင့်နေလို့ ဆုံးမမရတော့ဘူး' ဟု ပြောလိုက်လေသတည်း။

ဆောင်ပုဒ် -

> လင့်ပရိယာယ်
> ဇနီးသည်
> အားငယ်ကြောက်ရွံ့လာ။

# စကားရှည်လွန်းသော အမတ်ကြီး

ရှေးအခါက ဘုရင်တစ်ပါးထံတွင် အမြဲ ခစားလေ့ရှိသော အမတ်ကြီးတစ်ယောက်ရှိ၏။ ထိုအမတ်ကြီးသည် စကားကြောရှည်လွန်း၍ ထို အမတ်ကြီး ရောက်လာတိုင်း ဘုရင်မှာ စိတ်ညစ်ရ၏။

တစ်နေ့၌ ဘုရင်သည် အမတ်ကြီးအား စကားကြောရှည်သည့်အတွက် မည်သို့ သတိပေးရမည်ကို စိတ်ကူးနေစဉ် အမတ်ကြီး အခစားဝင်ရောက်လာလေ၏။ အမတ်ကြီးသည် ဘုရင့်ထံပါး ရောက်သည်နှင့် တစ်ပြိုင်နက် ဘုရင်ကြီး သက်တော်ရာကျော် ရှည်စေရန် နေ့စဉ်နှင့်အမျှ ဆုတောင်းကြောင်း၊ ဘုရင်ကြီးကို ဖူးတွေ့ရသည်မှာ ရေထိသည့် ပဒုမ္မာကြာကဲ့သို့ မြင်တွေ့ရသဖြင့် နှစ်ထောင်းအားရ ရွှင်လန်းကြောင်းမှစ၍ ကရားရေလွှတ် တတွတ်တွတ် ပြောဆိုလေရာတွင် ဘုရင်ကြီးလည်း စိတ်ညစ်လာလေ၏။

အမတ်ကြီးက ဆက်လက်၍ ဘုရင်မွေးထားသည့် ဆိတ်ကြီးများသည် အထူး ယဉ်ကျေးသိမ်မွေ့၍ လိမ္မာရေးခြားရှိကြောင်း ချီးမွမ်းပြောဆိုရာ ဘုရင်ကြီးသည် စိတ်ကူးရ၍ အမတ်ကြီး ပြန်သွားသည်နှင့် တစ်ပြိုင်နက် ဆိတ်ချေး တစ်တောင်းကို ယူခိုင်းပြီး အလွန်လက်ဖြောင့်သည်ဟု နာမည်ရ

သော လေးသည်တော် တစ်ဦးကို နောက်တစ်နေ့ နံနက်စောစော၌ နန်းတော်သို့ အခစား ဝင်ရောက်ရန် ဆင့်ခေါ်ထားလေ၏။

နောက်တစ်နေ့၌ အမတ်ကြီးဝင်ရောက် မခစားမီ ဘုရင်ကြီးသည် ကန့်လန့်ကာတစ်ခုကို ကာရံထားစေပြီး အပေါက်တစ်ပေါက် ဖောက်ထားလိုက်၏။ ထို့နောက် လေးသည်တော်အား ဆိတ်ချေးတစ်တောင်းနှင့် ကန့်လန့်ကာနောက်ကွယ်၌ ထိုင်စေပြီး တစ်စုံတစ်ရာကို မှာကြားထားလေ၏။

မကြာမီ အမတ်ကြီးသည် အခစား ဝင်ရောက်လာပြီး စကားကို ဖောင်လောက်အောင် ပြောလေရာ လေးသည်တော်သည် ကန့်လန့်ကာအပေါက်မှနေ၍ ဆိတ်ချေးတုံးများကို လေးဖြင့် အမတ်ကြီး၏ ပါးစပ်တွင်းသို့ ပစ်သွင်းလေ၏။ အမတ်ကြီးကား ပါးစပ်တွင်းရောက်သမျှ ဆိတ်ချေးတုံးများကို အရှုံးမပေးဘဲ မျိုချပြီး စကားပြော မပျက်ဘဲနေရာ နောက်ဆုံး၌ ဆိတ်ချေးတစ်တောင်း ကုန်လေ၏။ ထိုအခါမှ အမတ်ကြီးလည်း ဝမ်းနာလာသည်နှင့် အနေခက်၍ စကားပြောရပ်တော့၏။

ဘုရင်ကြီးသည် အမတ်ကြီးအား ကြည့်ပြီး ပြုံးရယ်လျှက် 'အမတ်ကြီး၊ သင်သည် စကားများလွန်း၍ မိမိ ပါးစပ်တွင်းသို့ ဆိတ်ချေးတစ်တောင်း ဝင်သည်ကိုမှ မသိ၊ ဝမ်းနာမှပင် စကားပြော ရပ်တော့၏။ အမတ်ကြီး စကားပြော ဆင်ခြင်အောင် ဤသို့ ကြံဆောင်ခြင်း ဖြစ်၏။ နောက်ကို စကားပြော ဆင်ခြင်လော့' ဟု မိန့်တော်မူလေ၏။

ဆောင်ပုဒ် -

စကားစကား
ပြောပါများ
တစ်ပါးသူမုန်းရာ။

## ငါဘဲစဉ်းစားတော့မယ်ကွာ

ရွာတစ်ရွာ၌ ဦးသာထူးနှင့် ဒေါ်မယ်ရိုးဟု အမည်တွင်သော ကုန်သည်မောင်နှံ ရှိ၏။ ဦးသာထူးနှင့် ဒေါ်မယ်ရိုးမှာ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသည့်အလျောက် ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းပြီး သိက္ခာရှိသော ရဟန်းတစ်ပါးကို ပင့်၍ ကိုးကွယ်လေ၏။

ဦးသာထူးသည် သီတင်းနေ့တိုင်း ဘုန်းကြီးကျောင်းသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်လေ့ရှိ၏။ သီလယူပြီးသည့် အခါတိုင်း ဦးသာထူးသည် မိမိ ရဟန်းဝတ်လိုသော်လည်း ဒေါ်မယ်ရိုးက ခွင့်မပြု၍ မဝတ်ရကြောင်းကို ဘုန်းတော်ကြီးအား အမြဲလျှောက်ထားလေ၏။ ဥပုသ်သီတင်းသီလ ဆောက်တည်ရန် ကျောင်းသို့လာတိုင်း ဦးသာထူးက ဒေါ်မယ်ရိုး ခွင့်မပြု၍ ရဟန်းမဝတ်ရကြောင်းကိုသာ ညည်းတွားပြောဆို နေသဖြင့် တစ်နေ့၌ ဘုန်းတော်ကြီးသည် ကျောင်းသားတစ်ယောက်အား ဒေါ်မယ်ရိုးကို အခေါ်ခိုင်းလိုက်လေ၏။

ဒေါ်မယ်ရိုး ရောက်လာသည့်အခါ ဘုန်းတော်ကြီးက 'ဦးသာထူး ရဟန်းပြုလိုသည်ကို ဒေါ်မယ်ရိုးက ခွင့်မပြုဘူးဆိုတာ အမှန်ဘဲလား' ဟု မေး၏။


ဒေါ်မယ်ရိုးက 'တပည့်တော်မ မည်သို့မျှ မပြောရပါ၊ သိလည်း မသိပါ။ ဦးသာထူး ထင်သလိုပြောခြင်း ဖြစ်ပါသည်' ဟူ၍ လျှောက်ထားလေ၏။ ဘုန်းတော်ကြီးလည်း ဦးသာထူးအား အခေါ်ခိုင်းလိုက်ပြီး ဒေါ်မယ်ရိုးအား ကျောင်းခန်း တစ်ခန်း၌ ဝင်နေစေ၏။ ဦးသာထူး ရောက်လာသည့်အခါ ဘုန်းတော်ကြီးက 'တကာကြီး၊ ရဟန်းဝတ်လိုသည် ဆိုသည်မှာ အမှန်ဘဲလား' ဟု မိန့်ကြားလေ၏။ ဦးသာထူးက 'တပည့်တော်၊ ရဟန်းဝတ်လိုသည်မှာ အမှန်ပါ။ ဒေါ်မယ်ရိုးက ခွင့်မပြု၍ မဝတ်ရပါ' ဟု လျှောက်ထားနေစဉ် ဒေါ်မယ်ရိုးသည် အခန်းထဲမှ ထွက်လာပြီး 'ကိုသာထူး၊ ဒီလိုတော့ ဘုန်းကြီးကို မလျှောက်နဲ့တော်ရေ။ ရှင်ဘုန်းကြီး ဝတ်လိုက ခုဘဲ ဝတ်ပါ။ ကျုပ်ခွင့်ပြုပါတယ်၊ ပစ္စည်းလေးပါး ဒကာလဲခံပါမယ်' ဟုဆိုလေ၏။

ဦးသာထူးမှာ ကြွားမိသည့် စကားကြောင့် အခက်ကြုံနေ၍ 'ဟေ့ မယ်ရိုး၊ မင်း စကားပြောရင် စဉ်းစားပြောကွာ။ ကလေးတွေတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ ဘယ်နိုင်ပါ့မလဲ' ဟု ဒေါ်မယ်ရိုးအား ပြောလေ၏။ ဒေါ်မယ်ရိုးလည်း အပြတ်စဉ်းစားပြီးကြောင်း၊ ဦးသာထူး ရဟန်းဝတ်သည်ကို ခွင့်ပြုကြောင်း ပြောဆိုလေ၏။ ဦးသာထူးက 'ဟေ့ မယ်ရိုး မင်းစဉ်းစားအုံးကွာ' ဟု ထပ်တလဲလဲ ပြောသော်လည်း ဒေါ်မယ်ရိုးက စဉ်းစားပြီးကြောင်း၊ ရဟန်းပြုသည်ကို ခွင့်ပြုကြောင်း အမြဲဖြေဆိုနေ၏။

လူကြွားကြီး ဦးသာထူးလည်း အခက်ကြုံကာ 'ဟေ့ မယ်ရိုး၊ မင်း မစဉ်းစားရင် ငါပဲ စဉ်းစားတော့မယ်ကွာ။ အခြေအနေအရ ရဟန်းမဝတ်နိုင်သေးဘူး' ဟု ပြောဆိုပြီး ဘုန်းတော်ကြီးအား ရှက်လွန်း၍ ဦးပင်မချနိုင်ဘဲ ကျောင်းပေါ်မှ ဆင်းပြေးလေသတည်း။

ဆောင်ပုဒ် -

ရဟန်းပြုလို
လူပုဂ္ဂိုလ်
အဆိုပြုရခက်။



# လပြည့်ကျော် ၆ ရက် ဒီထက်ခက်ဦးမည်

ရွာတစ်ရွာ၌ သူကြီးလင်မယားတွင် သမီးတစ်ယောက် ရှိ၏။ သမီးကလေး အချိန်အရွယ် ရောက်လာသည့်အခါ ပညာတတ်ဟု ယူဆရသော ဘုန်းကြီးလူထွက် တစ်ယောက်နှင့် ထိမ်းမြားပေးရာ သားယောက်ျားကလေး တစ်ယောက် ထွန်းကားလာလေ၏။ ဘုန်းကြီးလူထွက်သည် အလုပ်အကိုင်ဟူ၍ လုပ်သည်မရှိဘဲ ယောက္ခမလုပ်စာကို ထိုင်စားပြီး မြို့သို့မကြာခဏသွားကာ အရုပ်များကို ဝယ်လာ၍ ကလေးပုခက်ပေါ်တွင် ချိန်ထားလေ့ရှိ၏။

သားမက် အရုပ်ဝယ်ပြန်လာတိုင်း ယောက္ခမ သူကြီးက 'မင်းတို့နဲ့တော့ ခက်ဦးမယ်' ဟု ပြောဆိုသော်လည်း သားမက်ဖြစ်သူမှာ မည်သို့မှ ပြန်ကြားပြောဆိုခြင်း မရှိဘဲ ဆိတ်ဆိတ်သာ နေလေ၏။ တစ်နေ့၌ သားမက်ဖြစ်သူ မြို့မှ အရုပ်တစ်ရုပ် ဝယ်ပြန်လာပြီး ကလေးပုခက်ပေါ်တွင် ချိတ်ဆွဲကာ ပီတိဖြစ်နေ၏။ ယောက္ခမ သူကြီးလည်း သားမက် မည်သည့်အလုပ်မျှ မလုပ်ကိုင်ဘဲ ကလေးအရုပ်တွေသာ ဝယ်ပြီး ပြန်လာသဖြင့် ရှေ့ရေးအတွက် အလေးအနက် ပြောဆိုတော့မည်ဟု ကြံရွယ်ကာ 'ဟေ့ ဟေ့၊ မင်းတို့နဲ့တော့ ရှေ့ခက်ဦးမယ်' ဟု စတင်ပြောဆိုလေ၏။

သားမက်ဖြစ်သူက 'ခက်ဦးမယ် ခက်ဦးမယ် ညည်းမနေနဲ့၊ လပြည့်ကျော် ၆ ရက် ဒီထက်ခက်ဦးမယ်၊ အဘသိရဲ့လား' ဟုပြောလေရာ သူကြီးလည်း သားမက်ဖြစ်သူက တစ်ခါမျှ စကားပြန်ပြောလေ့ မရှိဘဲ ယခုမှပြောဆို၍ အံ့အားသင့်ကာ နေလေ၏။ ထို့နောက် သူကြီးက သတိရပြီး 'လပြည့်ကျော် ၆ ရက် ဒီထက်ခက်ဦးမယ်ဆိုတာ ဘာလဲကွ' ဟု မေး၏။

သားမက် ဘုန်းကြီးလူထွက်က 'ဘာရမလဲ အဘရ ကလေးအတွက် ကျုပ်မှာထားတဲ့ ဆင်ရုပ်ကြီး အဲဒီနေ့မှာ ရမှာဗျ။ ဆင်ရုပ်က ကြီးနေလို့ အဘအိမ်ထဲသွင်းဖို့ တံခါးဖျက် သွင်းရမလား၊ ခေါင်မိုးဖောက် သွင်းရမလား စဉ်းစားနေတာ။ လပြည့်ကျော် ၆ ရက်တော့ အခက်ပဲ အခက်ပဲ' ဟု ပြောဆိုလိုက်လေသတည်း။

ဆောင်ပုဒ် - အလုပ်မရှိ<br>
လူနတ္ထိ<br>
ဝီရိအလွန်နည်း။

## တခါသာရမယ် တူမကြီးရေ

တစ်ခါသော် တန်ခိုးကြီး ဘုရားတစ်ဆူ ပွဲတော် ကျင်းပရာ အသွားအပြန် လမ်းတစ်လျှောက်၌ ထမင်း စတုဒီသာ ကျွေးသည်ဟု သတင်းကျော်စောနေ၏။

ရွာတစ်ရွာမှ အဘိုးအို တစ်ယောက်သည် ထိုဘုရားပွဲကို မရောက်ဖူး၍ ဘုရားဖူး တစ်ယောက်တည်း သွားလေ၏။ လမ်း၌ မြို့တစ်မြို့ကို ဖြတ်ကျော်ရ၍ ထမင်းစားချိန် ရောက်သည်နှင့် ထမင်းဆာလာသဖြင့် ဟိုဟိုဒီဒီ ကြည့်နေစဉ် ထမင်းရောင်းသော ဆိုင်တစ်ဆိုင်မှ မိန်းမပျိုလေးများက 'ဘကြီး ဒီကြွပါ၊ လွယ်အိတ်နဲ့ ထီးကို ဒီနေရာမှာ ထားပါ၊ ဘကြီး ဘာစားမလဲ၊ ဝက်သား၊ ကြက်သား၊ ငါး အစုံရှိတယ်။ စားလိုရာဟင်း ပြောပါ' ဟု ပြောပြောဆိုဆိုနှင့် ထမင်းဟင်းစုံ ချပေးလေသည်။ အဘိုးအိုလည်း ဆာနေသဖြင့် ချပေးသော ထမင်းဟင်းများကို အကုန်စားလိုက်လေ၏။ ထို့နောက် အဘိုးအိုသည် ရေသောက်ပြီး လွယ်အိတ်နှင့် ထီးကိုယူ၍ ဆိုင်မှထွက်ခွာမည် ပြုရာ မိန်းမပျိုကလေးများက 'ဘကြီး ထမင်းဖိုး မပေးသေးဘူး၊ အားလုံး နှစ်ကျပ်ကျပါတယ်' ဟု ပြော၏။ အဘိုးအိုလည်း အံ့အားသင့်သော မျက်နှာဖြင့် 'မင်းတို့က စတုဒီသာ ကျွေးတာမှတ်လို့၊ ဘကြီးကြားတော့ ဘုရားပွဲ အသွားအပြန် လမ်းတစ်လျှောက်မှာ စတုဒီသာ ကျွေးတယ်ဆို' ဟု ပြောကာ ငွေနှစ်ကျပ် ထုတ်ပေးခဲ့ပြီး ဘုရားသို့ ထွက်ခဲ့လေ၏။

ဘုရားပွဲတော်မှာ လူတိုး၍မရအောင် စည်ကားလေရာ အဘိုးအို သည် တိုးရင်းခွေ့ရင်းပင် စတုဒီသာ မဏ္ဍပ်တစ်ခုရှေ့သို့ ရောက်သွားလေ၏။ ထိုမဏ္ဍပ်မှ ထမင်းစတုဒီသာ ကျွေးသည့် မဏ္ဍပ်ဖြစ်၍ ညနေစောင်းလာသည့် အလျောက် ထမင်းဝင်စားသည့် ပရိသတ်လည်း များပြားလှလေ၏။

မဏ္ဍပ်ထဲမှ လုံချည်၊ အင်္ကျီ ဆင်တူဝတ်ထားသော မိန်းမပျိုများသည် အဘိုးအိုအား မြင်လျှင် 'ဒီမှာ ဘကြီး ထမင်းစားဖို့ ကြွပါ' ဟု ခေါ်ကြလေ၏။

အဘိုးအိုသည် လွယ်အိတ်ကလေးကို ပိုက်ပြီး အမျိုးသမီးလေးများ အား 'ဒီမှာ တူမကြီးတို့၊ တစ်ခါသာရမယ်ကွ၊ ဟိုမြို့တုန်းက ဒီအခေါ် မျိုးပေါ့၊ ငွေနှစ်ကျပ် ထွက်ခဲ့ပြီ။ ခုတစ်ခါ ထမင်းဖိုးပေးရင် လမ်းစရိတ် ကျန်မှာမဟုတ် တော့ဘူး။ လမ်းထဲက ဘကြီး ပါးခဲ့ပြီဟေ့' ဟု ဆိုကာ ခပ်သုတ်သုတ် ထွက်ခွာ သွားလေသတည်း။

ဆောင်ပုဒ် -

တစ်ကြိမ်အမှား

သတိထား

အများမယုံကြည်။

## မဒမ်းမကလေးတွေ

လွတ်လပ်ရေးမရမီက အောက်မြန်မာပြည် ခရိုင်တစ်ခု၌ မြန်မာစကား ရည်ရည်မွန်မွန် ပြောတတ်ချင်သော မျက်နှာဖြူ အရေးပိုင်တစ်ဦး ရှိ၏။ ထိုမျက်နှာဖြူ အရေးပိုင်သည် အောက်နယ်တစ်ခွင်၌ ၁၀ နှစ်ခန့် အမှုထမ်းခဲ့သည်ဖြစ်၍ သူ့ကိုယ်သူ မြန်မာစကားကို အတော် တတ်မြောက်ပြီဟူ၍ အထင်ကြီးနေသူ ဖြစ်၏။ သို့သော် မြန်မာစကားသည် ဝေါဟာရ ကြွယ်ဝသော စကားဖြစ်ရကား ထိုမျက်နှာဖြူ အရာရှိအတွက် မှတ်မကုန်နိုင်အောင် ရှိလေ၏။

နေအလွန်ပူသော တနင်္ဂနွေနေ့ တစ်နေ့တွင် မျက်နှာဖြူအရေးပိုင်သည် အိမ်ရှေ့မှ ရုံးစာရေးကြီး ဖြတ်သွားသည်ကို တွေ့မြင်၍ 'စာရေး အိမ်ကို ဝင်ပါအုံး' ဟု ခေါ်လေ၏။ ရုံးစာရေးကြီးမှာ နေပူကျဲကျဲထဲ၌ လာရ၍ ချွေးတွေ စို့ရွှဲနေသဖြင့် မျက်နှာဖြူအရေးပိုင်က 'စာရေးကြီး ချွေးတွေစိုလို့ ပါလား၊ ဘယ်သွားမလို့လဲ' ဟု မေးလေ၏။ ရုံးစာရေးကြီးက 'နေပူကျဲကျဲလာရလို့ ချွေးထွက်လာပါ။ ကျွန်တော့် နှစ်ခါလည်ကလေး နေမကောင်းလို့ ဆရာဝန် သွားခေါ်မလို့ပါ' ဟု ဖြေလေ၏။

မျက်နှာဖြူ အရေးပိုင်သည် မိမိသင်ကြားပြီးသော ဝေါဟာရထဲတွင် 'နှစ်ခါလည်'နှင့် 'နေပူကျဲကျဲ'ဟူသော စကားများ မပါဝင်သေး၍ အဓိပ္ပါယ် မပေါက်ဘဲ ရှိလေ၏။ ထို့ကြောင့် စာရေးကြီးအား ၎င်းစကားနှစ်လုံး အဓိပ္ပါယ်

ကို မေးမြန်းပြီး မှတ်စုစာအုပ်ထဲတွင် နှစ်ခါလည်ဟူသည် အသက် ၂ နှစ်၊ နေပူကျဲကျဲဟူသည် နေအလွန်ပူသည်ဟူ၍ ရေးမှတ်ထားလိုက်လေ၏။ ထို့နောက် ထမင်းစားချိန်ရောက်၍ ထမင်းချက်ဖြစ်သူအား ဘာဟင်းချက်သည်ကို မေးမြန်းရာ ထမင်းချက်က 'ဒီနေ့ ကြက်မဒမ်းကလေး စွပ်ပြုတ်နှင့် ကြက်သားဟင်း ချက်ထားပါတယ်' ဟု ဖြေကြားလေ၏။

မျက်နှာဖြူ အရေးပိုင်လည်း 'မဒမ်းလေး'ဟူသော စကားကို နားမလည်၍ ထမင်းချက်အား မေးမြန်းရာ ထမင်းချက်က မဒမ်းဟူသည် ငယ်ရွယ်သော အမိပွါယ်ရသည်ဟု ခပ်ပေါ့ပေါ့ ဖြေကြား၍ မျက်နှာဖြူအရေးပိုင်လည်း မှတ်စုစာအုပ်၌ မှတ်ထားလိုက်ပြန်၏။

တစ်နေ့၌ မျက်နှာဖြူ အရေးပိုင်သည် အစိုးရကိစ္စဖြင့် သူကြီးအားလုံးအား အရေးပိုင်ရုံးသို့ ဆင့်ခေါ်လိုက်၏။ ရွာတစ်ရွာမှ သူကြီးတစ်ယောက်သည် ချွေးဒီးဒီးကျလျှက် ရုံးအတွင်းသို့ ဝင်ရောက်လာလေရာ မျက်နှာဖြူအရေးပိုင်က 'သူကြီး ချွေးတွေရွှဲလို့ပါလား၊ နေပူကျဲကျဲ လာရတယ်ထင်တယ်' ဟု ဆိုရာ သူကြီးက 'ဟုတ်ပါတယ်' ဟု ဖြေဆို၍ မိမိပြောဆိုလိုက်သော မြန်မာစကား မှန်ကန်သဖြင့် ပီတိဖြစ်နေလေ၏။ ထို့နောက် မျက်နှာဖြူ အရေးပိုင်က 'သူကြီး ဘယ်နှစ်ခါလည် ရှိပြီလဲ' ဟု မေးရာ သူကြီးမှာ အဓိပ္ပါယ်မပေါ်ဘဲ ငိုင်နေသဖြင့် ရုံးစာရေးကြီးက 'ဘယ်နှစ်နှစ်ရှိပြီလဲ မေးတာ' ဟု တိုးတိုးဆိုမှ '၅၂ နှစ် ရှိပါပြီ' ဟု ဖြေလေ၏။ မျက်နှာဖြူအရေးပိုင်လည်း သူကြီးအဖြေကို ကျေနပ်ပြီး 'သူကြီးမှာ မဒမ်းကလေးတွေ ဘယ်နှစ်ယောက်ရှိသလဲ' ဟု မေးပြန်ရာ သူကြီးလည်း မျက်လုံးမျက်ဆံ ပြူးလျှက် အဓိပ္ပါယ်မပေါက်၍ မဖြေတတ်သဖြင့် စာရေးကြီးနှင့် အခြားစာရေးများမှာ မအောင့်နိုင်ဘဲ တဟားဟား ရယ်မောကြလေ၏။ ဤတွင် မျက်နှာဖြူ အရေးပိုင်လည်း မဒမ်းကလေး အသုံးမှားကြောင်း သိရှိသွားပြီး မြန်မာစကား မပြောတတ်၍ ရှက်သည်ဆိုကာ ရုံးဆင်းသွားလေ၏။

ဆောင်ပုဒ် -

မြန်မာစကား<br>နိုင်ငံခြား<br>အသားမကျနိုင်။

# အမြော်ကောင်းသူ

မြို့တစ်မြို့၌ အလုပ်အကိုင် ဟူ၍ မည်မည်ရရမရှိဘဲ ညာလိုင်းမြော်ပင့်ခြင်း အားဖြင့် အသက်မွေးဝမ်းကျောင်းလျှက် ရှိနေသော လူငယ်တစ်ယောက်ရှိ၏။ ထိုသူမှာ အလုပ်အကိုင် မရှိလင့်ကစား အရပ်ထဲရှိ မျက်နှာကြီးများကို ကပ်ရပ် ညာလိုင်း ပေါက်းသင်း၍ မျက်နှာကြီးများ မ,စသောငွေဖြင့် ဣန္ဒြေမပျက် နေနိုင်လေ၏။ ထိုသူမှာ သင်္ခါရတရားကို မလွန်ဆန်နိုင်၍ တစ်နေ့၌ အနိစ္စရောက် ရလေ၏။

လူ့ဘဝတွင် သူတစ်ပါးအား လိမ်ညာလှိုင်းခဲ့သော ဒုစရိုက် အကုသိုလ်ကြောင့် ထိုသူမှာ ငရဲပြည်သို့ ရောက်ရလေ၏။ ငရဲပြည်တွင် ငရဲမင်းကြီးသည် ထိုသူအား စစ်ဆေး၍ လူ့ပြည်တွင် လိမ်လည်ညာဖြန်းခဲ့သော အပြစ်နှင့် သိဥ္စုံးငရဲ၌ ကျခံရန် အမိန့်ချမှတ်လိုက်လေ၏။ ထိုအခါ ထိုလူက 'အရှင်ငရဲမင်းကြီး၊ အရှင်မင်းကြီး အမိန့်အတိုင်း ငရဲပြည်သို့သွားရ ပါတော့မည်။ သိဥ္စုံးငရဲသို့ မသွားမီ အသင်ငရဲမင်းကြီးအား တစ်ခုလျှောက်ထားခွင့် ပြုစေလိုပါသည်'ဟု ဆိုလေ၏။ ထိုအခါ ငရဲမင်းကြီးအား နောက်ဆုံးအနေဖြင့် လျှောက်ထားခွင့်ပြုသဖြင့် ထိုလူက 'ကျွန်ုပ်လျှောက်ထား လိုသည်မှာ တစ်ခြားမဟုတ်ပါ။ ကျွန်ုပ်သည် ငရဲပြည်မျိုးစုံ ရောက်ဖူးပါသည်။ ရောက်သရွေ့ ငရဲပြည်က ငရဲမင်းတိုင်း အလွန်အရုပ်ဆိုး အကျည်းတန်ပါသည်။ အသင်ငရဲမင်းကြီးနှင့် တွေ့တော့မှ ရုပ်လည်းချော၊ အပြောလည်းကောင်း၊ သဘောလည်းကောင်းသည်ကို အံ့သြဖွယ် တွေ့ရပါသည်။ ကျွန်ုပ်သည် မတတ်သာ၍ အရှင်မင်းကြီးနှင့် ခပ်ခွာခွာ နေရပါတော့မည်' ဟူ၍ လျှောက်ထားလေ၏။

ထိုသူ၏ စကားဆုံးလျှင် အလွန်ခက်ထန်သော ငရဲမင်းကြီး၏ မျက်နှာသည် ချိုပြုံးလာပြီးလျှင် 'အသင်လူသား၊ အသင်သည် ငရဲပြည်နှင့် မတန်၊ နတ်ပြည်နှင့်သာ တန်ပေသည်။ တာဝတိံသာ နတ်ပြည်သို့ ခပ်မြန်မြန် ကြွပေတော့' ဟူ၍ မူလအမိန့်ကို ပြင်ဆင် ချမှတ်လိုက်လေသတည်း။

ဆောင်ပုဒ် - လူနတ်ဗြဟ္မာ
သတ္တဝါ
မှတ်ပါ အမြော်ကြိုက်။

# ဆရာဆို ပိုဆိုးမှာပေါ့

တစ်ခါသော် မြို့တစ်မြို့၌ လူတစ်ယောက်သည် ဓာတ်ပုံပညာကို လိုက်စားရာမှ ကျွမ်းကျင်လာ၍ အရင်းအနှီး ထုတ်ပေးသူရှိသဖြင့် ဓာတ်ပုံဆိုင် ဖွင့်လေ၏။ သို့ရာတွင် ထိုလူ၏ ဓာတ်ပုံဆိုင်မှာ ဆိုင်သစ်ဖြစ်၍ မိတ်ဆွေဖောက်သည် နည်းသေးသဖြင့် ကောင်းစွာ မရိုက်ရချေ။ သို့ဖြစ်၍ ထိုလူသည် ရွာများသို့ဆင်း၍ ဓာတ်ပုံရိုက်ရန် ကြံရွယ်ပြီး ရိုးသားသော လုပ်သားတစ်ယောက်ကို ငှားလေ၏။ ထို့နောက် ထိုလူနှင့် တပည့်တို့သည် ရွာတစ်ရွာသို့ ဓာတ်ပုံရိုက်ရန် သွားရောက်လေ၏။ ထိုရွာ၌လည်း ဓာတ်ပုံကို တစ်ခါမျှ မရိုက်ဖူးသော ဘုန်းကြီးတစ်ပါးရှိ၏။ ဘုန်းတော်ကြီးသည် ရွာသို့ဓာတ်ပုံဆရာ ရောက်သည်ဟု သတင်းကြားသိလျှင် ဒီတစ်ကြိမ် ဓာတ်ပုံရိုက်ဖူးအောင် ရိုက်မည်ဟု ဆုံးဖြတ်၍ ဓာတ်ပုံဆရာအား ကျောင်းသို့လာရောက်ရန် ကျောင်းသားတစ်ယောက်အား အခေါ်ခိုင်းလိုက်လေ၏။ ဘုန်းတော်ကြီး ခေါ်ခိုင်းသည့်အချိန်၌ ဓာတ်ပုံဆရာမှာ မအားလပ်သည်နှင့် ကြုံကြိုက်၍ ဘုန်းတော်ကြီးကျောင်းသို့ တပည့်ဖြစ်သူအား စေလွှတ်လိုက်လေ၏။

ဓာတ်ပုံဆရာ၏ တပည့်လည်း ဘုန်တော်ကြီးကျောင်းသို့ ရောက်လျှင် ဖလင်များထည့်သွင်း၍ ‘ဓာတ်ပုံရိုက်တော့မည် ငြိမ်ငြိမ်နေပါဘုရား’ ဟု ဘုန်းတော်ကြီးအား လျှောက်ထားကာ ဓာတ်ပုံရိုက်ရန် ချိန်နေလေ၏။

ဘုန်းတော်ကြီးသည် ငြိမ်ငြိမ်နေ ဆိုသည့်အတိုင်း အသက်ပင်မရှူဘဲ နေလေရာ ချိန်၍မပြီးသည်နှင့် အချိန်ကြာသွားသဖြင့် ဘုန်းတော်ကြီးမှာ မူးမေ့ပြီး လဲကျသွားလေ၏။ ဓာတ်ပုံဆရာ၏ တပည့်လည်း ဘုန်းတော်ကြီးအား နှိပ်နယ်ပေး၍ သတိရမှ ဓာတ်ပုံဆရာထံ ပြန်လာကာ အကျိုးအကြောင်းကို ပြောပြလေ၏။

နောက်တစ်နေ့၌ ဓာတ်ပုံဆရာလည်း အားလပ်သည်နှင့် ဘုန်းတော်ကျောင်းသို့ သွားရောက်ကာ ဘုန်းတော်ကြီးအား ဓာတ်ပုံရိုက်ရန် လျှောက်ထားလေ၏။ ဘုန်းတော်ကြီးက 'ဟေ့ . . . ဓာတ်ပုံရိုက်ရမယ်၊ နေပါအုံး၊ မင်းက ဆရာလား တပည့်လား' ဟု မေးလေ၏။ ဓာတ်ပုံဆရာက 'တပည့်တော်က ဆရာပါဘုရား' ဟု လျှောက်ထားရာ ဘုန်းတော်ကြီးက 'တော်တော်၊ မနေ့က တပည့်မို့လို့ မေ့သွားတာ၊ ဒီကနေ့ ဆရာဆိုရင် ငါသေလိမ့်မယ်' ဟု ဆရာအား မိန့်ဆိုလေသတည်း။

ဆောင်ပုဒ် -

မတွေ့ဖူးသူ
ကြုံတွေ့မူ
အလှူခံနဲ့ဖြစ်။



## မန္တလေးစကား တယ်ခက်

ရှေးအခါက အောက်သားတစ်ယောက်သည် မန္တလေးနေပြည်တော်သို့ ရောက်လာ၍ အမျိုးတော်သူ အဒေါ်တစ်ယောက်၏ အိမ်၌ တည်းခိုလေ၏။ အောက်သားသည် နေပြည်တော်ကြီးကို အနှံ့အပြား လည်ပတ်ကြည့်ရှု၍ သန်းခေါင်သန်းလွဲမှသာ တည်းခိုအိမ်သို့ ပြန်လာလေ၏။ အိမ်ရှင်တို့သည် ထိုအောက်သားအား စောင့်မနေနိုင်၍ မီးခွက်ငြိမ်းထား၍ အိပ်လိုက်ကြ၏။ အောက်သားသည် တည်းခိုအိမ်သို့ ပြန်လာတိုင်း မီးခွက်ငြိမ်းထားသည်ကို တွေ့ရှိ၍အိမ်ရှင်ဖြစ်သူ အဒေါ်အား 'အဒေါ် မီးသတ်ထားပြီလား၊ ကျွန်တော် ပြန်လာလျှင် သတ်ပါ့မယ်။ တိုက်မိ ခိုက်မိမှာစိုးလို့ မီးခွက်ထွန်းထားပါ' ဟု ဆိုလေ၏။ အိမ်ရှင်အဒေါ်က 'မီးခွက်မထွန်းထားတာ မီးဘေး ကြောက်ရလို့ပါ။ ရေနံဆီကုန်မှာစိုးလို့မဟုတ်ပါဘူး' ဆိုသဖြင့် အောက်သားက 'ဒီလိုဆိုလဲ ဟုတ်တာပဲ။ မီးခွက် သတ်ထားပေါ့' ဟု ပြောလေ၏။

အိမ်ရှင်အဒေါ်က 'မီးခွက်ကို ငြိမ်းတယ်လို့ပြောရတယ် တူမောင်ရဲ့၊ သတ်တယ်လို့ မပြောသင့်ဘူး' ဟု ဆိုသဖြင့် အောက်သားက 'ကောင်းပါပြီ နောင်ကို ငြိမ်းတယ်ဘဲ ပြောပါ့မယ်' ဟု ကတိပြုလေ၏။ တစ်နေ့၌ အောက်သားသည် လက်ဝှေ့ပွဲတစ်ခုကို ဝင်ကြည့်ပြီး တည်းခိုအိမ်သို့ ပြန်လာရာ အဒေါ်ဖြစ်သူက 'ဒီကနေ့ ဘယ်ရောက်ခဲ့သလဲ' ဟု မေးလေ၏။

အောက်သားက 'ဒီကနေ့တော့ လက်ဖွေ့ငြိမ်းပွဲ ဝင်ကြည့်ခဲ့တယ် အဒေါ်ရဲ့၊ စံမတူဆိုတဲ့သူက ဗလပျံဆိုတဲ့သူကို လက်ဖွေ့ငြိမ်းလိုက်တာ အတော် အထိနာတာပဲ' ဟု ဆိုရာ အိမ်ရှင်အဒေါ်က ရယ်မောပြီး 'အော် တူတော်မောင်ရယ်၊ လက်ဖွေ့သတ်တယ်လို့ ပြောပါ။ လက်ဖွေ့ငြိမ်းတယ်လို့ မပြောရဘူး တူမောင်ရဲ့' ဟု ဆိုလေ၏။

ထိုအခါ အောက်သားက 'ငြိမ်းဆိုလဲ အဒေါ်တို့စကား၊ သတ်ဆိုလဲ အဒေါ်တို့စကား၊ ဘယ်စကားကို မှတ်မိတော့မှာလဲ၊ တစ်နေ့က မီးခွက်သတ်တော့ မီးခွက်ငြိမ်းတယ် ပြောပါတဲ့။ ဒီနေ့ လက်ဖွေ့ငြိမ်းတော့ လက်ဖွေ့သတ်တယ် ပြောပါတဲ့။ အဒေါ်တို့ မန္တလေးစကား တယ်ခက်တာကိုး' ဟု ညည်းတွားလေသတည်း။

ဆောင်ပုဒ် -

ကာလဒေသ
ဝေါဟာရ
ဌာနသိရာသည်။

## ထင်းစူးတော်ကောင်း

တစ်ခါသော ပန်းပုဆရာ တစ်ယောက်၏ ဇနီးသည် ငွေအကြွေလို၍ လက်စမသတ်သေးသည့် သစ်သားအရုပ်တုံးကြီး တစ်ခုကို အိမ်နီးရှိ တရုတ်ကြီး တစ်ယောက်အိမ်သို့ ထမ်းယူသွားလေ၏။ ပန်းပုဆရာ ဇနီးက တရုတ်ကြီးအား 'ပေါက်ဖော်၊ အကြွေလိုလို့ ဒီထင်းဝယ်စမ်းပါ၊ ထင်းဖိုး ၂၅ ပြားပဲ ပေးပါတော့' ဟု ဆိုသဖြင့် တရုတ်ကြီးကလည်း သဘောတူ၍ အရုပ်တုံးကြီးကို ထားခဲ့လေ၏။

တရုတ်ကြီးသည် ထင်းခွဲရန် ပုဆိန်ယူပြီး အရုပ်တုံးကြီးကို ပေါက်လိုက်လေ၏။ အရုပ်တုံးကြီးသည် မှောက်လျက်နေရာမှ ထထိုင်၍ ပေါက်ဖော်ကြီးအား ရှိခိုးသကဲ့သို့ ဖြစ်နေရာ ပေါက်ဖော်ကြီးလည်း အံ့အားသင့်စွာဖြင့် 'ဒီထင်းတုံးက ငါ့ကို ရှိခိုးတယ်၊ နင်ဟာ တစ်ခြားထင်းလို မဟုတ်ဘူး၊ အာကီးလိမ္မာတယ်။ ထင်းစူတော်ကောင်းဘဲ။ ငါနင့်ကို မခုတ်တော့ဘူး။ နင်သွားချင်ရာ သွားနိုင်အောင် ငါချောင်းထဲ ပို့ပေးမယ်' ဟုဆိုကာ အရုပ်တုံးကြီးကို ထမ်း၍ ချောင်းသို့ ထွက်ခွာလာလေ၏။

ချောင်းသို့ရောက်လျှင် အရုပ်တုံးကြီးကို ရေလယ်ကြောသို့ မျှောလိုက်ရာ အရုပ်တုံးကြီးလည်း ဝဲထဲသို့ ကျသွားသဖြင့် ပတ်ချာလည်လျက် ရှိ၏။ ထိုအခါ ပေါက်ဖော်ကြီးသည် ထင်းတုံးက သူ့အား နှုတ်ဆက်နေသည် ထင်သဖြင့် 'စွားတော့၊ စွားတော့ ထင်းစူးတော်ကောင်း၊ စိတ်ချလက်ချ စွားပေတော့' ဟု ဆို၍ လက်တပြပြဖြင့် ပြန်လာခဲ့လေသတည်း။

ဆောင်ပုဒ် -

လူမျိုးမခွေး
ကိုလူအေး
အတွေးအကောင်းဖက်။

# အသက်မှန်သိအောင် စူးစမ်းတတ်သော လူပျိုကြီး

ရှေးအခါက မြို့တစ်မြို့၌ လူပျိုကြီးတစ်ဦးနှင့် အပျိုကြီးတစ်ဦးအား လူချင်း မမြင်ဖူးဘဲ နှစ်ဖက်မိဘက ထိမ်းမြားလက်ထပ် ပေးလိုက်၏။ ထိမ်းမြားမင်္ဂလာ အခမ်းအနားပြီးမှ သတို့သား လူပျိုကြီးသည် လက်ထပ်ပြီးစ ဇနီးသည်ကို ကြည့်၍ 'ရှင်မ အသက်မည်မျှ ရှိပြီလဲ' ဟု မေးလေ၏။ ဇနီးသည်က 'ကျုပ် အသက် လေးဆယ်ရှိပြီ' ဟု ဖြေဆိုလေ၏။

သတို့သား လူပျိုကြီးသည် အံ့ဩသော အမူအရာဖြင့် 'ဘယ့်နဲ့လဲ ရှင်မမိဘက ကျုပ်အမေကိုပြောတော့ ရှင်မအသက်ဟာ သုံးဆယ့်ငါးနှစ်ဆို' ဟု ပြောလေ၏။ ဇနီးသည်က 'ကျုပ်အသက် လေးဆယ်ဆိုပေမယ့် အမှန် ကတော့ ၃၉ နှစ် စွန်းရုံဘဲ ရှိပါသေးတယ်' ဟု ဆို၏။

သတို့သားလူပျိုကြီးမှာ အကြံအိုက်သွားပြီး နေ့မကူးမီ ဇနီးသည် အသက်အမှန်ကို သိရန် တစ်နည်းနည်းဖြင့် စုံစမ်းမည်ဟု ဆုံးဖြတ်ထားလေ ၏။ ညဘက်သို့ရောက်၍ မှောင်လာသည့်အခါ သတို့သားလူပျိုကြီးသည် 'ရှင်မရေ၊ မီးဖိုချောင်ကို သွားပြီး ဆားအိုးကို လုံအောင်ပိတ်လိုက်ပါ' ဟုဆို၏။ ဇနီးသည်က ဘာကိစ္စ ဆားအိုးလုံအောင် ပိတ်ရမှာလဲ' ဟု မေးလေရာ သတို့သား လူပျိုကြီးက 'အို၊ ဆားအိုးပိတ်မထားရင် ညကျ ကြွက်တွေစား ကုန်မှာပေါ့' ဟု ဖြေလေ၏။

ထိုအခါ ဇနီးသည်က ဟက်ဟက် ပက်ပက် ရယ်မောပြီး ကျုပ် အသက် ငါးဆယ်ကျော်ပါပြီတော်၊ ဆားကြွက်စားတယ်ရယ်လို့ တစ်ခါမှ မကြားမိပါဘူး' ဟု ပြောလေမှ သတို့သား လူပျိုကြီးလည်း သူ့ဇနီး၏ အသက် အမှန်ကို မစစ်ဆေးဘဲ သိသွားရလေသတည်း။

ဆောင်ပုဒ် -

ယောက်ျားမာယာ

မ,ထက်သာ

အာဏာအမြဲရှိ။

# ထောင်းတဲ့လူ ဆုံကျိန်း

ရွာတစ်ရွာ၌ အလွန်ဧည့်ဝတ်ကျေသည့် ဦးဖြူစင်နှင့် ဒေါ်ခင်ဟူသော ဇနီးမောင်နှံရှိ၏။ တစ်နေ့၌ ဦးဖြူနှင့် ဒေါ်ခင်တို့အိမ်သို့ မြို့တစ်မြို့မှ မိတ်ဆွေများ အလည်အပတ် ရောက်လာကြလေ၏။ ဦးဖြူစင်က ဧည့်ဝတ်ကျေပွန်စွာ ရွာရှိ ဘုန်းကြီးကျောင်းနှင့် စေတီပုထိုးများကို လိုက်လံပြသပြီး အိမ်သို့ အနားယူရန် ပြန်လာကြလေ၏။

မြို့မှ ဧည့်သည်များသည် ရေချိုးကြပြီးနောက် ဒေါ်ခင် ပြင်ဆင်ထားသည့် ထမင်းပွဲသို့ ဝင်ကြလေ၏။ ထမင်းပွဲမှာ တောရွာဓလေ့အတိုင်း ဧည့်သည်လာလျှင် ကျွေးမွေးတတ်သည့် လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ထားသည့် ကြက်သားဟင်း၊ ခြံထွက် မန်ကျည်းထောင်းကြော်၊ ဒန့်သလွန်သီးဟင်းချို ငါးပိရည်တို့စရာ မြိုင်မြိုင်ဆိုင်ဆိုင် ပြင်ဆင်ထားလေ၏။ ဧည့်သည်များသည် မြိန်ယှက်စွာ စားသောက်ကြရာတွင် ဒေါ်ခင်၏ မန်ကျည်း ထောင်းကြော်မှာ အလွန် လျှာတွေ့လျှက် ရှိသဖြင့် တစ်ပန်းကန်ပြီး တစ်ပန်းကန် ဟင်းလိုက်ရ၏။ သို့သော် နောက်ဆုံး၌ မန်ကျည်းထောင်းကြော်မှာ ကုန်လုနီးဖြစ်လာသဖြင့် အလိုက် အားပျော့လာလေ၏။ ဦးဖြူစင်သည် ဧည့်သည်များ ကြိုက်နှစ်သက်သည့် မန်ကျည်းထောင်းကြော်ကို အချိန်မီ လိုက်နိုင်ရန် မီးဖိုချောင်သို့ ဝင်လာပြီး မန်ကျည်းသီးများကို ထောင်းပေးလေ၏။ ဒေါ်ခင်လည်း

လိုက်ပွဲမီရန် အလျင်အမြန် ကြော်သော်လည်း မန်ကျည်းထောင်းကြော် ပန်းကန်မှာ ခဏချင်း ပြောင်သွားပြန်၏။ ဦးဖြူစင်လည်း ဆုံတစ်လုံးဖြင့် ထောင်းရာမှ အားမရဘဲ မန်ကျည်းထောင်းကျော် အမြောက်အမြားရအောင် ပါးစပ်ဖြင့် ဝါးထောင်းရလေ၏။ ထိုအခါမှ မန်ကျည်းထောင်းကြော်မှာ ကောင်းစွာလိုက်နိုင်ပြီး ဧည့်သည်များလည်း ထမင်းစားပြီးသွားလေ၏။

ဦးဖြူစင်သည် မီးဖိုချောင်မှ ထွက်လာပြီး 'မြိန်ကြရဲ့လား' ဟူ၍ မေးလေ၏။ ဧည့်သည်များလည်း 'ဟာ သိပ်မြိန်တာပဲဗျာ၊ မန်းကျည်းထောင်းကြော်ကတော့ တယ်လျှာတွေ့သဗျ' ဟု ဖြေလေ၏။

ဦးဖြူစင်မှာ မိမိ ပါးစပ်ဖြင့် ဝါး၍ဝါး၍ ထောင်းရသောကြောင့် သွားများကိုန်းနေရာ ဧည့်သည်များအား ဥပါယ်တံမျဉ်ဖြင့် 'အင်း စားရတဲ့လူတွေကတော့ မြိန်သလား၊ မမြိန်သလား မသိဘူး၊ ထောင်းရတဲ့လူတော့ ဆုံကိုန်းကုန်ပြီ' ဟု ပြောလေသတည်း။

ဆောင်ပုဒ် -

ဧည့်သည်လူထု
ဧည့်ခံမှု
ပြုစုဖို့ မလွယ်။



# ပြုတ်တို့ရ ကောင်းမလား

ရွာတစ်ရွာမှ သူငယ်ချင်း နှစ်ယောက်သည် တစ်ယောက်က ရေလမ်းခရီးမှ လှေဖြင့် လည်းကောင်း၊ တစ်ယောက်က ကုန်းလမ်းခရီးမှ လှည်းဖြင့် လည်းကောင်း အသီးသီး ကုန်ရောင်းထွက်ခဲ့ ကြလေသည်။ မြို့တစ်မြို့သို့ ရောက်သောအခါ နှစ်ယောက်သား ဆုံမိကြ၍ ရသေ့ကြီးတစ်ပါး၏ တရားပွဲကို နာကြားရန် အတူ ထွက်ခဲ့ကြလေ၏။

တရားပွဲသို့ ရောက်သောအခါ ရသေ့ကြီးက သစ္စာလေးပါး မြတ်တရား၏ ထူးကဲမွန်မြတ်ပုံ၊ ဒါန၊ သီလ၊ ဘာဝနာ အကျိုးပေးပုံတို့ကို အစဉ်တစိုက် ဟောကြားသွားလေ၏။ သူငယ်ချင်းနှစ်ဦးမှာ တရားပင် နာကြားစေကာမူ စိတ်မဝင်စားဘဲ တစ်ဦးက လှေဆိပ်၌ ချည်ထားသော လှေကို စိတ်မချဖြစ်နေပြီး အခြားတစ်ဦးသည်လည်း နွားတွေကို ဖြုတ်လွှတ်မှာ ပူပင်နေ၏။ သို့နှင့် တရားပွဲပြီး၍ သူငယ်ချင်းနှစ်ဦးသည် အများနှင့်အတူ ထပြန်လာပြီး စိတ်ပူပင်မှုကြောင့် ရသေ့ကြီး ဘာတရား ဟောသွားသည်ကို မမှတ်မိကြောင်း အချင်းချင်း ပြောဆိုလေ၏။ 'ဒီအတိုင်းဆိုရင် ရွာပြန်ရောက်လို့မှ ဘာတရား ဟောလိုက်တယ်ဆိုတာ မပြောတတ်ဘဲ နေမယ်၊ ရသေ့ကြီးထံ ဘာတရား ဟောသလဲဆိုတာ ပြန်လျှောက်ကြစို့' ဟူ၍ နှစ်ဦးသဘောတူစွာ ရသေ့ကြီးထံသို့ ပြန်သွားကြလေ၏။

ရသေ့ကြီးထံသို့ ရောက်လျှင် သူငယ်ချင်း နှစ်ဦးသည် အကျိုးအကြောင်းကို လျှောက်ထား၍ မည်သည့်တရား ဖြစ်သည်ကို ထပ်မံဟောပါရန် တောင်းပန်လေ၏။

ရသေ့ကြီးက 'ဒါလဲ တစ်ခက်ပါပဲကွ၊ မင်းတို့ကလဲ စိုးရိမ်ကြောင့်ကြပူပင်မှုတွေကြောင့် တရားထဲ စိတ်မဝင်စားတော့ ဘာဟောသွားမှန်း မသိလိုက်ဘူး။ ငါကလဲ တရားသာ ဟောနေရတယ်။ ရှေ့မှာရှိတဲ့ ကန်တော့ပွဲထဲက ငှက်ပျောဖီး အစိမ်းကလေးတွေကို ကျောင်းရောက်ရင် ပြုတ်တို့ရ ကောင်းမလား၊ မှည့်တဲ့အထိ အုပ်ထားရ ကောင်းမလား စဉ်းစားနေရတာနဲ့ ငါကိုယ်တိုင်လဲ ဘာတရားဟောလို့ ဘာနဲ့ အဆုံးသတ်သွားမှန်း သတိမရ တော့ဘူးကွ' ဟု ပြောလေသတည်း။

ဆောင်ပုဒ် -

ဟောသူနာသူ
နှစ်မျိုးလူ
ညီတူအတ္တစွဲ။

# တုန်ရုံမက ချမ်းသေသေ

ရွာတစ်ရွာ၌ ပစ္စည်းဥစ္စာ ပြည့်စုံသော အဘိုးအိုတစ်ယောက်သည် မိုးဦးကျစ အလုပ်လုပ်ရန် မြို့သို့တက်၍ ပစ္စည်းများ ဝယ်ခြမ်းပေးလေသည်။ မြို့သို့ ရောက်လျှင် လမ်းတစ်လမ်း၌ လျှောက်သွားစဉ် အိမ်တစ်အိမ်မှ စန္ဒယားတီးသံ ကြား၍ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မကြားဖူးသော အသံ ဖြစ်သော ကြောင့် 'ဒီအသံ တယ်ကောင်းပါလား' ဟူ၍ လမ်းလယ်၌ ရပ်ပြီး နားထောင် နေလေ၏။ ထို့နောက် စန္ဒယားသံကို နားထောင်၍ မဝသဖြင့် အိမ်ထဲသို့ ဝင်ခွင့်တောင်းကာ စန္ဒယားကို ဝင်ရောက်ကြည့်ရှုလေ၏။ စန္ဒယားကို မြင် သောအခါ အဘိုးအိုသည် အလွန်တရာ သဘောကျလှသဖြင့် အိမ်ရှင်အား သူ့ကို စန္ဒယားရောင်းပါရန် မေတ္တာရပ်လေ၏။ အိမ်ရှင်လည်း အားနာသဖြင့် အဘိုးအိုအား ရောင်းလိုက်လေ၏။

အဘိုးအိုသည် စန္ဒယားကြီးကို ရွာသို့ယူလာပြီး စင်တစ်ခုပေါ်၌ တင်ထားလေ၏။ အလုပ်လုပ်သော ရက်သို့ရောက်သောအခါ အဘိုးအိုက 'ပရိသတ်တွေလဲ စုံလာပြီ၊ ဖေ့သားကြီး မြည်ပြလိုက်စမ်းကွာ' ဟု စန္ဒယားကြီး အား တိုက်တွန်းလေ၏။ စန္ဒယားကြီးမှာ တီးသူမရှိ၍ တုတ်တုတ်မျှ မလှုပ်ဘဲ ရှိရာ၊ အဘိုးအိုသည် 'ငါ့အရှက်ကို ခွဲလေခြင်း' ဟု စန္ဒယားကြီးကို စိတ်ဆိုး ကာ စင်ပေါ်မှချပြီး အိမ်တံစက်မြိတ်အောက်၌ ချထားလေ၏။ ထိုအချိန်၌ မိုးကလည်း ခပ်ဖွဲဖွဲ ရွာနေရာမှ၊ တံစက်မြိတ်ကြောင်းမှ ကျလာသော ရေပေါက် ကလေးများသည် စန္ဒယားခလုတ် ကလေးများပေါ်သို့ ကျရောက်သည့်အခါ 'တုံတုံ တုံတုံ' ဟု အဆက်မပြတ် မြည်နေလေ၏။

အဘိုးအိုလည်း ပရိသတ်ကို ဧည့်ခံနေရာမှ ထလာပြီး 'အမယ်ခုမှ မင်းက မြည်တယ်။ ငါ တောင်းပန်တုန်းကတော့ မမြည်၊ ခုမှ ဘာကြောင့် မြည်ရတာလဲ။ မင်းဖာသာ တုန်လို့မက ချမ်းလို့ပဲသေသေ၊ မခေါ်သေးဘူး။ နောင်ကြဉ်အောင် ထားအုံးမယ်' ဟု စန္ဒယားကြီးအား ရန်တွေ့လေသတည်း။

ဆောင်ပုဒ် -

လူရိုးလူအ

လူ အ တ

လူဝွမဆိုသာ။

## အေးအေးနှင့် အနိုင်ယူသော အဘိုးအို

ရွာတစ်ရွာ၌ အဘိုးအိုနှင့် အမယ်အို လင်မယား နှစ်ယောက်ရှိ၏။ ထို အဘိုးအို အမယ်အို လင်မယားမှာ မကြာခဏ ရန်ဖြစ်လေ့ရှိ၏။ အမယ်အိုသည် လက်မြန်သည့်အလျောက် ရန်ဖြစ်လျှင်ဖြစ်ချင်း အဖိုးအို၏ သျှောင်ထုံးကို ဆွဲမွှေ့သည်ဖြစ်၍ အဖိုးအိုမှာ အမြဲအရှုံးပေးရလေ၏။

တစ်နေ့၌ အဖိုးအိုက 'ငါ့မှာ သျှောင်ထုံးရှိ၍သာ ရန်ဖြစ်တိုင်း အရှုံးပေး ရသည်။ ဤသျှောင်ရှိသရွေ့ အမယ်အို၏ အဆွဲအမွှေ့ကို အမြဲခံရမည်။ နောင် ဒီရန်မှအေးအောင် ကတုံးတုံးထားမှ ဖြစ်မည်' ဟု အကြံရ၍ အမယ်အို ဈေးရောင်းသွားနေစဉ် ဆံသသမားကို အိမ်ခေါ်ယူပြီး အဘိုးအိုသည် သျှောင်ထုံးကို ညှပ်ပြီး ကတုံးတုံးလိုက်လေ၏။

အမယ်အို ဈေးရောင်းပြန်လာလျှင် ဈေးတောင်းကို ချပေးနေကျ အဘိုးအိုအား ရှာမတွေ့၍ ဒေါသထွက်ပြီး 'အဘိုးကြီး လာပါအုံးတော့၊ ဈေးတောင်း ချပေးစမ်းပါ' ဟု အော်လိုက်လေ၏။ အဘိုးအိုက အခန်းထဲမှ မထွက်ဘဲ 'အမယ်ကြီးကလဲ ကိုယ့်ဘာသာကိုယ် နိုင်ငံသားနဲ့ ကိုယ်ဘာသာပဲ ချပါ၊ ငါအိပ်ချင်လို့' ဟု ဆိုလေ၏။

အမယ်အိုသည် အဘိုးအိုက တစ်ခါမျှသူ၏ စကားကို ငြင်းဆန်ခြင်း မရှိ ခုတစ်ခါမှ ငြင်းဆန်၍ ဒေါသထွက်သည်ထက် ထွက်လာပြီး ဈေးတောင်း ကိုချကာ အဘိုးအိုနှင့် ရန်ဖြစ်ဖို့ အခန်းထဲသို့ ဝင်လာခဲ့လေ၏။

အမယ်အို အခန်းထဲသို့ ဝင်လာလာချင်း အဘိုးအိုသည် ကမန်းကတန်း အိပ်ရာမှ ထလိုက်သော်လည်း အမယ်အိုက လက်မြန်စွာဖြင့် အဘိုးအို၏ သျှောင်ထုံးကို လှမ်းဆွဲလိုက်လေ၏။ သို့ရာတွင် အဘိုးအိုမှာ သျှောင်ထုံးမရှိတော့ဘဲ ခေါင်းပေါင်းသာ ပေါင်းထားသည်ဖြစ်၍ အမယ်အို လက်ထဲသို့ ခေါင်းပေါင်းသာ ကျွတ်ပါသွားပြီး အမယ်အိုမှာ သူ့အရှိန်နှင့်သူ အိပ်ရာပေါ်သို့ လဲကျ သွားလေတော့၏။

ထိုအခါ အဘိုးအိုသည် အားရပါးရ ရယ်မောလိုက်ပြီး 'အမယ်ကြီးရယ် အိပ်ချင်လဲ အေးအေးအိပ်ရောပေါ့၊ မကြီးမငယ်နှင့် ဒိုင်ဗင်ထိုးချရသေးတယ်' ဟု ခပ်အေးအေး အနိုင်ယူ ပြောလိုက်လေသတည်း။

ဆောင်ပုဒ် -

ယောကျ်ားအကြံ
မိန်းမရန်
ဇကန်လွတ်မြောက်ရာ။

## အဝတ်အစား

မြို့တစ်မြို့၌ ပစ္စည်းဥစ္စာ ပြည့်စုံသော ကုန်သည်တစ်ယောက်သည် အလှူတစ်ခု လုပ်လေ၏။ အလှူပွဲ၌ ပိုး၊ ဖဲ၊ စိန်၊ ရွှေ အဝတ်အမျိုးအမျိုးကို ဝတ်ဆင်လျက် ရှိသောသူများကိုသာ အလှူရှင်သည် ကျွေးမွေးခြင်း၊ ဧည့်ခံခြင်း၊ နေရာထိုင်ခင်းပေးခြင်း၊ ဖော်ရွေခြင်း၊ စကားပြောခြင်းများ ပြုလုပ်လေ၏။ လူတစ်ယောက်သည် အလှူပွဲအကြောင်းကို သိလိုသော သဘောထားနှင့် အင်္ကျီလုံချည်သစ်များ မလဲလှယ်ဘဲ၊ မိမိအိမ်၌ ဝတ်ဆင်နေကျအတိုင်း အလှူပွဲသို့ သွားလေ၏။ အလှူပွဲသို့ရောက်သော် ထိုသူအား အလှူ၌ ဧည့်ခံသူတို့သည် ကျွေးမွေးခြင်း၊ နေရာထိုင်ခင်းပေးခြင်းများ မပြုလုပ်ဘဲ နေလေ၏။

ထိုသူသည် 'အင်္ကျီ လုံချည် ဟောင်းနွမ်းနေလို့သာ ငါ့ကို မခေါ်ကြပြောကြတာပဲ' ဟု တွေးတောလျှက် မိမိနေအိမ်သို့ ပြန်သွားလေ၏။ အိမ်သို့ရောက်သော် ပိုးအင်္ကျီအသစ်၊ ပိုးလုံချည်အသစ်များကို လဲလှယ်ဝတ်ဆင်ပြီး ထိုအလှူပွဲသို့ ပြန်လာလေ၏။ အလှူပွဲသို့ ရောက်သည့်အခါ ထိုသူအား ဧည့်ခံသူများက အရေးတယူ နေရာထိုင်ခင်းပေး၍ ကျွေးမွေးလေ၏။ ထိုလူသည် ကျွေးမွေးသမှုကို ပါးစပ်ထဲမထည့်ဘဲ၊ အင်္ကျီနှင့်လုံချည်ထဲသို့ ထည့်လေ၏။ ထိုအခြင်းအရာကို အလှူရှင်နှင့်တကွ ဧည့်သည်အများ မြင်လေသော် လူထူးလူဆန်းပဲဟု ဝိုင်းအုံ ကြည့်ရှုလေ၏။

ထိုလူက 'မိမိသည် စောစောက အင်္ကျီ၊ လုံချည်အဟောင်း အနွမ်းနှင့် လာစဉ်က မည်သူမျှ မကျွေးမမွေး၊ ဧည့်ခံမည့်သူ မရှိ၊ ဂရုမစိုက်ကြပါ။ အိမ်ပြန်ပြီး ပိုးအင်္ကျီသစ်၊ ပိုးလုံချည် အသစ်လဲလာမှ အရေးတယူ ကျွေးမွေးဧည့်ခံကြပါသည်။ လူကို ကျွေးခြင်း မဟုတ်၊ မိမိဝတ်လာသော အင်္ကျီလုံချည်များကို ကျွေးတာဖြစ်သောကြောင့် လူမစားဘဲ အဝတ်ကို စားခိုင်းပါသည်။ ဒါကြောင့်လည်း အဝတ်အစားလို့ ခေါ်တာဖြစ်သည်' ဟု ပြောပြောဆိုဆို ထွက်သွားလေ၏။

ဆောင်ပုဒ် -

လူမှာအဝတ်
တောင်းမှာအကွပ်
မချွတ်အမြဲသာ။

## ဘူးဝါးကွပ်ကွပ်

ရှေးအခါက ရွာတစ်ရွာ၌ မောင်ပျင်းဟု ခေါ်သော လူပျင်းတစ်ယောက်ရှိ၏။ မောင်ပျင်းသည် ပျင်းရိ၍ ဘာမှလုပ်ကိုင်လိုစိတ် မရှိသည်နှင့် ဘခင်ဖြစ်သူက အိမ်မှ နှင်ထုတ်လိုက်လေ၏။

မောင်ပျင်းသည် ဘခင်ဖြစ်သူအား ရှိခိုးလျှက် ခြေဦးတည့်ရာသို့ ထွက်ခဲ့သည်တွင် လမ်း၌ လူသေအလောင်းကို တွေ့လေ၏။ မောင်ပျင်းသည် 'ငါ ယခင်လို ပျင်းရိနေ၍ မဖြစ်၊ ဒီလူသေကောင်ကို အမှီပြုပြီး ငွေရအောင် ကြံမှပဲ' ဟု တွေးတောလျှက် အနီးရှိ သစ်ပင်နောက်၌ ပုန်းအောင်းနေလေ၏။ မကြာမီ ဆင်ဦးစီးတစ်ယောက်သည် ဆင်စီး၍လာရာ လူသေအလောင်းအနီးသို့ ရောက်သော် ဆင်ပေါ်မှဆင်းကြည့်လေ၏။ ထိုအခါ မောင်ပျင်းသည် သစ်ပင် နောက်မှ ပြေးထွက်လာပြီး 'ကျုပ်အစ်ကို ခင်ဗျားဆင်နင်းလို့ သေပြီ။ ဘုရင့်ထံသို့ လိုက်ခဲ့ရမည်' ဟု ခေါ်လေ၏။ ဆင်ဦးစီးလည်း ဘုရင်ထံသို့ မလိုက် ပါရစေနှင့်။ ဒီဆင်ကိုယူပါ' ဟူ၍ တောင်းပန်ရာ မောင်ပျင်းလည်း သဘောတူကာ ဆင်ဦးစီး၍ ထွက်ခွာလာလေ၏။ လမ်း၌ မြင်းစီးလာသူ တစ်ယောက် နှင့်တွေ့လေရာ ဆင်ကိုမြင်းနှင့် လဲလိုက်၏။ ထို့နောက် ဖျာလိပ် ထမ်းလာသူနှင့်တွေ့လေရာ မြင်းနှင့်ဖျာလိပ်ကိုလဲ၍ ဖျာလိပ်ခင်းကာ အိပ် လေ၏။

နောက်တစ်နေ့ နံနက်၌ မောင်ပျင်းသည် ခရီးဆက်လက် ထွက်ခွာလာရာ လမ်းတွင် အိုးထမ်းလာသူနှင့် တွေ့၍ ဖျာလိပ်ကို အိုးတစ်ထမ်းနှင့် လဲကာ ထမင်းချက် စားလေ၏။ ထို့နောက် မောမောရှိသည်နှင့် ညောင်ပင်ကြီး တစ်ပင်အောက်တွင် အိပ်ပျော်သွားရာ ညောင်ပင်ပေါ်မှ 'ဘူးဝါးကွပ်ကွပ်၊ ဘူးဝါးကွပ်ကွပ်' ဟူ၍ ငှက်မြည်သံကြားမှ လန့်နိုးလာလေ၏။ မောင်ပျင်းသည် အိပ်ရေးမဝ၍ စိတ်ဆိုးဆိုးနှင့် ငှက်ကို အိုးများဖြင့်ပစ်ရာ ထိမှန်ပြီး ငှက်ကျလာလေ၏။ ငှက်သည် သေသွားသော်လည်း ငှက်၏အဆီသည် 'ဘူးဝါးကွပ်ကွပ်' ဟု အော်နေရာ ငှက်၏အသားနှင့် တို့လိုက်မှ အအော်ရပ်လေ၏။

မောင်ပျင်းသည် အဆီနှင့်အသားကို ယူထားကာ နန်းတော်သို့ဝင်ပြီး ဘုရင့်သမီးတော် ခစားသည့်နေရာတွင် အဆီနှင့် သုတ်ထားလေ၏။ ဘုရင့်သမီးတော်ခစားသည့်အခါ 'ဘူးဝါးကွပ်ကွပ်' အော်နေသဖြင့် ဘုရင်ကြီးလည်း အရှက်ရရာ အအော်ရပ်အောင် လုပ်နိုင်သူအား သမီးတော်နှင့် ထိမ်းမြားမည်ဟု အမိန့်တော် ချမှတ်လေ၏။

မောင်ပျင်းသည် 'ဘူးဝါးကွပ်ကွပ်' မြည်သံကို ရပ်အောင် လုပ်နိုင်ကြောင်း ဘုရင်ကြီးအား လျှောက်ထား၍ ငှက်၏အသားနှင့် တို့လိုက်ရာ အအော်ရပ်သွားလေ၏။ ဘုရင်ကြီးသည် ကတိအတိုင်း မောင်ပျင်းအား သမီးတော်နှင့် ထိမ်းမြားလက်ထပ်ပေးရာ သားတော်တစ်ပါး ထွန်းကားလာလေ၏။

တစ်နေ့သော် မောင်ပျင်းသည် ကလေးငို၍ ကောက်ချီလိုက်ပြီး 'လူသေကောင်နှင့် ဆင်တစ်ကောင်၊ ဆင်တစ်ကောင်နှင့် မြင်းတစ်ကောင်၊ မြင်းတစ်ကောင်နှင့် ဖျာတစ်လိပ်၊ ဖျာတစ်လိပ်နှင့် အိုးတစ်ထမ်း၊ အိပ်ပါတော့ လူကလေးရယ် . . . ဘူးဝါးကွပ်ကွပ်' ဟု ချော့မြူလေသတည်း။

ဆောင်ပုဒ် -

လူပျင်းပင်လျှင်
ကြံဆင်ခြင်
ဘုရင်ဖြစ်ရသေး။

# ပိုးပုဆိုးမက်သူ ရွှေအ

မြို့တစ်မြို့၌ ပစ္စည်းဥစ္စာ ပြည့်စုံသော သူကြွယ်တစ်ဦးရှိ၏။ သူကြွယ်၌ ရွှေရနှင့် ရွှေအဟူ၍ အမည်ရှိသော တပည့်နှစ်ဦး ရှိ၏။ တစ်နေ့၌ သူကြွယ်ကြီးသည် အခြားမြို့တစ်မြို့ရှိ မိတ်ဆွေတစ်ဦးထံ အလည်အပတ် သွားရာ အဖော်အဖြစ် ရွှေရကို ခေါ်၍သွားလေ၏။ သူကြွယ်ကြီး၏ မိတ်ဆွေသည် သူကြွယ်ကြီးအား ၎င်းမြို့ထွက် ပဲလျော်ကို ဆီ ဆား ကြက်သွန်တို့ဖြင့် သုပ်နယ်၍ ကျွေးလေ၏။ သူကြွယ်ကြီးသည် ပဲလျော်မစားရတာကြာ၍ စားကောင်းသည်နှင့် အလွန်အမင်း စားသောက်ရာမှ မအောင့်နိုင်တော့ပဲ အသံကျယ်စွာ 'ဘူ. . .' ကနဲလေလည် လိုက်၏။ သူကြွယ်ကြီး၏ နောက်မှ တပည့်ဖြစ်သူ ရွှေရက အလိုက်သိစွာဖြင့် 'ကန်တော့ဆရာ၊ ကန်တော့ဆရာ' ဟု မိမိ၏ ဆရာ သူကြွယ်ကြီး လေမလည်ဘဲ၊ မိမိလေလည် သကဲ့သို့ လုပ်လိုက်ရ၏။

သူကြွယ်ကြီးသည် အလိုက်သိလှသော တပည့် ရွှေရအား သဘောကျ၍ အိမ်ပြန်ရောက်လျှင် ပိုးပုဆိုးတစ်ထည် ဆုချလေ၏။ ထိုအဖြစ်အပျက်ကို ရွှေရက ရွှေအအား ပြောပြရာ ရွှေအမှာ ပိုးပုဆိုးလိုချင်၍ နောက်တစ်ကြိမ် သူကြွယ်ကြီး အလည်သွား၍ ရွှေရအားခေါ်လျှင် 'ခေါင်းကိုက်၍ မလိုက်ပါရစေနှင့်၊ ခုအကြိမ် ရွှေအကို ခေါ်သွားပါ' ဟု ပြောရန် မှာကြားထားလေ၏။

မကြာမီ သူကြွယ်ကြီးသည် အရောင်းအဝယ် ကိစ္စဖြင့် ထိုမြို့သို့ သွားရောက်ပြန်ရာ အဖော်အဖြစ် ရွှေရအားခေါ်လေ၏။ ရွှေရသည် ရွှေအ အား ပိုးလုံချည် ရစေလို၍ 'ခေါင်းကိုက်၍ မလိုက်ပါရစေနှင့်။ ခုတစ်ကြိမ် ရွှေအကို ခေါ်သွားပါ' ဟု သူကြွယ်ကြီးအား ပြောလေ၏။ သူကြွယ်ကြီးသည် သဘောတူပြီး ရွှေအကို အဖော်အဖြစ် ခေါ်သွားလေ၏။

သူကြွယ်ကြီး၏ မိတ်ဆွေမှာ သူကြွယ်ကြီး ကြိုက်တတ်သည့် ပဲလှော် ကိုပင် သုပ်၍ကျွေးပြန်ရာ သူကြွယ်ကြီး မြိန်ရှက်စွာ စားလေ၏။ သို့ရာတွင် သူကြွယ်ကြီးသည် အစာကြေနေ၍ လေမလည်ဘဲရှိရာ၊ ပိုးပုဆိုး လိုချင်သော ရွှေအက -

'ပေါက်ရင်လဲ ပေါက်ပါတော့ဆရာ၊ ကျွန်တော် ကန်တော့ ကန်တော့ ဆိုချင်လှပြီ' ဟု ပြောလေ၏။

အစသော် သူကြွယ်ကြီးသည် မကြားချင်ယောင် ဆောင်နေသော် လည်း ရွှေအက ထပ်ခါထပ်ခါ ကန်တော့ဆိုလိုကြောင်း ပြောနေ၍ သူကြွယ် ကြီးလည်း ဒေါသဖြစ်ကာ -

'ကဲ ကန်တော့ချင်အုံးကွာ၊ ကန်တော့ ချင်အုံးကွာ' ဟု ရွှေအကို ထထောင်းလေတော့၏။ ရွှေအသည် ကြောက်လန့်စွာဖြင့် -

'ကျွန်တော် ပိုးပုဆိုးလိုချင်လို့ ပြောမိတာပါ။ လေမလည်ရင်လဲ နေပါ တော့ဆရာ' ဟု အော်ဟစ်လေသည်။

ဆောင်ပုဒ် -

အလိုက်မသိ
ထိုတပည့်
မရှိကျက်သရေ။

# ကဗျာအစပ်ကောင်းသော အမတ်ကြီး

ရှေးအခါက တိုင်းပြည်တစ်ပြည်၌ ကဗျာဆရာတစ်ယောက်သည် ကဗျာအစပ်တော်၍ ဘုရင်က နန်းတွင်းစာဆိုအဖြစ် ခန့်ထားလေ၏။ အမတ်ကြီးတစ်ဦးမှာ ထိုကဗျာဆရာအား နန်းတွင်းစာဆိုအဖြစ် ခန့်ထားသည်ကို မနှစ်သက်၍ 'ကဗျာစပ်တာ ခက်လွန်းလို့ဗျာ' ဟု ခနဲ့လေရာ ဘုရင့်ရွှေနားတော် ပေါက်ကြားသွားလေ၏။ ဘုရင်လည်း ရယ်သွမ်းသွေးတော်မူ၍ 'အမတ်ကြီး၊ ကဗျာတစ်ပုဒ်ကို ကိုယ့်အစွမ်းဖြင့်ရေး၍ နံနက်ညီလာခံတွင် အမတ်ကြီး ကိုယ်တိုင်ရွတ်ပြရမည်။ ကဗျာမရေးသားနိုင်က ရွှေဓားဖြင့် ကွပ်မျက်ခံရမည်' ဟု အမိန့်တော် ချမှတ်လေ၏။ အမတ်ကြီးသည် ညီလာခံမှ ပြန်လာပြီးနောက် စကားမျှမပြောနိုင်ဘဲ ပေရွက်နှင့်ကညစ်ကို ကိုင်ကာ ငိုင်နေ၏။ အမတ်ကြီး၏ ဇနီးသည်က ဘာဖြစ်လို့ ငိုင်နေရသနည်းဟု မေးရာ၊ အမတ်ကြီးက ကဗျာမစပ်တတ်၍ ငိုင်နေကြောင်း ဖြေကြားလေ၏။ အမတ်ကြီး၏ ဇနီးသည်က 'ကဗျာဆိုတာ မြင်တွေ့တာထည့်စပ်လျှင် ကောင်းသည်ဟု ပြောသံကြားဖူးပါသည်' ဟု ဆိုရာ အမတ်ကြီးသည်လည်း တွေ့မြင်သမျှ ကဗျာစပ်ရန် တစ်ညလုံးမအိပ်ဘဲ ထိုင်စောင့်နေလေ၏။

အလင်းရောင် ဝင်းပြောင်ချိန်တွင် ကြက်များတွန်သံကို ကြားမှ အမတ်ကြီးသည် ကဗျာအစတစ်လုံးကို စတင်ရေးနိုင်လေ၏။ ထို့နောက် ရွှေ

နန်းတော်ကြီးမှ စည်တော်ရိုက်တီးသံကို ကြားရသဖြင့် ကာရန်၌ တစ်ခုရပြန်၏။ သို့သော် နံနက်မိုးသောက် အလင်းရောင်ပြီဖြစ်၍ ကဗျာတစ်ပိုင်းတစ်စဖြင့်ပင် ညီလာခံဝင်ရန် ရွှေနန်းတော်သို့ သွားရောက်ရာ လမ်းတွင် ရပ်ကြီးသူတို့ ဗျာဆံဝိုက်ကလေးများနှင့် သွားကြ လာကြသည်ကို တွေ့၍ ကဗျာတွင် ဖြည့်သွင်းပြန်၏။ ရွှေနန်းတော်သို့ ရောက်ခါနီး၌ ချဉ်ပေါင်ရွက်သည်များနှင့် တွေ့ဆုံ၍ ကဗျာတွင် ထပ်မံဖြည့်သွင်းလေ၏။ နန်းတော်ထဲဝင်ခါနီး၌ ခွေးနှစ်ကောင်ကိုက်သည်ကို မြင်လျှင် ကဗျာကို အဆုံးသတ်လေတော့၏။

ညီလာခံဖွင့်လျှင်ဖွင့်ချင်း ဘုရင်မင်းမြတ်က 'အမတ်ကြီး ကဗျာစပ်ဆိုပြီးပြီလား။ ကိုယ်တိုင် ရွတ်ဆိုပေတော့' ဟု မိန့်ကြားတော်မူလေ၏။ အမတ်ကြီးသည် ပေရွက်ကိုကိုင်၍ -

'လင်းကြက်ကဆော်
စည်တော်ကရိုက်တီး
ရပ်ကြီးသူ ဗျာဆံဝိုက်ကယ်နှင့်
ရွှေချဉ်ပေါင် ခေါင်းမှာရွက်တယ်
ကွယ်. . . ခွေးနှစ်ကောင်ကကိုက်'။

ညီလာခံတစ်ခုလုံး ဣန္ဒြေမဆောင်နိုင်ဘဲ ရယ်မောကြလေ၏။

ဆောင်ပုဒ် -

ကဗျာဟူသည်
ကာရန်ညီ
ထို၍မမှတ်ရာ။

# တောက်တဲ့ဟောလို့ နောကျေနေပြီ

အထက်အညာမှာ လှေတစ်စင်း အောက်အရပ်သို့ စုန်ဆင်းလာရာ ဆိပ်ကမ်းတစ်ခုတွင် ဝင်နားလေ၏။ ထိုအချိန်၌ ကမ်းနားတွင် ပေါက်နေသော သစ်ပင်တစ်ပင်ပေါ်မှ တောက်တဲ့တစ်ကောင် အော်ရာ၊ လှေသူကြီးသည် မိုးကျမလား၊ လေကျမလား သိလိုသည်နှင့် 'တောက်တဲ့၊ တောက်တဲ့' ဆိုတိုင်း မိုးလား၊ လေလားဟု လိုက်ဆိုရာ၊ လေကျမလားဟု ဆိုအပြီး၌ တောက်တဲ့အော်သံလည်း ရပ်သွားလေတော့၏။ လှေသူကြီးက လှေထိုးသားများအား 'လေကျလိမ့်မယ်၊ လှေအသင့်ပြင်ထားဟေ့' ဟု ဆို၍ မကြာမီ လေကျလာလေ၏။

နောက်တစ်နေ့၌ ၎င်းအညာလှေသည် ဆက်လက်စုန်ဆင်းသွားရာ၊ အခြားဆိပ်ကမ်းတစ်ခု၌ ဝင်နားပြန်၏။ လှေထိုးသားတစ်ယောက်သည် အိမ်၌နေခဲ့သော မိန်းမ ပွဲကြိုက်လွန်း၍ ခရီးထွက်နေစဉ်အတွင်း သူခိုးသူဝှက်စိတ်မချရသဖြင့် ပွဲမကြည့်ရန် မှာထားခဲ့သည်ကို သတိရသောကြောင့် တောက်တဲ့မြည်သံ ကြားလျှင် လှေသူကြီးဆိုသလို မိန်းမပွဲကြည့်မကြည့် တွက်ကြည့်မည်ဟု စိတ်ကူးနေ၏။ ထိုအခိုက် အနီးရှိသစ်ပင်မှ 'တောက်တဲ့၊ တောက်တဲ့' ဟု မြည်ရာ၊ မိန်းမဖြစ်သူ ပွဲကြည့်မကြည့်ကို သိရန်တွက်ကြည့်လျှင် ပွဲကြည့်သည်ဟု ဆိုအပြီး၌ တောက်တဲ့မြည်သံ ရပ်သွားလေ၏။ လှေထိုးသားလည်း အသေအချာ မှာထားလျက်နှင့် မိန်းမပွဲကြည့်သည်ဟု စိတ်ဆိုး၍ ရွာပြန်အရောက်တွင် ဆုံးမရန် ကြုံးဝါးထားလိုက်လေ၏။

ဝင်း အညာလေ့ကြီးသည် အညာကုန်များ ရောင်းချ၍ ကုန်သဖြင့် အောက်ကုန်များကို ဝယ်ခြမ်းပြီး အညာသို့ပြန်တက်လာရာ၊ ရွာသို့ ချောမော စွာ ပြန်ရောက်လာလေ၏။

တောက်တဲ့ ဗေဒင် တွက်ကြည့်ခဲ့သော လှေထိုးသားသည် လှေဆိုက် လျှင်ဆိုက်ချင်း မိမိအိမ်သို့ အမြန်ပြန်သွားပြီး မိန်းမဖြစ်သူကို သိမ်းကျုံးရိုက်လေ ၏။ မိန်းမဖြစ်သူက အပြစ်မရှိဘဲ ဘာကြောင့် ရိုက်ရသနည်းဟု မေးရာ လှေထိုးသားက 'သေသေချာချာ မှာထားလျက်နဲ့ ပွဲကြည့်လို့ရိုက်တာ' ဟု ပြောလေ၏။ မိန်းမဖြစ်သူက 'ဒီတစ်ခါ တကယ် ပွဲမကြည့်ပါဘူး၊ မယုံရင် အိမ်နီးချင်းအားလုံး မေးကြည့်ပါ' ဟုဆိုလျှင် လှေထိုးသားက -

'ငါ့ကို ဘာမှတ်လို့လဲ၊ ညာလို့မရဘူးကွ။ ငါ အကုန်သိတယ်၊ တောက်တဲ့ဟောလို့ နောကျေနေပြီ' ဟု ဆိုလေသတည်း။

ဆောင်ပုဒ် -

လက္ခဏာဗေဒင်
ပညာရှင်
မြော်မြင်ကြည့်ဖို့လို။



## ဥပုသ်စောင့်တတ်မှ နတ်ပြည်ရောက်မည်

တာဝတိံသာ နတ်ပြည်မှ နတ်သမီးတစ်ပါးသည် လူ့ပြည်ကို နတ်မျက်စိနှင့် ကြည့်ရှုသောအခါ လူ့ပြည်တွင် ဝါတွင်းဖြစ်၍ လူအများ ဥပုသ်စောင့်သည်ကို တွေ့ရလေ၏။ ထိုအခါ နတ်သမီးသည် သိကြားမင်းအား 'အရှင် သိကြားမင်း လူ့ပြည်တွင် လူတို့ ဤမျှ ဥပုသ်စောင့်နေကြလျှင် ကုသိုလ်အကျိုးကြောင့် နတ်ပြည်တွင် နေစရာမှ ရှိပါဦးမည်လော' ဟု လျှောက်လေ၏။ သိကြားမင်းက 'ဥပုသ်စောင့်တတ်မှသာ နတ်ပြည်ရောက်မည်။ ဥပုသ်စောင့်သူများထဲက မည်သူ နတ်ပြည်ရောက်မည်ကို သင့်အား လက်တွေ့ပြအံ့' ဟု ဆိုကာ သိကြားမင်းသည် မိမိကိုယ်ကို အသက် ၆၀ ကျော် အဖိုးအိုအသွင် ဖန်ဆင်း၍ နတ် သမီးကိုလည်း အသက် ၁၆ နှစ်ခန့် အပျိုကလေးပမာ ဖန်ဆင်းစေပြီး လူ့ပြည်သို့ ဆင်းသက်လာကြလေ၏။

လူ့ပြည်သို့ရောက်သော် ဥပုသ်သည်များ စုဝေးရာ ကျောင်းများ၊ ဇရပ်များသို့ စုံတွဲခုတ်၍ သွားကြလေ၏။ ဥပုသ်စောင့်သည်ဆိုပြီး စုဝေးဝိုင်းဖွဲ့ကာ သူများအတင်း ပြောနေကြသော မိန်းမဝိုင်းအနီးသို့ ရောက်လျှင် ဥပုသ်သည် မိန်းမများက 'သူငယ်ချင်း ညည်းနဲ့အဖိုးကြီး ဘာတော်သလဲ၊ ညည်းအဖေလား၊ ယောကျ်ားလား' ဟု စပ်စပ်စုစု မေးကြလေ၏။ မိန်းမပျို ယောင်ဆောင်ထားသူ နတ်သမီးက 'အဖိုးကြီးဟာ ကျွန်မခင်ပွန်းပါရှင်' ဟု

ဖြေလျှင် ဥပုသ်စောင့်သည့် မိန်းမများက မေးငေါ့ပြီး 'ကြည့်စမ်းပါဦးတော်၊ ရုပ်ရည်ကလေး သနားကမား ပျို့ပျို့ရွှယ်ရွှယ်ကလေးနဲ့ ဒီသေခါနီး အဖိုးကြီးကိုမှ ယူရသလား။ တကယ်ဆိုရင် ရွယ်တူတန်းတူ ယူရောပေါ့အေ' ဟု မကြားတကြား ပြောကြလေ၏။

ထိုမှတဆင့် ဥပုသ်သည် ယောကျ်ားဝိုင်းအနီးသို့ ရောက်လျှင် 'မလိုက်လိုက်တဲ့ စုံတွဲကွာ၊ အဖိုးကြီးက ကောင်မလေးကို မုန့်ပေးကြိုက်တယ် ထင်တယ်။ ကောင်မလေးတော့ မုဆိုးမဖြစ်မှာ မကြောက်တော့ဘူး' ဟု မကြားတကြား သရော်ကြလေ၏။

ထို့နောက် မည်သူနှင့်မျှ စကားမပြောဘဲ ရေအိုးစင်အနီး ထိုင်နေသော အဖွားအိုတစ်ဦးထံသို့ ရောက်လျှင် မိန်းမပျိုယောင် ဆောင်နေသော နတ်သမီးက 'အဖွား၊ ဒီရေအိုးစင်မှာ ရေရှိတယ်မဟုတ်လား။ ကျွန်မခင်ပွန်းသည် ရေဆာလို့ပါ' ဟု ဆိုလေ၏။ အဖွားအိုက 'ရှိပါတယ် သူငယ်မရယ်၊ သဘောရှိသောက်ပါ၊ အဖွားကိုယ်တိုင်ပဲ ကုသိုလ်လိုချင်လို့ ရေလဲထားတာပါ' ဟု ပြောပြီးမှ 'အော် . . . မောင်ကြီးက သူငယ်မ ခင်ပွန်းသည်ကို. . .၊ ဒီလိုပေါ့အေရယ် . . .၊ ရှေးက ရေစက်ဆိုတာ အမျိုးမျိုး ဆုံဆည်းရတာပဲ။ စိတ်ကောင်းကောင်းထားပြီး ဖခင်နှင့်တူသော ခင်ပွန်းရယ်လို့ သဘောထားရတာပဲ။ ရိုရိုသေသေ လုပ်ကိုင်ကျွေးပါ့ကွယ်' ဟု ပြောလေ၏။

နတ်ပြည်သို့ပြန်လာသောအခါ သိကြားမင်းက -

'ဥပုသ်စောင့်တဲ့ သူကတော့ များပါရဲ့၊ စေတနာက မသန့်ကြဘူး၊ ဒါကြောင့် နောက်ဆုံးတွေ့တဲ့ အဖွားကြီး တစ်ယောက်ပဲ နတ်ပြည် ရောက်နိုင်တယ်လို့ ဆိုတာ'

ဟု နတ်သမီးအား မိန့်ကြားလေသတည်း။

ဆောင်ပုဒ် -

သီလမရှိ
သီလရှိ
မျှော်ကြည့်တာဝတိံ။

## စက်တော်ခေါ်သော တောသား

ရှေးအခါက တိုင်းပြည်တစ်ပြည်မှာ ဘုရင်တစ်ပါးသည် တောလိုက်ဝါသနာပါ၍ တောကစားထွက်တော်မူရာ မျက်စိလည် လမ်းမှားပြီး ကိုယ်ရံတော်များနှင့် ကွဲကာ တောထဲ၌ တစ်ဦးတည်း ကျန်ရစ်တော်မူလေ၏။

ထိုတိုင်းပြည်မှ ဆင်းရဲသား ထင်းခွေယောကျ်ားသည် တောတွင်းထင်းခုတ်သွားရာမှ သစ်ပင်တစ်ပင်အောက်၌ အစာရေစာပြတ်၍ မေ့မောနေသည့် ဘုရင်ကိုတွေ့သဖြင့် မိမိအိမ်သို့ ထမ်းခေါ်လာကာ ကြင်နာယုယစွာ ပြုစုလေ၏။ ဘုရင်မင်းမြတ်လည်း ဆင်းရဲသား ထင်းခွေယောကျ်ား၏အိမ်၌ အနားယူရသဖြင့် အားအင်ပြည့်ဖြိုးလာပြီး နန်းတော်သို့ ကောင်းစွာပြန်လာနိုင်ခဲ့လေ၏။

ဘုရင်သည် အတိဒုက္ခရောက်စဉ် ပြုစု စောင့်ရှောက်ခဲ့သော ဆင်းရဲသား ထင်းခွေယောကျ်ားအား ကျေးဇူးဆပ်သည့် အနေဖြင့် နန်းတော်သို့ ခေါ်၍ ကိုယ်ရံတော်အဖြစ် ခန့်အပ်လေ၏။ သို့ရာတွင် ဆင်းရဲသားမှာ ထီးသုံးနန်းသုံး စကားကို ကောင်းစွာ မပြောဆိုတတ်သည့် အတိုင်း ဘုရင်က စားတော်ကဲအားအပ်၍ ထီးသုံးနန်းသုံး စကားကို သင်ကြားစေ၏။

ဆင်းရဲသားက ဘုရင်အိပ်နေသည်ဆိုလျှင် စားတော်ကဲက ဘုရင်အိပ်သည်ဟု မပြောရ၊ ဘုရင် စက်တော်ခေါ်ရသည်ဟု ပြောရန် သင်ပေး၏။

ဆင်းရဲသားက ဘုရင်လမ်းလျှောက်နေသည်ဟု ဆိုလျှင် စားတော်ကဲက ဘုရင် လမ်းလျှောက်သည် မပြောရ၊ ရွှေစကြာဖြန့်ချီသည်ဟု ပြောရန် မှာကြားထား၏။

တစ်နေ့၌ စားတော်ကဲက 'ဘုရင်မြင်းမြတ်အတွက် ပုံ့သကူသား သွားဝယ်အုံးမယ်' ဟု ဆိုကာ ဈေးသို့သွား၍ ကြက်သေတစ်ကောင်ကို ဝယ်ရာတွင် ဆင်းရဲသားသည် ကြက်ကို ပုံ့သကူခေါ်သည်ဟု မှတ်ထားလိုက်၏။ တစ်ခါသော် ဘုရင်မင်းမြတ်က လိပ်သား စားလိုသည်ဟု စားတော်ကဲအား မှာကြား၍ စားတော်ကဲက ဈေးမှ လိပ်အရှင်တစ်ကောင်ကို ဝယ်ယူလာခဲ့လေ၏။ ထို့နောက် စားတော်ကဲက လိပ်က နောက်တစ်နေ့မှ ချက်မည်၊ ယနေ့ည သိမ်းထားပါဟု ဆင်းရဲသားအား အပ်ထားလိုက်လေ၏။

ဆင်းရဲသားသည် လိပ်ကို တစ်ညလုံး ထိုင်စောင့်ကြည့်နေ သော်လည်း အိပ်ငိုက်လွန်း၍ လင်းကြက်တွန်သံကြားလျှင် အိပ်ပျော်သွားရာ နိုးလာသည့်အခါ လိပ်မှာပျောက်နေတော့၏။ စားတော်ကဲက မင်းဒဏ်သင့်မည်စိုး၍ ဘုရင်အား ဆင်းရဲသား၏ ပေါ့လျော့မှုကြောင့် လိပ်ပျောက်သွားသည်ကို လျှောက်တင်လေ၏။ ဘုရင်က ဆင်းရဲသားအား ဘယ်အတွက် လိပ်ပျောက်ရသည်ကို ခေါ်ယူမေးမြန်းရာ ဆင်းရဲသားက -

'မှန်ပါ၊ လိပ်ကို ကျွန်တော်မျိုး တစ်ညလုံး စောင့်ကြည့်နေပါတယ် ဘုရား၊ မိုးလင်းခါနီး ပုံ့သကူအော်သံ ကြားတာနဲ့ ငိုက်ပြီး စက်တော်ခေါ်မိပါတယ်။ နိုးလာတော့ လိပ်ကြီး ဘယ်ကို ရွှေစကြာဖြန့်ချီမှန်း မသိကြောင်းပါဘုရား'

ဟု လျှောက်တင်ရာ၊ ထီးသုံးနန်းသုံးစကား သင်နေသော ဆင်းရဲသားအား အပြစ်မတင်နိုင်ဘဲ ဘုရင်က ရယ်မော၍ ခွင့်လွှတ်ရလေ၏။

ဆောင်ပုဒ် -

နန်းတွင်းစကား
အရပ်သား
အမှားရှိမည်သာ။

## ပွတ်(ရှ)ဟင်းဒေါင်း

မြို့တစ်မြို့၌ မောင်သာလွန်နှင့် မောင်ရည်မွန်ဟူ၍ စာပေ ဗဟုသုတ လိုက်စားသူ ကျောင်းသား နှစ်ဦးရှိ၏။ မောင်သာလွန်မှာ ရာဇဝင် ဝါသနာပါသူဖြစ်၍ မောင်ရည်မွန်မှာ မြန်မာစာပေကို စိတ်ဝင်စားသူ ဖြစ်၏။

တစ်နေ့သော် မောင်သာလွန်နှင့် မောင်ရည်မွန်တို့ တွေ့ဆုံကြရာ၊ မောင်ရည်မွန်က 'ဒါထက် မိတ်ဆွေ ရန်ကုန်မြို့တော်မှာ ရှိတဲ့ ရပ်ကွက်တစ်ခုကို ပုဇွန်တောင်လို့ ဘာကြောင့်ခေါ်တာလဲ၊ သိရဲ့လား' ဟူ၍ မေးလေ၏။ မောင်သာလွန်က ရာဇဝင်ဝါသနာထုံသူ ပီပီ 'ဒီလိုလားဗျ၊ ဆံတော်ခိုးတဲ့ တရုတ်မောင်ကန် ရာဇဝင်ကြားဖူးမှာပေါ့။ အဲဒီသမိုင်းအရ ဒီနေရာမှ ပုဇွန်လက်မကြီးတစ်ခု ထောင်နေတာတွေ့ရလို့ ပုဇွန်တောင်လို့ ခေါ်တယ်လို့ အဆိုရှိတယ်။ ဒီအဆိုကို ကျုပ်ထောက်ခံတယ်ဗျ' ဟု ဖြေလေ၏။

မောင်ရည်မွန်က မြန်မာစာပေ စိတ်ဝင်စားသူ ဖြစ်၍ 'ဘယ်ဟုတ်ရမလဲဗျ၊ ပုဇွန်တောင်ဆိုတာ သတ်ပုံမှားနေတယ်။ ပန်းစွန့်တောင် ရေးမှ မှန်တယ်။ ရှေးအခါက ဒီနေရာမှာ ရွှေတိဂုံဘုရားကြီးက ပန်းတွေလာစွန့်တာ တောင်ကြီးလို ဖြစ်နေတယ်။ ဒါကို အစွဲပြုပြီး ပန်းစွန့်တောင်၊ နောက်မှ ကာလရွေ့လျားပြီး ပုဇွန်တောင်ဖြစ်လာသဗျ' ဟု ဆိုလေ၏။

မောင်သာလွန်နှင့် မောင်ရည်မွန်မှာ သူမှန်သည်၊ ငါမှန်သည် ငြင်းခုံကြရင်း အဆုံးအဖြတ်ခံယူရန် မိမိတို့ စာသင်ကြားနေသည့် ကျောင်းဆရာကြီးထံ သွားလေ၏။ ဆရာထံသို့ရောက်လျှင် အကျိုးအကြောင်း ပြောပြကာ အဆုံးအဖြတ်ပေးပါရန် ဆရာကြီးအား တောင်းပန်လေ၏။ ဆရာကြီးမှာ အင်္ဂလိပ်စာပေကို နှစ်သက်သူဖြစ်၍

'မင်းတို့ဟာ တစ်ခုမှမမှန်ဘူး၊ နှစ်ယောက်စလုံးမှားတယ်။ အမှန်က အင်္ဂလိပ်ရေတပ် သင်္ဘောတွေ ပုဇွန်တောင်ချောင်းထဲ ကျောက်ချပြီး ရန်ကုန်သိမ်းဖို့ စီစဉ်နေတုန်းမှာ သတ္တိရှိတဲ့ ဗမာတွေက သင်္ဘောပေါ်ကို တက်တိုက်တယ်။ ဒီအခါမှာ သင်္ဘောပေါ်တက်လာတဲ့ ဗမာတွေကို 'ပွတ်(ရှ)ဟင်းဒေါင်း' လို့ ခေါ်ရာက ပုဇွန်တောင်လို့ ခေါ်တာပဲ' ဟု ပြောလိုက်လေသတည်း။

ဆောင်ပုဒ် -

အမြင်သုံးချက်

အတွဲခက်

ကိုယ့်ဘက်ကိုယ်အားသန်။

# မယ်ဗမာ့အဖေ စိတ်ကူးယဉ်ပုံ

ဘိုးသူတော်တစ်ပါးသည် နေ့စဉ် ဆွမ်းဆန်ဝတ်ခံသူ ဖြစ်၏။ ဘိုးသူတော်သည် စိတ်ကူးယဉ်တတ်သူဖြစ်၍ ဆွမ်းဆန်ဝတ်သာ ခံသော်လည်း စိတ်မှာ တွေးတောလိုသည်ကို တသီတမောကြီး တွေးတောပြီးမှ ကျောင်းသို့ ပြန်လေ့ရှိ၏။

တစ်နေ့၌ ဘိုးသူတော်သည် ဆီသည်အိမ်တစ်အိမ်မှ ဆွမ်းခံပြီး နှုတ်မှ တတွတ်တွတ်မြည်ကာ ထွက်သွားသဖြင့် အိမ်ရှင်ဆီသည် ဒကာမကြီးသည် ဘိုးသူတော် ဘာပြောသည်ကို သိလို၍ ဆီအိုးကိုရွက်ပြီး ဘိုးသူတော်၏ နောက်မှ တိတ်တိတ် ကပ်လိုက်ပြီး သွားလေ၏။

ဘိုးသူတော်သည် နှုတ်မှ 'လာမယ့်သီတင်းကျွတ်ဆိုရင် ငါလူဝတ်လဲမယ်။ နောက်ပြီး အလုပ်တစ်ခုရှာလုပ်ပြီး မိန်းမယူမယ်။ သမီးလေးမွေးလာရင် မယ်ဗမာလို့ မှည့်ခေါ်မယ်။ ညနေတိုင်း ခေါင်းပေါင်းပေါင်းပြီး ငါခြင်းခတ်မယ်။ထမင်းစားချိန်ကျလို့ ငါ့မိန်းမက ငါခြင်းခတ်တာကိုလိုက်လာပြီး ထမင်းစားခေါ်ရင် ခဏနေအုံး၊ မယ်ဗမာ့ အမေရေ။ ငါစလွယ်ဝိုက်လိုက်အုံးမယ် ဆိုပြီးတော့မှ နောက်ပေါက် ပေါက်ပြလိုက်မယ်' ဟု တတွတ်တွတ်ပြောပြီး ခြေထောက်ကို အမှတ်မဲ့ နောက်ပေါက်ပေါက်လိုက်ရာ နောက်မှကပ်လိုက်လာသော ဆီသည် ဒကာမကြီးကို ခတ်မိ၍ ဒကာမကြီး၏ ဆီအိုးမှာ ကျ၍ကွဲသွားလေ၏။

ဆီအိုးသည် ဒကာမကြီးသည် သူ၏ဆီအိုး ကွဲသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ကာ

'အမယ်လေး အရပ်ကတို့ရဲ့၊ မယ်ဗမာ့အဖေ စိတ်ကူးယဉ်ပုံ ကောင်းလွန်းလို့ ကျုပ်ဆီအိုးကွဲပါပေါ့'

ဟု အော်ဟစ် ငိုလေရာ ဖိုးသူတော်လည်း ရှက်ရှက်ဖြင့် သပိတ်ချ၍ ထွက်ပြေးလေသတည်း။

ဆောင်ပုဒ် -

မဆင်မခြင်
စိတ်ကူးယဉ်
အမြင်မလှပ။

# အကြံပိုင်သော လှေသူကြီး

ရှေးအခါက ဘုရင်တစ်ပါးသည် နယ်စွန်နယ်ဖျား၌ ပုန်ကန်ထကြွနေသည့် သောင်းကျန်းသူများကို ကိုယ်တိုင်ထွက်၍ တိုက်ခိုက် နှိမ်နင်းတော်မူရာ မအောင်မြင်ဘဲ ကစဉ့်ကလျား ထွက်ပြေးရလေ၏။ ထိုအခါ ဘုရင့်ကျေးဇူးတော်ကို စောင့်သိရှိသေသော အရပ်သားတစ်ယောက်သည် ဘုရင်အား မိမိ၏ ကျောကုန်းနှင့် ထမ်း၍ပြေးသောကြောင့်သာလျှင် ဘုရင်သည် အသက်ချမ်းသာရလေ၏။ များမကြာမီ ဘုရင်သည် စစ်သည်အင်အား တိုးချဲ့၍ သူပုန်များကို ထပ်မံနှိမ်နင်းပြန်မှ အောင်မြင်တော်မူပြီး နိုင်ငံအလုံးလည်း ငြိမ်းချမ်းသာယာ၍ ဘုရင်လည်း စိတ်ချမ်းသာစွာ ခံစားရလေ၏။

ဘုရင်သည် အသက်ကို ကယ်တင်ခဲ့သော အရပ်သားအား ခေါ်ယူတော်မူ၍ ကျေးဇူးသိသည့်အနေဖြင့် ဆိပ်ကမ်းမြို့တစ်မြို့၌ အကောက်ဝန်အဖြစ် ခန့်ထားလိုက်လေ၏။ အရပ်သားသည် အရှင်မွေးတော့ နေ့ချင်းကြီး ဆိုသကဲ့သို့ ဘုရင် မြှောက်စားတော်မူ၍သာ အကောက်ဝန် ဖြစ်လာရသည်။ စာလုံးဝမတတ်ချေ။ သို့ရာတွင် လုပ်ငန်းဆောင်တာများကို အောက်လက်ငယ်သားများ အကူအညီဖြင့် ကောင်းစွာဆောင်ရွက် နိုင်လေသည်။

တစ်နေ့သော် လှေသူကြီးတစ်ယောက်သည် ငယ်သားနှစ်ဦးနှင့်အတူ အကောက်ဝန် လှေဆိပ်သို့ ဆိုက်ကပ်လာလေ၏။ ထိုအခါ အကောက်ဝန်

မင်းက လေ့သူကြီးအား ကင်းထောက်စာ ပါမပါစစ်ဆေးရာ ပါရှိကြောင်း ပြန်ကြား လျှောက်တင်လေ၏။ ထိုအချိန်တွင် အကောက်ဝန်မင်း၏ လက်အောက်ရှိ စာရေးစာချီ အစရှိသည့် ငယ်သားတပည့်များမှာ တစ်ဦးမျှ မရှိဘဲ မြို့ပေါ်တက်သည်နှင့် ကြုံကြိုက်နေ၍ အကောက်ဝန်မင်းက လေ့သူကြီးအား 'ကင်းထောက်စာကို မောင်မင်းပဲ ဖတ်ပြပေတော့' ဟု လွှဲလိုက်လေ၏။

လေ့သူကြီးမှာလည်း ၎င်းကိုယ်တိုင်နှင့် နောက်ပါ တပည့်နှစ်ယောက်ပါ စာမတတ်သူများဖြစ်၍ ကင်းထောက်စာ ဖတ်ပြရန် အခက်ကြုံနေ၏။ သို့ရာတွင် စာမတတ်သူ ဟူ၍လည်း မပြောလိုသဖြင့် လေ့သူကြီးသည် မာန်ပါပါဖြင့် စာရွက်ကိုဖြန့်ကာ -

'ဘောဒေဝပုတ္တ- အိုကင်းဝန်မင်း ကင်းထောက်မျှုးတို့၊ ဗလာနံ - ဤလေ့သူကြီး တစ်၊ လေ့ထိုးသား နှစ်တို့အား၊ ယာအသေဝနာစ-ကင်းထောက်စာ ရရှိသဖြင့် အထက်မြို့ ကျေးရွာမှ အောက်မြို့ ကျေးရွာများသို့ စုန်ရမည်ပါ ဘုရား'

ဟူ၍ ဖတ်ပြလိုက်လေ၏။

စာမတတ်သော အကောက်ဝန်မင်း ကလည်း 'အေးပါကွာ စစ်ရိုးစစ်စဉ်မို့သာ စစ်လိုက်ရတာပါ၊ သွားပေတော့၊ သွားပေတော့' ဟု ပြောလေသတည်း။

ဆောင်ပုဒ် -

စာပေမတတ်
အငှားဖတ်
လူနတ်မနှစ်မြို့။



## သူကျစ်တာလေ

လွတ်လပ်ရေး မရရှိမီခေတ်က အလွန်အမဲလိုက် ဝါသနာပါသော မျက်နှာဖြူ အရေးပိုင် တစ်ယောက်ရှိ၏။ တစ်နေ့၌ ထိုမျက်နှာဖြူ အရေးပိုင်သည် ရွာ တစ်ရွာသို့ရောက်ရှိလျှင် တောလိုက်ရန် စီစဉ်လေ၏။

နောက်တစ်နေ့၌ အရေးပိုင်သည် သူကြီးနှင့် ရွာသားအချို့ကို ခေါ် ယူ၍ အမဲပစ်ရန် ထွက်ခဲ့လေ၏။ တောထဲသို့ ရောက်ရှိလျှင် အရေးပိုင်သည် ရွာသားများကို တောခြောက်ခိုင်းပြီး သူကိုယ်တိုင် အမဲပစ်သေနတ် တစ်လက် ကိုင်၍ သူကြီးအားလည်း အမဲပစ်သေနတ်တစ်လက် ဆွဲစေကာ အမဲပစ်ရန် စောင့်စားနေကြလေ၏။ ရွာသားများသည် တောခြောက်လွှတ်ရာ ထွက်ပြေး လာသော အမဲကောင်များကို အရေးပိုင်နှင့် သူကြီးသည် အမဲပစ်သေနတ် များဖြင့် ပြိုင်တူပစ်လိုက်၍ မည်သူ့လက်ချက်နှင့် ထိသည်မသိ။ အမဲတစ် ကောင် ရတိုင်း မျက်နှာဖြူအရေးပိုင်က 'ငါကျစ်တာ၊ ငါကျစ်တာ' ဟု အမြဲ ကြွားဝါလေ့ရှိ၏။ ထို့နောက် မျက်နှာဖြူ အရေးပိုင်သည် ပစ်ရသော အမဲ ကောင်ကို ခြေတစ်ဖက်တင်ကာ ဓာတ်ပုံ အရိုက်ခံလေ့ ရှိလေသည်။

တစ်ခါသော် မျက်နှာဖြူ အရေးပိုင်သည် သူကြီးနှင့် ရွာသားများကို ခေါ်ယူ၍ တောနက်ပိုင်းသို့ အမဲပစ်ရန် ထွက်ခွာခဲ့လေ၏။ ရွာသားများလည်း ဟိုဘက်သည်ဘက်မှ အုတ်အုတ်ကျက်ကျက် တောခြောက်လိုက်ရာ မျက်နှာ

ဖြူအရေးပိုင်နှင့် သူကြီးတို့သည် အသင့်ပြင်ထားသော သေနတ်ဖြင့် လှုပ်ရှားနေသော အမဲတစ်ကောင်ကို ပြိုင်တူပစ်လိုက် ကြလေ၏။ တောကောင်သည် သေနတ်ထိ၍ မဲကနဲ ကျသွားသည်ကို မြင်လိုက်တိုင်း အရေးပိုင်သည် သေနတ်ကြီးကို မြှောက်ပြီး 'နာကျစ်တာ၊ နာကျစ်တာ' ဟု အော်ပြေးရာ သူကြီးနှင့် ရွာသားများလည် အရေးပိုင်နောက်သို့ စုပြုံလိုက်ကြလေ၏။

မဲကနဲ ကျသွားသော ချုံစပ်သို့ရောက်သည့်အခါ သေနတ်ထိနေသည်မှာ အမဲကောင်မဟုတ်ဘဲ တောခြောက်သည့် ရွာသားတစ်ယောက် ဖြစ်နေ၍ မျက်နှာဖြူအရေးပိုင်လည်း လန့်သွားပြီး 'သူကျစ်တာ၊ သူကျစ်တာ' ဟု သူကြီးအား လက်ညှိုးထိုးပြလေသတည်း။

ဆောင်ပုဒ် -

အပြစ်တွေ့လျှင်
ငယ်သားပင်
အရင်ဒဏ်ခံရ။



## ကျုပ်တောင် ရူးချင်လာပြီ

တံတားလေး စိတ္တဇဆေးရုံသို့ လူကြီးတစ်ယောက်ကို လူတစ်စုက ရူးသည်ဟု ခေါ်လာ၍ ဆရာဝန်ကြီးထံ အပ်လေ၏။ ဆရာဝန်ကြီးမှာ ထိုအရူးဆိုသူကို အကဲခတ်ကြည့်ရာ ရူးပုံမပေါ်၊ လူကောင်း ပကတိကဲ့သို့ ရှိနေ၍ တစ်နေ့တော့ စုံစမ်း စစ်ဆေးမည်ဟူ၍ စိတ်ကူးကာ ဘာမျှမမေးမြန်း မပြောဆိုဘဲ လက်ခံ ထားလိုက်လေ၏။

ဆရာဝန်ကြီးသည် လေးငါးရက်ခန့် ထိုသူအား အကဲခတ်ကြည့်ရာ လူကောင်းပကတိ ရှိသဖြင့် ထိုအရူးဆိုသူအား စစ်ဆေးရန် မိမိအခန်းသို့ ခေါ်လိုက်လေ၏။ အရူးဆိုသူ လူကြီးမှာလည်း ကောင်းမွန်စွာ လိုက်လာပြီး ဆရာဝန်ကြီး ညွှန်ပြသော ကုလားထိုင်တွင် ဣန္ဒြေရစွာ ထိုင်လိုက်ကာ 'ကျွန်တော့်ကို ဘာအတွက် ခေါ်ပါသလဲ ခင်ဗျာ' ဟု ချေချေငံငံ ပြောဆိုလေ၏။ ဆရာဝန်ကြီးမှာလည်း အံ့အားသင့်သွားပြီး 'ခင်ဗျား မရူးပါဘူး၊ ဘာဖြစ်လို့ ဒီဆေးရုံ ရောက်လာရတယ် ဆိုတာ ပြောစမ်းပါအုံး' ဟု မေးလေ၏။

သူရူးဆိုသူ လူကြီးက -

'ဒီလိုပါ ခင်ဗျာ၊ ကျွန်တော့် အဖေဟာ မုဆိုးဖို ခင်ဗျ၊ ကျွန်တော် မိန်းမရတော့ မုဆိုးမကြီးနဲ့ ခင်ဗျ။ အသက်က ကျွန်တော့် အမေလောက်ရှိ တယ်။ သူ့မှာ အရင်ယောကျ်ားနဲ့ရတဲ့ သမီးပျို သုံးယောက်ပါတယ်။ အဲဒီ

သုံးယောက်ထဲက အကြီးဆုံးသမီးဟာ ကျွန်တော့် အဖေနဲ့ရတယ်။ ဒီတော့ ကျွန်တော့် အဖေဟာ ကျွန်တော့ မယားပါသမီးကိုယူလို့ ကျွန်တော့် သားမက် လဲဟုတ်၊ ကျွန်တော့် အဖေလဲဟုတ်တယ်။ နောက်ပြီး ကျွန်တော့ မယားပါ သမီးဟာ ကျွန်တော့်ရဲ့ သမီးလဲဟုတ်၊ နောက်ပြီး ကျွန်တော့အဖေနဲ့လဲ ရလို့ ကျွန်တော့ရဲ့ မိထွေးလဲဟုတ်။ ကျွန်တော့် မယားဘက်ကကြည့်ယင် သူ့သမီး ဟာ ကျွန်တော့်အဖေရဲ့ မယားဖြစ်နေလို့ ကျွန်တော့်အဖေဟာ ကျွန်တော့် မယားရဲ့ သားမက်လဲဟုတ်။ သူ့ကို ကျွန်တော်ယူထားလို့ ကျွန်တော့်မယားဟာ ကျွန်တော့်အဖေရဲ့ ချွေးမလဲဟုတ်။ သမီးကို ယူထားတဲ့အတွက် ယောက္ခမ လဲဟုတ်။ ဒီအထဲ ကျွန်တော့်အစ်ကိုက ကျွန်တော့်မယားပါ ဒုတိယသမီးကို ပြန်ယူထားတော့ သူဟာ ကျွန်တော့ အစ်ကိုလဲဟုတ်၊ ကျွန်တော့် သားမက် လဲဟုတ်၊ ကျွန်တော့် အစ်ကိုနဲ့ ကျွန်တော့်အဖေဟာ မယားညီအစ်ကိုလဲဟုတ်၊ သား အဖလဲဟုတ်။ ဒီလိုနဲ့ ကျွန်တော်ရယ်၊ ကျွန်တော့်အစ်ကိုရယ်၊ ကျွန်တော့် အဖေရယ်က မွေးလာတဲ့ ကလေးတွေဟာ သူတို့အချင်းချင်း ဘာတော်တယ်၊ ညာတော်တယ်နဲ့ လျှောက်တွက်နေတုန်း”. . . ဟု ဆိုစဉ် ဆရာဝန်ကြီးက ‘တော်ပါတော့ဗျာ၊ ခင်ဗျားအဖြစ်ကြားရတာ ကျုပ်တောင် ရူးချင်လာပြီ’ဟု ပြောလေသတည်း။

ဆောင်ပုဒ် -

စိတ်ထားမရူး
စကားရူး
လူထူးမခံနိုင်။

# လင်းမြွေ မြည်တာကွ

ရှာသားနှစ်ယောက်သည် ထင်းခုတ်ရန် တောသို့သွားရောက်ရာ ညောင်ပင်ခေါင်းထဲမှ 'တောက်တဲ့-တောက်တဲ့' ဟု မြည်သံကို ကြားရ၏။ တစ်ယောက်သောသူက 'ဟေ့ သူငယ်ချင်း၊ အခုမြည်တာ ဘာကောင်လဲ' ဟု မေးရာ အခြားတစ်ယောက်က 'အခုမြည်တာ လိပ်ပေါ့ကွ' ဟု ပြောလေ၏။ တစ်ယောက်သောသူက 'ဘယ်ဟုတ်မလဲကွ၊ အခုမြည်တာ ဖွတ်' ဟု ပြောသဖြင့် အငြင်းအခုံ ဖြစ်ကြလေ၏။

ရှာသားနှစ်ယောက်သည် 'သူ မှန်သည်၊ ငါ မှန်သည်' ဟု ငြင်းခုံကြရင်း အဆုံးအဖြတ်ပေးရန် ရွာဦးဘုန်းကြီးကျောင်းသို့ သွားလေ၏။ ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ ကျောင်းထိုင်ဘုန်းကြီး မရှိ၍ ကပ္ပိယဖြစ်သော ဦးသူတော်ကို အငြင်းအခုံ ဖြစ်သည့် ပြဿနာအား တင်ပြကာ အဆုံးအဖြတ်ပေးရန် တောင်းပန်လေ၏။

ဦးသူတော်က 'ညောင်ခေါင်းထဲက တောက်တဲ့၊ တောက်တဲ့ လို့ မြည်တဲ့ အကောင်ဟာ လိပ်မဟုတ်ဘူး၊ ဖွတ်ဆိုတာလဲ မှားတယ်။ ဘာကောင်လဲ သိချင်ရင် အကျီချွတ်ကြ' ဟု ဆို၏။ ထို့နောက် ဦးသူတော်သည် ရွာသားနှစ်ယောက်ကို ဘေးဘက်ကုန်းခိုင်းပြီး ကြိမ်လုံးနှင့် ကျောကိုချကာ 'မှတ်ထား၊ အဲဒါ လင်းမြွေမြည်တာ' ဟု ပြောကာ ပြန်လွှတ်လိုက်လေသတည်း။

ဆောင်ပုဒ် -

လူနုံလူအ
လူဗာလ
လူဝွနိုင်စမြဲ။

## ရုက္ခစိုးနှင့် မိန်းမကြမ်း

ရွာတစ်ရွာ၌ လင်မယား နှစ်ယောက်ရှိလေ၏။ လင်မှာ စိတ်ကောင်းရှိပြီး သဘောထား ပြည့်ဝသလောက် မယားဖြစ်သူမှာ လင်ကို အရိုအသေ မရှိ။ အစစအရာရာတွင် အနိုင်ကျင့်ပြီး ဩဇာပေးတတ်သော မိန်းမကြမ်းဖြစ်၏။ မယားဖြစ်သူက 'ငါဈေးရောင်းသွားမယ်။ အိမ်မှာ ရေအပြည့်ခပ်ထား၊ ထင်းလဲ ခွဲဦး၊ နောက်ပြီး ထမင်းချက်၊ ကြွေးလဲ လိုက်တောင်း' ဆိုရာ ယောက်ျားဖြစ်သူသည် မိန်းမ မှာကြားသမျှ အကုန်လိုက်လုပ် ထားရလေ၏။

တစ်နေ့သော် ယောက်ျားဖြစ်သူသည် မိတ်ဆွေတစ်ယောက်နှင့် လမ်း၌တွေ့၍ မိတ်ဆွေဖြစ်သူက 'သူငယ်ချင်း၊ မင်းပိန်လှချည်လား' ဟု ဆိုရာ 'ပိန်ဆို မိန်းမကြမ်းနဲ့ ရတာကိုးကွ' ဟု ပြောလေ၏။

ထိုအခါ သူငယ်ချင်းဖြစ်သူက ထိုယောက်ျားအား သူ၏ မိန်းမဆိုးပုံ ကို မေးမြန်းပြီး 'ခု မင်းမိန်းမ ဘယ်သွားလဲ' ဟု မေးလေ၏။ ယောက်ျား ဖြစ်သူက 'ငါ့မိန်းမ ဈေးရောင်းသွားတယ်။ သူအပြန်ကို ရွာထိပ်က ညောင်ပင် ကြီးအောက် လာစောင့်ဖို့ မှာသွားလို့ ငါသွားတော့မယ်ကွာ' ဆိုလေ၏။ ထို အခါ သူငယ်ချင်းဖြစ်သူက 'မင်းမိန်းမကို သွားကြိုစရာ မလိုဘူး၊ ငါကြည့် ပြောလိုက်မယ်၊ မင်းသာ အိမ်ကိုပြန်သွားပါ၊ ဒီပြဿနာကို ငါ ဖြေရှင်းပေး မယ်' ဟု ပြောလေ၏။

ယောက်ျားဖြစ်သူလည်း သူငယ်ချင်း၏စကားကို သဘောတူ၍ အိမ် သို့ပြန်သွားလေ၏။ ယောက်ျားဖြစ်သူ၏ သူငယ်ချင်းသည် အနီးရှိ ဇာတ်ဆရာ တစ်ဦးဖြစ်သူ၏အိမ်မှ ရုက္ခစိုး အဝတ်များကို ခေတ္တငှားရမ်း ဝတ်ဆင်ကာ ညောင်ပင်ကြီးပေါ်မှ စောင့်နေလေ၏။


မိန်းမကြမ်းသည် ဈေးရောင်းရာမှ ပြန်လာ၍ ညောင်ပင်အောက်သို့ ရောက်လေလျှင် 'မိန်းမက လာကြိုပါဆိုတာ ခုထက်ထိ လာမကြိုဘူး၊ ဘယ်များ အလေလိုက်နေလဲ မသိဘူး။ လာရင်တော့ အသိဘဲ' ဟု ဆိုလေလျှင် ညောင်ပင်ပေါ်မှ ရုက္ခစိုးဆင်းလာပြီး မိန်းမကြမ်း၏ ပါးစပ်ကို ဘယ်ပြန်ညာပြန် ရိုက်လေ၏။ မိန်းမကြမ်းကြီးက 'အမလေး အမလေး ကြောက်ပါပြီဘုရား' ဟု တောင်းပန်လေရာ ရုက္ခစိုးက 'နင် အခုမှ ကြောက်သလား။ ငါ့ပိုင်နက်ထဲလာလာပြီး စော်ကားတာကြာပြီ။ နောက်ပြီး လင်ကို ခွေးပြောသလို မရိုမသေနဲ့ ခိုင်းတယ်။ နောက်ကို မှတ်ထား။ လင်ကို ရိုသေရမယ်။ ညအိပ်ရာဝင်တိုင်း လင်ကို ဦးသုံးကြိမ်ချအိပ်။ ငါပြောသလို မလုပ်ရင် သေပေတော့။ ညကျ ကြွက်ယောင်ဆောင်ပြီး ငါလာကြည့်မယ်' ဟု ဆိုကာ လွှတ်လိုက်လေ၏။

မိန်းမကြမ်းကြီးသည် အိမ်သို့ပြန်ရောက်လျှင် ယောကျ်ားဖြစ်သူက 'နင် အပြစ်တင်ရင်လဲ ခံရမှာပဲ၊ ဧည့်သည်လာနေလို့ မင်းခိုင်းထားတာ ဘာမှ မလုပ်ရသေးဘူး' ဟု ပြောလေ၏။ မိန်းမကြမ်းကြီးက 'နေပါစေ၊ နေပါစေ၊ ကျွန်မလုပ်ပါမယ်' ဟု ဆို၏။ ယောကျ်ားဖြစ်သူက 'ဒါဖြင့် ငါက ထမင်းချက်လိုက်မယ်' ဟု ပြောပြန်ရာ မိန်းမကြမ်းကြီးက 'နေပါစေ၊ နေပါစေ ကျွန်မချက်ပါမယ်' ဟု ဆိုပြီး ချက်ပြုတ် စားသောက်ကာ ညအိပ်ရာ ဝင်လေ၏။

အိပ်ရာဝင်လျှင် လင်ကိုဦးသုံးကြိမ် ချရမည်ဟု ရုက္ခစိုး မှာကြားလိုက်သည်ကို စဉ်းစားမိ၍ 'ဒီပြင်ဟာထက် သူ့ကို ရှိခိုးရမှာ ခက်တာပဲ။ ငါ ဘယ်တုန်းကမှ အရိုအသေ မပေးခဲ့ဖူးဘူး၊ အခုမှ ရှိခိုးရမယ်ဆိုတော့ ရှက်စရာကြီး' ဟု တွေးတောနေစဉ် အိမ်ခေါင်မိုးပေါ်က ကြွက်က 'ကျွိ-ကျွိ၊ ကျွိကျွိ' ဟု အော်လိုက်ရာ ရုက္ခစိုးကို သတိရပြီး 'အမလေး ရှိခိုးနေပါပြီ ဘုရား၊ ရှိခိုးနေပါပြီ ဘုရား' ဟု ယောကျ်ားဖြစ်သူကို တုန်ယင်စွာ ဦးချလိုက်လေသတည်း။

ဆောင်ပုဒ် -

စိတ်ကူးဆန်းပြား
အံ့ဖွယ်ကျား
မယားကြောက်ရွံ့လာ။



မြန်မာပုံတိုပတ်စများ